www.burmeseclassic.com

# ကိုမောင်စံသိန်း (ဗိုလ်ချုပ်ရွာ)

ရှေ့နေမောင်ပေတော ၈

BURMESE CLASSIC .com

ဥပဒေပညာလိုက်စားသူများ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၂၂၉၀၈၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၄၈၉၁၁၀၈

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၈၊ ဒီဇင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။


တန်ဖိုး – ၁၂၀၀ကျပ်

# မာတိကာ


| စဉ် | စာမူအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အေးလေကွယ် | ၁ |
| ၂။ | ခက်တင်မောင်းနှင်း | ၁၁ |
| ၃။ | အာမခံပေးသနားတော်မူပါ | ၂၀ |
| ၄။ | ရှေ့နေဂုတ်တုတ် | ၃၂ |
| ၅။ | မိခင်နို့ရည်မှမခြောက်ခင် | ၄၃ |
| ၆။ | ဒဏ်ရာ | ၅၂ |
| ၇။ | ဂမ္ဘီရအစွမ်း | ၆၀ |
| ၈။ | ဆူးကိုချိုးတဲ့ဖက် | ၇၀ |
| ၉။ | အာမခံမှာလေရော့သလား | ၇၉ |
| ၁၀။ | ရိမန် | ၈၉ |
| ၁၁။ | မြေမှု | ၉၁ |
| ၁၂။ | ကြမ်းခင်းဈေး | ၁၁၀ |
| ၁၃။ | တရားခံပြေး | ၁၂၂ |
| ၁၄။ | လယ်ယာမြေ | ၁၃၄ |
| ၁၅။ | အမျိုးသမီးများအားအကြမ်းဖက်မှု | ၁၃၅ |


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အေးလေကွယ်

"အပေါက်ကျုံရင်နုတ်လို့ရတယ်၊ စကားကျုံရင်နုတ်လို့မရဘူး" ဆိုတဲ့မြန်မာစကားရှိပါတယ်၊ ဒါဟာ သိပ်မှန်ပါတယ်။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်၊ စီးပွားရေး နယ်ပယ်တွေမှာ စကားတစ်လုံးလွန်ထားရင်၊ တော်တော်ပြဿနာ တက်တတ်တာ ကြုံဖူးကြပါလိမ့်မယ်။ ကျွန်တော်တို့ တရားဥပဒေမှာဆိုပိုဆိုးပါတယ်။ စာတစ်လုံးမှားသွားရင်၊ လွန်သွားရင် ကျုံသွားရင်၊ အမှုတစ်ခုလုံး ရှုံးသွား နိုင်သွားတတ်ပါတယ်။ ဘဝတစ်ခုလုံးကိုလည်း ကောင်းသွားအောင် ဆိုးသွားအောင် အဆုံးအဖြတ် ပေးနိုင်ပါတယ်။ ဘယ်လိုမှ ဟာထေးလို့မရပါဘူး။

ကြည့်လေ ဒီအမှုမှာ –

အဲဒီအမှုမှာ ကျွန်တော်တို့ဘက်က နည်းနည်းကျုပ်တယ်၊ မလွယ်ဘူး။

ဒါလည်း လူရင်း မိတ်ဆွေတစ်ယောက်က အပုကပ်တာ၊ စော်ကားရတဲ့သူက သူ့တူမ၊ သူ့တူမက ရူးတူးတူးပေါ်တောတော၊ လယ်တဲ တစ်တဲမှာ နေတယ်၊ ရွာထဲက လူငယ်တွေနဲ့လည်း နောက်လိုက် ပြောင်





လိုက်ပဲ၊ မကြာခင်မှာဘဲ ကိုယ်ဝန်ရှိလာတယ်။

ကောင်မလေးကို ဘယ်လိုပဲ ချော့မေးမေး၊ ခြောက်မေးမေး၊ ဘယ်သူနဲ့ ဖြစ်တာလဲဆိုတာ မောင်ပိန်နဲ့ပါပဲ ပြောတယ်။

ရွာမှာ မောင်ပိန်ဘက်ကို ယူဖို့ကမ်းလှမ်းပြောဆိုတော့လည်း၊ သူနဲ့မဟုတ်ဘူးလို့ အပြတ်ငြင်းတယ်။

ဒါနဲ့ ရဲစခန်းတိုင်ပြီး အမှုဖွင့်တယ်၊ ရဲကပြစ်မှုပုဒ်မ ၄၁၇ နဲ့တရားစွဲတင်တယ်။

ရုံးရောက်တော့ လူရင်း မိတ်ဆွေက အပုကပ်လို့ ကောင်မလေးဘက်ကရှေ့နေ လိုက်ရတယ်၊ တရားလိုဘက်ကပေါ့။

အမှုကို စစ်ဆေးကြည့်တော့ ကောင်းမလေးဘက်ရဲ့ သက်သေတွေက မခိုင်လုံဘူး ဆိုလိုတာက မောင်ပိန်နဲ့ ဒီကောင်မလေး အသေအချာ ဆက်ဆံတာ၊ ပေါင်းသင်းတာကို ဘယ်သူမှ မျက်မြင်သက်သေမရှိဘူး။ အပေါ်ယံ နောက်တာပြောင်တာလောက်ပဲ မြင်တွေ့တဲ့ သက်သေတွေ ပါတယ်။

ဟုတ်တယ်လေ၊ ဒီလို ကိစ္စမျိုးကလည်း လူမြင်သူမြင် ပြစ်မှားတတ်တာမျိုး မဟုတ်ဘူး၊ သူတို့ဟာ သူတို့ တိုးတိုးတိတ်တိတ် မမြင်ကွယ်ရာမှာ ဖြစ်ကြတာ၊ ဘယ်သူက မြင်မှာလဲ၊ ဒါကြောင့် ကျွန်တော့်ဘက်က မလွယ်ဘူးလို့ ပြောတာ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

၀

ကျွန်တော့်ဘက် တရားလိုဘက်ကပြတဲ့ သက်သေတွေလည်း စစ်လို့ပြီးတော့မယ်၊ တစ်ယောက်ပဲ စစ်ဖို့ကျန်တယ်။

အမှုကလည်း အခြေအနေကောင်း၊ ဥပဒေအရ တရားလိုဘက်က သက်သေထွက်ချက်တွေ မနိုင်မာရင် တရားခံကို လွှတ်လိုက်ရတော့မယ်၊ စွဲချက်မတင်ဘဲ လွှတ်တယ်ခေါ်တယ်။

ဒီတော့ ကျွန်တော့်ကိုအားကိုးတကြီး အမှုအပ်တဲ့ ကျွန်တော့်လူရင်းမိတ်ဆွေကြီးနဲ့ တိုင်ပင်ရတယ်၊ ခေါင်းချင်းဆိုင်ရတယ်။

''ဦးဘိုးအောင်ရေ အမှုကတော့ ခင်ဗျားသိတဲ့အတိုင်းပဲ ကျွန်တော့်တို့ဘက်က အားနည်းတယ်''

ဟုတ်တယ်၊ ရှေ့နေဆိုတာကိုယ့်အမှုသည်နဲ့ ပတ်သက်ပြီး အခြေအနေကို အမှန်အတိုင်း ပြောရဲရတယ်၊ ဒါရှေ့နေကျင့်ဝတ်။

''အေးဗျာ၊ အမှုကတော့ အမှုမှန် ဆရာရဲ့''

သူတော်တော် မချင့်မရဲ ဖြစ်နေတယ်။ သူက ဆက်ပြောတယ်။

''ကျွန်တော် ရွာမှာ ကောင်လေးတွေလဲ စုံစမ်းပြီးပြီ၊ ဘယ်သူနဲ့မှ မဟုတ်ဘူး၊ မောင်ပိန်နဲ့လို့ပဲ ထင်ကြတယ်''

''ဟ ... ခင်ဗျားက တရားသူကြီးလဲလုပ်လာတဲ့သူပဲ၊ အမှုတစ်ခုမှာ ထင်တာနဲ့ ပြောလို့မရဘူးလေ၊ မြင်တာသိတာမှ သက်သေ





ခံဝင်တယ် မဟုတ်လား၊ တရားခံ တစ်ယောက်ကို ထင်ကြေးနဲ့ အပြစ် မပေးရဘူး ဆိုတာလဲ ခင်ဗျားသိရဲ့သားနဲ့''

''အမှုမှန်ကို ဘယ်လိုဖော်ထုတ်ရင် ကောင်းမလဲဆရာ၊ ဒါဆရာ့ တပည့်ပဲ၊ ဆရာ့ကို အားကိုးရမှာပဲ''

ကျွန်တော့်ဘက်လှည့်လာတယ်၊ ကျွန်တော်ကလည်း စဉ်းစားပြီးသား၊ ကောင်း၏ မကောင်း၏ သူနဲ့ တိုင်ပင်ချင်လို့။

''ကျွန်တော် တစ်ချက်စဉ်းစားမိတယ်''

''ပြောပါဆရာ''

သူ့မျှော်လင့်ချက်နဲ့ စိတ်အားတက်ကြွလာပုံရတယ်။

''ကောင်မလေးအဖေရုံးမှာ ထွက်တုန်းက၊ ကောင်လေးအမေ သူ့သားကို အမှုလုပ်ဖို့လာကောင်းပန်တယ်ဆိုတာ ထွက်သွားတယ် မဟုတ်လား''

''ဟုတ်တယ်ဆရာ''

''ဒီအဘွားကြီး အခြေအနေဘယ်လိုလဲ၊ လည်လည်ဝယ်ဝယ် လား''

''ရိုးရိုး အအပါပဲဆရာ၊ တောသူ တောင်သားတွေပဲ သူ့သား အမှုဖြစ်မှာကိုတော့ ကြောက်တာပေါ့၊ ဒါပေမယ့် သူ့သားနဲ့တော့ ကောင်မလေးကို ပေးစားချင်ပုံမပေါ်ဘူး၊ ဆရာ ဘာသိချင်လို့လဲ''

ကျွန်တော် နည်းနည်း စဉ်းစားပြီး ပြောလိုက်တယ်။

''ကျွန်တော့် သူ့ကို စစ်ချင်တယ်''

''ဟာ ... ဆရာကလဲ''

သူသဘောကျပုံမရ။

''ဟုတ်တယ်၊ ကျွန်တော် သူ့ကို စစ်ချင်တယ်''

''ဖြစ်ပါ့မလား ဆရာရဲ့၊ သူ့သားအမှုမှာ သူ့အမေစစ်လို့ သူ့သားဘက်က လိုက်ထွက်သွားမှာပေါ့''

''ခင်ဗျားပဲ ပြောတာပဲ၊ အမှုမှန်ဖို့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ"

"အမှန်တရားဟာ ဖုံးထားလို့မရဘူးဆို"

"ဟုတ်တယ်လေ"

"ဒါဆို သူ့အမေကို စစ်မယ်ဗျာ"

"ဆရာစစ်မယ့်သူက အမှန်တရား ထုတ်ဖော်မယ့်လူမှ မဟုတ်တာ"

"စမ်းကြည့်ရတာပေါ့"

သူကတော့ ကျွန်တော်ကိုမယုံ၊ ကျွန်တော့်ကတော့ စစ်ချင်ကြောင်း ဖွင့်အတင်းပြောလို့ နောက်ဆုံး . . .

"အေးလေ . . . ဆရာကတော့ ကျွန်တော်တို့ရှေ့နေပဲ၊ ဆရာကောင်းသလိုသာလုပ်ပါ"

နောက်ဆုံး အားနာပါးနာ သဘောတူသွားတယ်။ သူကြည့်ရတာ စိတ်ပျက်ပုံအားလျှော့ပုံ။

◆ ◆ ◆

၀

ဒါနဲ့ တရားရုံးမှာ မောင်ပိန်ရဲ့ အမေကို ခေါ်သက်သေအဖြစ် ခေါ်စစ်ပေးဖို့ လျှောက်ပါတယ်။ ဟုတ်တယ်၊ အမှုတစ်ခုမှာ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဘယ်သူ့ကိုမဆို တရားရုံးကခေါ်ယူစစ်ဆေးနိုင်တဲ့ အာဏာရှိပါတယ်။

အမှုစစ်လို့ဘယ်အဆင့်ရောက်ရောက် အမှုမှန်ပေါ်ပေါက်ရေး

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com



အတွက်၊ လိုအပ်သလို ခေါ်ယူစစ်ဆေးနိုင်တယ်လို့ ဖြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၄၀ မှာပြဋ္ဌာန်းထားပါတယ်။

အဲဒီပုဒ်မဟာ အမှန်တရား ဖော်ထုတ်ရေးအတွက် လက်နက်တစ်ခုပါပဲ။

ဒီအမှုမှာ တရားခံရဲ့အမေ တရားလို မိန်းကလေးရဲ့ မိဘတွေကို အမှုမလုပ်ဖို့ တောင်းပန်ကြောင်း၊ မိန်းကလေးရဲ့ အဖေထွက်ချက်မှာ ပါနေပါတယ်။ အလကားနေ ဘာလို့ တောင်းပန်ရတာလဲ၊ ဒီအချက်ကို စစ်ဆေးဖို့လိုပါတယ်။

ဒါကြောင့် တရားခံရဲ့ အမေကို ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်ဆေးသင့်ကြောင်း၊ သက်သေထွက်ချက်တွေ၊ ဥပဒေအချက်တွေနဲ့ ကျွန်တော် တင်ပြတောင်းဆိုခဲ့ပါတယ်။

တရားသူကြီးက တော်တော်ချင့်ချင့် ချိန်ချိန်စဉ်းစားပါတယ်။

သာမာန် လုပ်ရိုးလုပ်စဉ်ဆိုရင် အမှုတစ်ခုမှာ တရားလိုဘက်ပြတဲ့ သက်သေတွေ စစ်ပြီးရင်ပြီးပါတယ်။ ရဲက တရားစွဲတင်တဲ့ အမှုဆိုရင်လည်း သက်သေစာရင်းမှာ ရဲကထည့်ထားတဲ့ သက်သေတွေ စစ်ပြီးရင်ပြီးပါတယ်။ ခုံရုံးက ခေါ်တဲ့ သက်သေ၊ ရုံးခေါ်သက်သေဆိုတာက အမှုမှာ အရွှန်လိုအပ်မှ ရုံးကချင့်ချိန်ပြီး ခေါ်တာမျိုးပါ။

တစ်ဖက်ကလည်း သူ့သားအမှုမှာ သူ့အမေကို သက်သေအဖြစ်စစ်ဖို့ ခေါ်နိုင်းတယ်ဆိုတော့ ရယ်စရာကြီး ဖြစ်နေပါတယ်။

တရားသူကြီးက အတော်စဉ်စားရခက်နေပုံရပါတယ်၊ တရားခွင်ကဆင်းပြီး ရုံးခန်းထဲပြန်ဝင်ပြီး စဉ်းစားပါတယ်။ ရုံးအခေါ်စဉ်းစားခန်းလို့လည်း ခေါ်ကြပါတယ်။ ခဏကြာမှ တရားခွင်ပေါ်ပြန်တက်လာပြီး အမိန့်ချပါတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## ၁

ဒေါ်ခင်မွှုံကို စစ်ပါပြီ။

လုပ်ထုံးလုပ်နည်းအရ ရုံးခေါ်သက်သေတရားရုံး တရားသူကြီးကအရင် စစ်မေးပါတယ်၊ နောက်တရားမျှတအောင် တရားလို၊ တရားခံ ဘက်ကို လိုအပ်တဲ့ စစ်မေးမှုခွင့်ပြုရပါတယ်။

အခု တရားသူကြီးက သူ့သိလိုတဲ့ အချက်တွေကို စစ်မေးနေပါပြီ။

ကျွန်တော်က သက်သေ – ဒေါ်ခင်မွှုံကို အကဲခတ်နေပါတယ်၊ ရှေ့နေဆိုတာ လူကဲခတ် တတ်ရပါတယ်။ ဒါပညာတစ်ရပ်ပါပဲ။ ဒီသက်သေကို မြှောက်ပြီး စစ်ရင်ရမလား၊ ခြောက်ပြီး စစ်ရင်ရမလား၊ တည်တည်တံ့တံ့နဲ့ စစ်ရမလား၊ စကားလုံးကြီးကြီးနဲ့ စစ်ရမလား၊ ကလေကချေလား၊ အမှန်ပြောရမလား၊

သူကြည့်ရတာ ရိုးရိုးအေးအေး သဘောကောင်းမယ်ပုံ ဟော





ဟောဒိုင်းဒိုင်း ပြောမယ့်ပုံမျိုး၊ တရားရုံး အတွေ့အကြုံတော့ လုံးဝရှိမယ့်ပုံမရ၊ တောကကိုး။

ဒီလိုနဲ့ ကျွန်တော်စစ်မေးဖို့ အလှည့်ရောက်လာပါတယ်။ ပထမ သွေးတိုးစမ်းတဲ့သဘောနဲ့ မေးခွန်းလေးငါးခုလောက် မေးကြည့်ပါ တယ်။

သူကျွန်တော်လိုချင်တဲ့ ပုံစံအတိုင်း ဖြေနေပါတယ်။ ကျွန်တော် ခင်းတဲ့ လမ်းအတိုင်းပါပဲ၊ ဟောဟောဒိုင်းဒိုင်း ဖြေပါတယ်၊ ဒါနဲ့ ကျွန်တော် ဒီမေးခွန်းကို မေးလိုက်တယ်။

"အဒေါ်ကြီးက သူ့မိဘတွေကို သွားပြီး တောင်းပန်တာ အဒေါ်ကြီးသားနဲ့ ကောင်မလေးဖြစ်ခဲ့တယ်ဆိုတာသိလို့ အမှုမဖြစ် အောင် သွားတောင်းပန်တာမဟုတ်လား"

"အေးလေကွယ်၊ မိဘဆိုတာ မဖြစ်သင့်မဖြစ်အောင် တားဆီးရတာပေါ့"

သက်သေက ဟောဟောဒိုင်းဒိုင်း ပေါ့ပေါ့တန်တန်ဖြေလိုက်ပါ တယ်။

တရားရုံး ဘေးကပြတင်းပေါက်ကနေရပ်ပြီး နားထောင်နေတဲ့ ဦးဘိုးအောင် တစ်ယောက်ပြုံးသွားတော့မယ်ဆိုတာကို မကြည့်ဘဲနဲ့ သိလိုက်ပါတယ်။ သက်သေကို ကျွန်တော်နောက်မေးခွန်းသုံးလေးခု လောက်ပဲ မေးပြီး အဆုံးသတ်လိုက်ပါတယ်။

တော်ပြီလေ ကျွန်တော်လိုချင်တာရပြီပဲ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းကျတော့ –

ဒီအမှုနဲ့ တရားခံကို စွဲချက်တင်ပါတယ်။ တရားခံနဲ့ တရားခံဘက်ကပြတဲ့ သက်သေတွေကို စစ်တော့ အားမကောင်းလှပါဘူး။

နောက်ဆုံးမှာတော့ တရားခံမောင်ပိန်ဟာ ထောင်ဒဏ်သုံးနှစ် အပြစ်ကျသွားပါတယ်။ မတတ်နိုင်ဘူးလေ။

ကျွန်တော်သိတယ်။ သူ့ကိုထောင်ချလိုကတာကတော့ "အေးလေကွယ်" ကပါပဲ"

⌑ ထိုဓာတ်စံထိန်း(ဗိုလ်ချုပ်ရွာ)



www.burmeseclassic.com

www.burmeseclassic.com

# ခက်တင်မောင်းနှင်း

ဟိုရှေ့က ပညာရှိများအဆိုအမိန့်အရ မြန်မာစကားမှာ စကားပြောနည်း၊ ပြောဟန်တွေရှိပါတယ်၊ ထိလဲထိရောက်လှပါတယ်၊

ဆိုပါတော့ –

ရော်ကျူးညာတင်ပြောနည်း၊ ကောက်ပင်ရိတ်လှီးပြောနည်း၊ ဆင်ထွေရန်ရှောင်ပြောနည်း၊ ကြောင်ပုစွန်စားပြောနည်း၊ တောင်သူယာခုတ်ပြောနည်း၊ ကြက်ဆုတ်ခွပ်ပစ်ပြောနည်း၊ ဆိပ်ပွတ်ကျည်ပွေ့ပြောနည်း၊ ခရားရေလွှတ်ပြောနည်း၊ ရေစစ်ခရားပြောနည်း စသဖြင့် ရှိပါတယ်။

အဲဒီပြောနည်းတွေထဲမှာ ခက်တင်မောင်းနှင်း ဆိုတဲ့ပြောနည်းဟာ အလွန်ခက်ပါတယ်၊ ပညာလည်းပါလှပါတယ်။

တွေ့ဖူးတယ်မဟုတ်လား –

မောင်းထောင်းတဲ့အခါမှာ ရှေ့မှာမောင်းဆုံရှိတယ်၊ တခြားတစ်ဖက်မှာ မောင်းတံကို ထောင်းချဲ့ဖို့ ခြေနင်းရှိတယ်။





မောင်းတံကို မောင်းထဲကိုမောင်းမချခင်၊ အပေါ်ဆုံးကိုလည်းမရောက်ခင်၊ မောင်းခြေနင်းကို အလယ်မှာနင်းထားတယ်။

ဆိုလိုတာက အောက်ကိုထောင်းချလိုက်ရင်လဲ ရတယ်၊ အပေါ်မတင်လိုက်ရင်လဲရတယ်။

ဒီတော့ စကားပြောတဲ့နေရာမှာ မောင်းနင်းတဲ့ အနေအထားနဲ့ပြောထားရင်၊ ဟိုဘက်ကိုလဲ ပြောင်းလိုက်နိုင်တယ်၊ ဒီဘက်ကိုလည်းပြောင်းလိုက်နိုင်တယ်၊ ကဲ. . . ဘယ်ဘက်မှ မလွတ်တော့ဘူးပေါ့၊ ပညာပါတယ်။

ဒီပြောနည်းကို တောင်ဖီလာ ဆရာတော်ပြောသွားတာကို အများသိကြပါတယ်၊ ပညာလဲရပါတယ်။

ကြည့်လေ . . .

တောင်ဖီလာ ဆရာတော်ဆိုတာ ဘုရင်မြှောက်စားတော်မူတဲ့ သာသနာပိုင်ပါ။

တစ်နေ့ သူခိုးတစ်ယောက် နောက်ကမင်းချင်းတွေ လိုက်လို့ ပြေးမလွတ်တော့. . .

"ကျွန်တော်မျိုး တောင်ဖီလာ ဆရာတော်ဘုရားရဲ့ တူပါဗျား" လို့ အော်ပြီး ဆရာတော်ကျောင်းပေါ်ကို ပြေးတက် ပုန်းအောင်းပါတယ်။

အဲ. . . မင်းချင်းတွေက ဦး နောက်ကနေ ကျောင်းပေါ်ပြေးလိုက်လာ၊ ကျောင်းပေါ်ရောက်တော့ ဆရာတော်ကို ဝတ်ဖြည့်ပြီး၊ မေးမြန်းလျှောက်ထားပါတယ်။

"ဆရာတော်ဘုရား၊ ခုနပြေးလာတဲ့ သူငယ်က ဆရာတော်ဘုရားရဲ့ တူလို့ပြောပါတယ် ဘုရား၊ မှန်ပါသလား ဘုရား"

ဒီနေရာမှာ ဆရာတော်ဘုရားက ခေါင်းစားတယ်၊ နုခေတ်အပေါ်တော့ ပညာပြတယ်ပေါ့။

ဆရာတော်က ဒီသူငယ်ဟာ သူ့တူ မဟုတ်ဘူးလို့ပြောလိုက်ရင်လဲ၊ ဒီသူငယ်. . . မင်းပြစ်မင်းဒဏ် သင့်တော့မယ်၊ ငါ့တူဟုတ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရင်လဲ ဆရာတော်အနေနဲ့ အာပတ်သင့်တော့မယ်။

ကဲ. . . ဘယ်လောက်ခက်လဲ

ဒီတော့ ဆရာတော်က ပညာပါပါတယ်။

ဘယ်လိုပြန်ပြောလိုက်လဲဆိုတော့. . .

"ဟော့. . . ဒီသူငယ်ဟာ ငါ့တူမဟုတ်ဘူးလို့ ဘယ်သူကပြောလဲ" ပြောလိုက်ပါတယ်၊ သူငယ်လဲ အပြစ်ကလွတ် ဆရာတော်လဲ အာပတ်ကလွတ်ကရော။

မင်းချင်းတွေကလည်း မတွေးတတ်၊ မခေါ်တတ်။

"အော်. . . ဆရာတော်ရဲ့ တူဖြစ်မှာပါ" လို့ထင်ပြီး ကန်တော့ပြီး ပြန်သွားကြတယ်၊ ဘယ်လောက်ပညာပါသလဲလို့။

အဲဒီလို ပညာရှိ စကားတွေ၊ ပြောနည်းပြောဟန်တွေကို လေ့လာမှတ်သား အတုယူပြီးတော့ ကျွန်တော်တို့ ရှေ့နေတွေဟာလည်း လိုအပ်တဲ့နေရာမှာ ပြောဆိုသုံးစွဲရပါတယ်။

ပညာရှိထုံး နှလုံးမူလျက် ဆိုသလိုပေါ့။

ဟောတွေ့ပြီး. . .

ဒီအမှုမှာ ကြည့်လေ

အမှုကဒီလို. . . ရွာတစ်ရွာက လူကြီးလူကောင်း တစ်ယောက်ပေါ့၊ ရွာမှာ ဩဇာအာဏာလည်း ရှိပုံရပါတယ်၊ သူ့မှာ သားကြီး မယားကြီး လည်းရှိတယ်။

အဲဒီရွာမှာ မုဆိုးမတစ်ယောက်ရှိတယ်၊ သူ့အိမ်နဲ့ သူ့သမီးလေး နှစ်ယောက်နဲ့အတူနေတယ်၊ သမီးလေးတွေကတော့ သိပ်အရွယ်မရောက်လှသေးဘူး။

အဲဒီ လူကြီးလူကောင်းနဲ့၊ အဲဒီမုဆိုးမက ဘာလိုလို၊ တိုးတိုးတိတ်တိတ်၊ တစ်ရွာလုံးဆိုသလို မရှင်းမလင်းနဲ့သတင်းက။

တစ်နေ့တော့. . . အဲဒီမုဆိုးမရဲ့သားအကြီး၊ နယ်ဝေးမှာ အလုပ် သွားလုပ်နေတဲ့သူက၊ ခွင့်ရလို့ အမေ့အိမ်ကို ပြန်လာတယ်၊





သားအမိတစ်တွေ ညမိုးချုပ်တော့ စကားစမြည်ပြောပြီး၊ တံခါးပိတ် အိပ်ကြတယ်ပေါ့။

အမေနဲ့သမီးနှစ်ယောက်က အိမ်ခန်းထဲမှာအိပ်ပြီး၊ သားအကြီး လုပ်တဲ့သူက အိမ်ရှေ့ခန်းမှာ အိပ်တယ်။

ညတစ်နာရီလောက်ကြာတော့၊ သူခိုးတစ်ယောက်အိမ်ပေါ် ရောက်လာတာကို သားအကြီးက အိပ်ရာကနိုးပြီး တွေ့တယ်၊ အနီးရှိ ထရံမှာထိုးထားတဲ့ ဓားနဲ့ထခုတ်လိုက်ပါရော။

အိမ်နီးပါးနီး အော်ဟစ် အကူအညီတောင်းပြီး ဝိုင်းဖမ်းလိုက်ကြတော့. . . လူကြီးမင်း၊ လူကြီးလူကောင်းကို ဖမ်းမိပါတယ်၊ နဖူးမှာလည်း ဓားဒဏ်ရာကြီးနဲ့ပါ။

ကဲ. . . ကောင်းရော။

အဲဒီအမှုကို ရဲစခန်းတိုင်၊ နောက်အဲဒီလူကြီးလူကောင်းကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇၊ ထောင်ဒဏ်ထိုက်တဲ့ ပြစ်မှုကို ကျူးလွန်ရန် ညဉ့်အချိန် အိမ်ဖောက်ထွင်း ဝင်ရောက်မှုနှင့် တရားရုံးကို စွဲတင်ခဲ့ပါတယ်။

အဲဒီအမှုတရားခံ၊ လူကြီးလူကောင်းဘက်က ကျွန်တော်ကို လာငှားပါတယ်။ ဒီတော့လဲ တရားခံရှေ့နေ အဖြစ်လိုက်ရတာပေါ့။

တရားခံက အာမခံလဲမရ၊ အချုပ်ထဲမှာ။

အဲဒီအချိန်က တရားသူကြီးက ဗိုလ်မှူးကြီး တစ်ယောက်ပါ၊ ပြည်သူ့တရားစီရင်ရေးခေတ်ကို သိတယ်မဟုတ်လား၊ စစ်သားဆိုတော့ တိကျတယ်၊ အမှုစစ်ရင်သေသေချာချာ နားထောင်တယ်၊ သက်သေ အမှုအရာ အကဲခတ်တယ်၊ မှန်၏။ မမှန်၏။ ချင့်ချိန်တယ်၊ ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်းကြီး။

အမှုကို အကြောင်းအမျိုးမျိုးကြောင့် တော်တော်နဲ့မစ၊ ရုံးကို တရားလိုလာဖို့ နှစ်ကြိမ်လောက်ခေါ်နေရတယ်။

အာမခံ လျှောက်တော့လဲ တရားသူကြီးက မပေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူချင့်ချိန် အုံးမယ်ပေါ့။

တရားခံ နဖူးမှာလည်း ဒဏ်ရာကြီးနဲ့၊

ကဲ ခုတော့တရားလိုမုဆိုးမကြီးကိုစစ်ဖို့ရုံးရှေ့ရောက်နေပါပြီ။

အဲဒီ အမျိုးသမီးကြီးက ဖြူဖြူဝဝ၊ တောင့်တောင့်ကြီး။

အဓိက သူ့ထွက်ဆိုချက်မှာ. . .

သူတို့ မိန်းမသားကြီးပဲ နေတဲ့အိမ်ဖြစ်ကြောင်း။ အချင်းဖြစ်တဲ့ညက သူရဲ့သားက ခွင့်နဲ့ပြန်လာကြောင်း၊ ညဉ့်ဦးပိုင်း မိသားစု စကားပြောဆိုကြောင်း၊ တံခါးများ လုံခြုံအောင်ပိတ်ပြီး အိပ်ခဲ့ကြောင်း၊ ညဉ့်နက်ပိုင်းမှာ အိမ်ပေါ်က လူသံကြားလို့ သူ့သားကနိုးပြီး ပတ်ဝန်းကျင်ကို အကူအညီတောင်းပြီး ဖမ်းလိုက်ရာ ရုံးရှေ့က တရားခံ ဖြစ်နေကြောင်း၊ ၎င်းအိမ်ပေါ်ကို ညဉ့်ဘက်ဝင်ရောက်ခဲ့သူမှာ ရုံးရှေ့ရှိ တရားခံဖြစ်ကြောင်း ခပ်တည်တည်နဲ့ ထွက်ဆိုအစစ်ခံသွားပါတယ်။

သူ့အနောက် ဝက်ခြံထဲမှာရပ်နေတဲ့ တရားခံလူကြီးလူကောင်းကို လှည့်တောင်မကြည့်။

တရားလို အမျိုးသမီးကြီး အဓိက ထွက်ဆိုပြီးတော့၊ တရားခံဘက်က စစ်ဆေးဘို့ အလှည့်ရောက်လာပါတယ်။

ဒီတော့လဲ ကျွန်တော်က အမျိုးသမီးကြီးကို၊ တစ်လုံးစ နှစ်လုံးစ သွေးတိုး စစ်မေးကြည့်ပါတယ်။

မေးခွန်းတိုင်းကို တိုတိုတုတ်တုတ် ပြန်ဖြေပါတယ်။

လူကြီးလူကောင်းနဲ့ သူနဲ့ ဇာတ်လမ်းကို မထိတထိမေးတော့၊ ခပ်တည်တည်နဲ့ အပြတ်ငြင်းပါတယ်၊ ကျွန်တော့် ဒီလိုမေးတာက သူနဲ့ကျွန်တော့် တရားခံနဲ့ မကင်းရှင်းကြောင်း၊ တရားခံထံက ညွှန်ကြားချက် အပိုင်ရရှိထားပြီးပြီလေ။

ဒီတော့လဲ ကျွန်တော်တတ်သမျှ မှတ်သမျှပညာကို သုံးရပါတော့တယ်။

ကျွန်တော်က ဒီလိုမေးပါတယ်။





''အစ်မကြီး. . . အဓိကထွက်ဆိုချက်ထဲမှာ သူခိုးဟာ အိမ်ရှေ့တံခါးကနေပြီး. . . အိမ်ထဲကို ဝင်ခဲ့တယ်လို့ထွက်ဆိုထားတယ်နော်''

''ဟုတ်ကဲ့''

''အစ်မကြီးတို့ မအိပ်ခင် အဲ့ဒီတံခါးကို ဘယ်သူပိတ်ပါသလဲ''

''ကျွန်မကိုယ်တိုင် ပိတ်ပါတယ်''

သူက ရဲရဲဝံ့ဝံ့ ဖြေပါတယ်။

ဟုတ်ပြီ. . . ကျွန်တော့်အကွက်ထဲ ဝင်လာပြီ။ စိတ်ချရအောင် ထပ်ဆင့်ပြီး မေးလိုက်ပါတယ်။

''အစ်မကြီး သေသေချာချာပိတ်ရဲ့လား''

''ပိတ်ပါတယ်၊ ကျွန်မကိုယ်တိုင် သေသေချာချာပိတ်တာပါ''

လာချေသေး၊ ကျွန်တော်ဘက်က နိုင်လုံပြီ၊ နောက်မေးခွန်း တစ်ခုမေးဖို့သာ ရှိတော့တယ်၊ ဒီမေးခွန်းကို သူခံနိုင်၊ မခံနိုင် စမ်းကြည့်ရတာပေါ့။

''ဒီလိုဆိုရင် အဲဒီတံခါးဟာ အိမ်ထဲက လူဖွင့်ပေးမှ ဝင်နိုင်သလား၊ အပြင်ကနေဖွင့်ဝင်ရင်လဲ ဝင်လို့ရသလား''

ရုတ်တရက် အမျိုးသမီးကြီးက ဖြေမလို ဟန်ပြင်လိုက်ပြီးမှ နှုတ်က တွန့်သွားပါတယ်။

ကျွန်တော်ကလဲ သိပါတယ်လေ၊ ဒီမေးခွန်းကို သူဖြေလို့မရတော့ဘူးဆိုတာ၊ ဒါကြောင့် သူ့ကိုမျက်နှာလွှဲပြီး၊ တရားသူကြီးကို အကဲခတ်ကြည့်ပါတယ်။

တရားသူကြီးက အမျိုးသမီးကြီးကို စူးစူးစိုက်စိုက် စိတ်ဝင်စားကြည့်နေတယ်၊ သူလဲသိတယ်လေ၊ အဖြေဘယ်လို ထွက်သွားမယ်ဆိုတာ။

''ဖြေပါ အစ်မကြီး''

တရားသူကြီးက သတိပေးတယ်။

သူ မဖြေရဲ၊ မျက်နှာကတော့ ပျက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကလဲ နည်းနည်းကြာသွားပြီ။

''ဖြေပါ အစ်မကြီး''

တရားသူကြီးက သတိပေးတယ်။

ဒီတော့လဲ ကျွန်တော်က ဥပဒေအရ တင်ပြရပြန်တယ်။

''တရားသူကြီးမင်းခင်ဗျား၊ သက်သေရဲ့ အမှုအရာကို ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၃၆၃ အရ၊ မှတ်တမ်းတင်ပေးပါရန် လျှောက်ထားပါတယ်''

''ဟုတ်ကဲ့. . . တင်ပေးပါ့တယ်''

တရားသူကြီးက သက်သေ၏ အမှုအရာနဲ့ အခြေအနေကို စစ်ဆေးချက်မှာ မှတ်တမ်းတင်ရေးနေပါတယ်။

အဲ. . . ပြီတော့မှ တရားသူကြီးက ပြောပါတယ်။

''အစ်မကြီး မေးခွန်းကိုကြိုက်သလို ဖြေနိုင်ပါတယ်၊ ဖြေလိုတဲ့ ဆန္ဒရှိ မရှိကိုလဲ ပြောနိုင်ပါတယ်''

ဒီတော့မှ အမျိုးသမီးကြီး နှုတ်ခမ်းလေး လှုပ်လာပါတယ်။

''ဖြေပါမယ်''

''ဖြေပါ''

တိုးတိုးလေး သူဖြေလိုက်ပုံက ''ကျွန်မ မသိပါဘူး''

သွားပြီ. . . တရားသူကြီး သဘောပေါက်သွားပါပြီ။

ဟုတ်တယ်လေ၊ အဖြေကလဲ ရှင်းရှင်းလေးပဲ၊ ဘယ်ဘက်မှ ရှောင်လို့ မလွှတ်တော့ဘူး။

ကြည့်. . . သေသေချာချာ ပိတ်ထားတဲ့တံခါးက ဝင်လာတယ်ဆိုတော့၊ အထဲက လူက ဖွင့်ပေးမှ ဝင်လာနိုင်တယ်ဆိုရင်လဲ သူမဖွင့်ပေးလို့ ဘယ်သူဖွင့်ပေးမလဲ၊ အပြင်ကနေ ဖွင့်ဝင်လို့ရတယ် ဆိုရင်လဲ သူသေသေချာချာ မပိတ်လို့၊ ဒါမှမဟုတ်လဲ အချိန်မတော် အပြင်ကနေ ဖွင့်ဝင်နေကြမို့ပေါ့၊ အဖြေကရှင်းသားပဲ။

အဲဒီလိုနဲ့ဘဲ ဒီအမျိုးသမီးကြီးကို စစ်ဆေးမှုအဆုံးသတ်လိုက်ပါ





တယ်။

စစ်ဆေးမှုပြီးတာနဲ့ တရားသူကြီးက အမိန့်တစ်ရပ် ချမှတ်ပါတယ်။

''ဤအမှုမှ တရားခံအား ငါးသောင်းတန် အာမခံနှစ်ယောက်နဲ့ အာမခံခဝန်ပေးသည်. . . တဲ့''

ဟိုဘက်၊ ဒီဘက်ပြေးလို့ မလွှတ်အောင် မေးလိုက်နိုင်တဲ့ မေးခွန်းကြောင့်၊ တရားခံချက်ချင်းကို အချုပ်က လွှတ်သွားခဲ့ပါတယ်။

အမှုသရုပ်လဲ ပေါ်သွားခဲ့ပါတယ်။

ဒါကြောင့် ခက်တင်မောင်းနှင်း စကားပြောနည်း ပြောဟန်ကို ဖန်တီးခဲ့တဲ့ ပညာရှင် အဆူဆူကို ဦးခိုက်လိုက်ရပါတော့တယ်။

⌑ ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)

www.burmeseclassic.com

www.burmeseclassic.com




# အာမခံပေးသနားတော်မူပါ

အော် . . . လောကမှာ လူတွေပြောပါတယ်။

ကိုယ့်ဒေါသ၊ ကိုယ့်လောဘတွေကို အစက ထိန်းသိမ်းရကောင်းမှန်း မသိဘဲ၊ တရားမှန်းမသိ၊ မတရားမှန်းမသိ၊ မိမိအတ္တကို ရှေ့တန်းတင်ပြီး အလုပ်တွေလုပ်ကြ၊ တရားဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်တွေလုပ်ကြမိတော့၊ သက်ဆိုင်ရာက ဖမ်းဟယ် ဆီးဟယ် ဖြစ်ကုန်ရော။

သက်ဆိုင်ရာရဲတပ်ဖွဲ့က ဥပဒေနဲ့အညီ တရားစွဲတင်တော့ ရုံးကို အမှုရောက်လာရော၊ လူကတော့ အချုပ်ထဲမှာပေါ့။

ရုံးရောက်တော့ အမှုသည်တရားခံကလည်း အာမခံလိုချင်တယ်၊ အမှုသည်နဲ့ ပတ်သက်တဲ့ ကာယကံရှင်တွေကလည်း ရုံးအာမခံ လိုချင်တယ်။

ပထမဦးဆုံး သူတို့ဘက်က ငှားထားတဲ့ ရှေ့နေကို နားပူတော့ တာပါပဲ။

''ဆရာ အာမခံလေးများ မရဘူးလားဆရာ၊ ကျွန်တော် ဒီမှာနေရ ထိုင်ရတာ ဒုက္ခရောက်တယ် ဆရာရယ်''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တရားခံက အချုပ်ထဲကနေ ပြောတာ။

''ဆရာရယ် . . . သူမရှိရင် အပြင်က အလုပ်တွေ ဘာမှ လုပ်လို့ မရတော့ဘူး ဆရာ ကျွန်မတို့လည်း နားမလည်ဘူး သူမြန်မြန် အချုပ်ထဲက ထွက်လာမှ အဆင်ပြေမှာပါ ဆရာရယ်၊ အာမခံလေးနဲ့များ ရရင် ထွက်အောင် လုပ်ပေးပါဆရာ''

တရားခံရဲ့ ဇနီးက နားပူတာ။

အိုစုံလို့၊ ဖအေလုပ်သူက တစ်မျိုး၊ မအေလုပ်သူက တစ်ဖုံ၊ သားသမီး လုပ်သူကလည်း တစ်ဝ၊ ဆွေမျိုးနီးစပ်တွေကလည်း တစ်စု၊ ရှေ့နေကို အားကိုးတကြီးနဲ့ တရားခံကို အာမခံထုတ်ပေးဘို့ ပူဆာကြတာ၊ အိုစုံလို့ . . .

တစ်ခါတလေတော့လည်း အမှုသည်ထည်းက ဆင်ဆင် ခြင်ခြင် ရှိတဲ့လူကြတော့ ရှေ့နေကိုပူစာပုံက တစ်မျိုး၊ ဒီလိုမေးလာတယ်။

''ဆရာ . . . တရားခံကို အာမခံထုတ်လို့ မရဘူးလား ဆရာ''

''ရတဲ့အမှုလည်း ရှိတယ်၊ မရတဲ့အမှုလည်းရှိတယ် ဘိုတိုးရဲ့''

ဘိုတိုးဆိုတာကတော့၊ ကျွန်တော်နဲ့ ရင်းနှီးတဲ့ ရိုးသားတဲ့ အမှုသည် လူရင်းကိုး။

''ဘယ်လိုသဘောလည်း ဆရာရဲ့၊ ရှင်းပါဦး''

''ဒီလိုရှိတယ် ဆရာတိုးရဲ့၊ ပြစ်မှုဆိုင်ရာဥပဒေမှာကိုက၊ ဘယ် အမှုဟာ အာမခံပေးလို့ရတယ်၊ ဘယ်အမှုဟာ အာမခံပေးလို့ မရဘူးလို့ ပြဋ္ဌာန်းထားတာရှိတယ်''

''အော် . . . ဟုတ်ကဲ့ ဆရာ''

''ဒါကြောင့်မို့ . . . . . ရဲက တရားခံ တစ်ယောက်ကို ဖမ်း ကတည်းက၊ အာမခံပေးရမဲ့ အမှုဆိုရင်၊ အာမခံပေးလိုက်တာပဲ မဟုတ်လား''

''အော်ဒီလိုလား ဆရာ''

''ဟုတ်တာပေါ့ ဘိုတိုးရ၊ အာမခံပေးရမယ်လို့ ပြဋ္ဌာန်းထားတဲ့





အမှုမှာ ရဲကလည်း ချုပ်ထားပိုင်ခွင့် မရှိဘူး''

''အော် . . . ဒါကြောင့်မို့ တစ်ချို့ အမှုတွေမှာ ရဲက အာမခံ ပေးထားတယ်ဆိုတာ ဒါကိုဆိုလိုတာကိုး''

ဦးတိုးကြည် နည်းနည်း သဘောပေါက်သွားသယောင် ရှိတယ်၊ သူ့နံမည်ရင်းက ဦးတိုးကြည်ပါ၊ ကျွန်တော်နဲ့ ရင်းနှီးကျွမ်းဝင်နေတဲ့ သူမို့သာ၊ ကျွန်တော်က သူ့ကို ဘိုတိုးလို့ဘဲခေါ်တာ။

''ဒါဆို . . . အာမခံ မပေးနိုင်တဲ့ အမှုတွေကော ဆရာ''

ဘိုတိုးက သူသိချင်တာကို ဆက်ပြီးမေးပြန်တယ်။

''အာမခံ မပေးနိုင်တဲ့ အမှုတွေကျတော့၊ ရဲဟာ တရားခံ တစ်ယောက်ကို ဖမ်းပြီး၊ (၂၄) နာရီအတွင်း နီးစပ်ရာ တရားရုံးကို တင်ပြရပါတယ်၊ အမှုနဲ့ပက်သက်ပြီး ဆက်လက်စုံစမ်း စစ်ဆေးစရာ ကိစ္စတွေရှိရင်၊ ဒါမှမဟုတ် လိုအပ်ရင် တရားခံကို ချုပ်ထားဘို့ ရီမန် ဆိုတာ တောင်းရပါတယ်''

''အော် . . . တရားခံကို ဖမ်းပြီး ရုံးထုတ်တယ်ဆိုတာ ဒါကို ခေါ်တာလား ဆရာ''

''ဟုတ်တာပေါ့ ဘိုတိုးရဲ့၊ ရုံးမှာ ချုပ်မိန့် ရီမန်တောင်းဘို့ အတွက်၊ ရုံးကိုတင်ပြရတာ ရီမန်တောင်းတယ်လို့လဲ တရားရုံး အခေါ် အဝေါ်နဲ့ ခေါ်ကြတယ်''

''ဟုတ်ကဲ့ ဆရာ''

''အဲ . . . တရားရုံးက အမှုအခြေအနေ လိုက်ပြီး ရီမန်လေး တစ်ပတ် ရီမန်ကြီး(၁၅)ရက် စသည်ဖြင့် ချုပ်မိန့်ပေးမှ တရားခံကို ရဲစခန်းက ချုပ်ထားပိုင်ခွင့်ရှိတာ''

''ဒါတော့လည်း ရှင်းပါပြီ ဆရာ၊ ဒီတော့ ရီမန်ပြည့်တော့ကော ဆရာ''

''အဲ . . . ရီမန်ပြည့်တော့၊ ရဲက တရားခံကို သက်ဆိုက်ရာ ပြစ်မှုပုဒ်မနဲ့ တရားရုံးကို တရားစွဲတင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"အမှုစွဲတင်တယ်ဆိုတာလား ဆရာ"

"အဲ ဟုတ်တာပေါ့ ဘိုတိုးရဲ့၊ တရားရုံးက ပေးထားတဲ့ ရီမန် ရက်အတွင်းမှာဘဲဖြစ်ဖြစ်၊ ရီမန်ပြည့်တဲ့ရက်မှာဘဲဖြစ်ဖြစ်၊ အမှုကို တရားရုံးကို တရားစွဲတင်ရတယ်"

"တရားရုံးကို အမှုစွဲမတင်နိုင်ရင်ရော ဆရာ"

ကဲ ဘိုတိုး၊ ဒီလိုလုပ်ဗျာ၊ ဒီနေ့ကျွန်တော် တခြားအမှုတွေကလည်း စစ်စရာရှိသေးတယ်၊ နောက်တစ်ပတ် ရုံးချိန်းနေ့မှ တရားရုံးအာမခံကိစ္စနဲ့ ပတ်သက်ပြီး ရှင်းပြမယ်၊ အဲဒီတော့မှ ခင်ဗျားတူ အာမခံယူသင့် မယူသင့် စဉ်းစားဆုံးဖြတ်တော့ပေါ့"

ဘိုတိုးက ခပ်လေးလေးပြန်ပြောတယ်။

"ဟုတ်ကဲ့ဆရာ. . . အာမခံရမယ်ဆိုရင်တော့ အမြန်ပဲ လိုချင်ပါတယ် ဆရာ"

"ဟုတ်ပါတယ် အဲဒီကိစ္စပဲ တိုင်ပင်ကြတာပေါ့"

"ဟုတ်ကဲ့"

ပြောပြောဆိုဆို နှုတ်ဆက်ပြီး ဘိုတိုး ပြန်သွားပါတယ်။

ဟုတ်တယ်လေ၊ ဒီအချုပ်အနှောင်ထဲမှာ ဘယ်သူဘဲဖြစ်ဖြစ် မိနစ်၊ စက္ကန့်တောင် နေချင်ကြမှာ မဟုတ်ဘူး၊ ကိုယ့်တူ၊ ကိုယ်သား၊ ကိုယ့်ခင်ပွန်း ဇနီးမယားကို ခဏလေးတောင်ထားချင်ကြမှာ မဟုတ်ဘူး။

လူတွေရဲ့ ဓမ္မတာပဲ မဟုတ်လား။

◆ ◆ ◆

၀

ရုံးချိန်းနေ့ကျတော့ ဦးတိုးကြည် ရုံးခန်းထဲကို ရောက်လာပါတယ်။

ကျွန်တော် ရုံးခန်းမှာက ချိန်ဘာ တပည့်တွေလည်း၊ လေးငါးယောက်ရှိပါတယ်၊ သူစားပွဲနဲ့သူပေါ့၊ ကျွန်တော့်ဂျူနီယာကတော့ ထုံးစံအတိုင်း ဒေါ်စိုးစိုးကြည်၊ သူကကျွန်တော်နဲ့အတူ ရုံးခန်းတွင်းမှာရှိတဲ့ ဆက်တင်စားပွဲမှာ ကျွန်တော့် ဘေးနားက ခုံမှာထိုင်နေတယ်၊ သူ့ဘေးမှာက ဦးတိုးကြည်၊ တချို့အမှုတွေချိန်းပြီး ရုံးခန်းထဲမှာပြန်နားတဲ့ အချိန်ပေါ့။

ရုံးခန်းထဲမှာ ထိုင်မိကြတယ်ဆိုရင်ဘဲ၊ အမောဖြေ လက်ဖက်ရည် သောက်ကြပါတယ်။

ဘိုတိုးကတော့ သူမေးချင်တဲ့ အခြေအနေကို စောင့်နေပုံရပါတယ်၊ တခြားကိစ္စတွေ စကားစပြတ်တာနဲ့၊ ဘိုတိုးက စကားစပါတော့တယ်။

"ကဲ. . . ဆရာ မောတယ်လို့ မအောင်းမေ့ပါနဲ့၊ ဟိုအပတ်က စကားစ. . . အာမခံကိစ္စ ဆက်ပါအုံး ဆရာရဲ့"

"အဲ ဟုတ်ပါရဲ့ ဘိုတိုး သိချင်နေရှာမယ်"

"ဟိုအပတ်ထဲက သိချင်နေတာ ဆရာရဲ့၊ ဆရာ . . . မအားလို့သာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါမယ်ဗျာ၊ မောတာမမောတာက အသာထားပေါ့၊ လူတစ်ယောက် သိချင်နေတဲ့ကိစ္စ၊ အမှုမှာသိသင့်သိထိုက်တဲ့ ကိစ္စကို ရှင်းပြဖို့က ရှေ့နေတစ်ယောက်ရဲ့ တာဝန်ပါခင်ဗျာ"

ဘိုတိုးက ဆရာကောင်း တပည့်ပီပီ၊ စေ့စပ်တယ်၊ မေးတာ အကွက်စေ့တယ်၊

"ကဲ...ရီမန်ပြည့်လို့မှ တရားမစွဲနိုင်ရင်တော့၊ ရဲက တရားခံကို လွှတ်ပေးရပါတယ် ဘိုတိုး"

"ဩော် ဒါဆိုတော့လည်း ဟုတ်သားပဲ ဆရာ"

"ဥပဒေဆိုတာ မျှတပါတယ် ဘိုတိုးရဲ့၊ သူစစ်ဖို့ ဆေးဖို့ လိုတယ်ဆိုပြီး တရားခံကို စစ်ဆေးဘို့ အမှုဖော်ထုတ်ဖို့၊ တရားခံကိုချုပ်မိန့် ရီမန်တောင်းထားတယ်၊ ရုံးကသတ်မှတ်ထားတဲ့ ရက်အတွင်းမှာ တရားခံကို တရားမစွဲနိုင်ဘူး၊ အမှုကို မဖော်ထုတ်နိုင်ဘူးဆိုရင်တော့ တရားခံကို ရဲကလွှတ်ပေးရပါတယ်ဗျာ"

"အမှုဖော်ထုတ်နိုင်ရင်တော့"

"အေးလေ...အမှုမှာ တရားခံ ဒီအမှုကို ကျူးလွန်တယ်လို့ ယူဆရင်၊ ဒါမှမဟုတ် ပေါ်ပေါက်ရင်၊ အခုခင်ဗျားတူ... မောင်တူးကို အမှုစွဲတင်သလို၊ တရားရုံးကို အမှုစွဲတင်ပို့ရပါတယ်ဗျား"

"ဒါဆိုခု ကျွန်တော့်တူ မောင်တူးကို ပုဒ်မ ၃၇၆/၅၁၁ နဲ့ တရားစွဲတင်တာ အပြစ်ရှိလို့ပေါ့နော် ဆရာ"

သူက ပျာပျာသလဲ သိချင်ဇောနဲ့ လောပြီးမေးလာတယ်။

"ဟဲ...ဟဲ...ဒီလိုလဲယူဆလို့မရဘူးဗျာ"သူနားယောင်သွားတယ်။

"ဘယ်လို အဓိပ္ပါယ်လဲ ဆရာရဲ့"

"အပြစ်ရှိတယ်...မရှိဘူးဆိုတာက အမှုစစ်ဆေး ပြီးတော့မှ၊ တရားရုံးက ဆုံးဖြတ်ရမှာလေ ဘိုတိုးရဲ့၊ ဒါက တရားရုံးက အလုပ်ပဲ၊ တရားခံကို ရုံးကိုတရားစွဲတင်ပို့တိုင်း အပြစ်ရှိတယ်လို့ ယူဆလို့မရ





ဘူးလေ"

"ဩော်...ဟုတ်သားပဲ"

ဘိုတိုး သဘောပေါက်သွားသလို ရှိတယ်၊ နောင်ခဏလေး တွေသွားပြီးမှ သူ့တူအတွက် စကားဆက်လာပြန်ပါတယ်။

"ဒါဆို မောင်တူးကို အာမခံထုတ်လို့ မရဘူးလားဆရာ"

သူ့တူအတွက် ရတက်မအေး...

"အင်း..."ကျွန်တော်က သက်ပြင်းတစ်ချက်ချမိတယ်။

"ကလေးက မဟုတ်ဘဲနဲ့ သက်သက်ခံနေရတာ ဆရာရဲ့"

သူကထပ်ဆင့်လာပြန်တယ်။

ဒီတော့ရုံးမှာ အာမခံယူတာနဲ့ ပတ်သက်ပြီး၊ သူ့ကို အကျယ်တဝင့် ရှင်းပြဖို့ လိုလာပြန်တယ်၊ ရှင်ပြရမှာကလဲ အများကြီး။

"ပြောပါဆရာ"သူကထပ်ပြောတယ်။

"အဲ...အမှုတစ်ခု ရုံးရောက်လာရင်၊ တရားခံ တစ်ယောက်ကိုအာမခံပေးဖို့...မပေးဘို့ ကိစ္စကို တရားရုံးက စဉ်းစားရပါတော့တယ်၊ စဉ်းစားတယ်ဆိုတာကလည်း ဥပဒေမဲ့တော့ မဟုတ်ပါဘူး၊ ဥပဒေမှာ ပြဋ္ဌာန်းလာတဲ့အတိုင်း စဉ်းစားရပါတယ်၊ ဥပဒေက ဘယ်လို ပြဋ္ဌာန်းထားသလဲ ဆိုတော့၊ ...ကဲ ဒေါ်စိုးကြည်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၆ ကို ရှာပါအုံး"

ကျွန်တော်က ဒေါ်စိုးစိုးကြည်ကို ပုဒ်မ ၄၉၆ ရဲ့ ရှင်းလင်းချက်ကို အဓိပ္ပါယ်ဖွင့်ဖို့ ခိုင်းလိုက်ပါတယ်။

"ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၆ က ဆိုထားတာက၊ အာမခံပေးနိုင်တဲ့ ပြစ်မှုတစ်ရပ်ဖြင့်နဲ့ စွပ်စွဲခံရသူမှတစ်ပါး၊ အခြားမည်သူတစ်ဦး တစ်ယောက်ကိုမဆို၊ မည်သည့်အဆင့်၌မဆို၊ အာမခံနဲ့ လွှတ်ထားရမယ်လို့ ဆိုထားပါတယ်ဆရာ"

"အေး ဟုတ်တယ်၊ ဒေါ်စိုးစိုးကြည်ပြောတာက စာသံပေါ်ပါနေတယ်၊ ဘိုတိုး နားရှင်းအောင် ပြောရရင်၊ ဥပဒေက အာမခံ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်တဲ့အမှုကို ပြဋ္ဌာန်းထားတဲ့ ပုဒ်မတစ်ခုခုနဲ့ အရေးယူခံရတဲ့ မည်သူကိုမဆို၊ အမှုရဲ့မည်သည့်အဆင့်မှာမဆို အာမခံဖြင့် လွှတ်ထားရမယ်လို့ဆိုလိုတာပါ ဘိုတိုးရဲ့၊ ရှင်းရဲ့လား''

''ရှင်းပါတယ် ဆရာ၊ အာမခံပေးနိုင်တဲ့ အမှုဆိုရင် အာမခံပေးလို့ပြောတာမဟုတ်လား ဆရာ''

''ဟုတ်ပြီ ဘိုတိုး သဘောပေါက်သွားပြီ၊ ကဲ ဒေါ်စိုးစိုးကြည် ပုဒ်မ ၄၉၇ ကို ရှုတ်ပြပါအုံး''

''ပုဒ်မ ၄၉၇ (၁)က၊ အာမခံပေးနိုင်သော ပြစ်မှုတစ်စုံတစ်ရာနဲ့ စွပ်စွဲခံရသူ တစ်ဦးဟာ၊ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း ချုပ်နှောင်ခြင်း ခံရသည့်အခါ ဒါမှမဟုတ်၊ တရားရုံးတွေကို ရောက်တဲ့အခါ၊ အာမခံနဲ့ လွှတ်ထားနိုင်ပါတယ် ဆရာ၊ ဒါပေမဲ့ အဲဒီသူဟာ သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ စီရင်ထိုက်တဲ့ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့တယ်လို့ ယုံကြည်ရန်သင့်လျော်တဲ့အကြောင်း၊ အထောက်အထားတွေရှိရင်၊ အဲဒီလူကို အာမခံနဲ့ လွှတ်ထားခြင်း မပြုရပါဘူး ဆရာ''

''အေး. . . ဆက်ပါအုံး''

''ဒါပေမဲ့. . .အဲ့ဒီ စွပ်စွဲခြင်းခံရသူဟာ၊ အသက်တစ်ဆယ့်ခြောက်နှစ်အောက်ရှိသူ မည်သူမဆို၊ ဒါမှမဟုတ်လည်း မည်သည့်အမျိုးသမီးမဆို၊ ဒါမှမဟုတ် ဖျားနာနေတဲ့၊ ချည့်နဲ့နေတဲ့ မည်သူမဆိုကိုအာမခံနဲ လွှတ်ထားဖို့ တရားရုံးက ခွင့်ပြုနိုင်ပါတယ် ဆရာ''

''ရှင်းလား ဘိုတိုး''

''ဟုတ်ကဲ့ ရှင်းပါတယ် ဆရာ''

''ပုဒ်မ ၄၉၇ အပိုဒ်ခွဲ ၄ ကိုပါ၊ ဘိုတိုး သဘောပေါက်သွားအောင် ပြောပြပါအုံး ဒေါ်စိုးစိုးကြည်''

''အပိုဒ်ခွဲ (၄)က ဆိုတာက၊ စွပ်စွဲခံရသူဟာ အဆိုပါပြစ်မှု





ကို ကျူးလွန်ခဲ့ခြင်း မရှိကြောင်း၊ ယုံကြည်သင့်လျော်သော အကြောင်းများ ရှိနေသည်ဟု တရားရုံးက ထင်မြင်ရင်၊ အဲဒီသူကို အာမခံ ပေးထားရပါမယ်ဆရာ''

''ဒါဆို ကျွန်တော်တူကို စွဲထားတဲ့ အမှုက၊ သေဒဏ်၊ ထောင်တစ်သက်တစ်ကျွန်းဒဏ် ချလောက်တဲ့ အမှုမျိုးလား ဆရာ''

ပုဒ်မ ၃၇၆/၅၁၁ ဆိုတာက၊ မုဒိမ်းကျင့်ရန် ကြံစည်မှု ဆိုတော့၊ အဲဒီလောက်တော့ မချလောက်ဘူး ဘိုတိုးရဲ့၊ ဒါပေမဲ့အာမခံ မပေးနိုင်တဲ့ ပုဒ်မမျိုးတော့ ဖြစ်နေတယ်''

''အမှုကလည်း လုပ်ကြံပြီး စွဲထားတာပါ ဆရာ''

''အင်း အမှုစစ်ကြည့်ရင်တော့ ပေါ်လာမှာပေါ့''

''နောက် ကျွန်တော့်တူက အူကျနေတဲ့ ရောဂါရှိတယ်လေ ဆရာ၊ အာမခံ ထုတ်လို့မရဘူးလား''

''အေး စာအထောက်အထား နိုင်လုံရင်တော့ ရုံးကစဉ်းစားမှာပေါ့''

''ဒါဆို ဆေးစာ အထောက်အထားနိုင်လုံရင်တော့ အာမခံထုတ်လို့ရတာပေါ့နော်၊ ဒါဆို အာမခံနဲ့ ထုတ်ပေးပါဆရာ''

အဲဒီစကားက အမှုသည်တွေ ပြောနေကျစကားပဲ၊ အချုပ်ထဲရောက်ရင် အပြင်ထွက်ချင်ပြီ၊ ထုံးစံဘဲ။

ဒီတော့ အမှုမှာ အာမခံထုတ်ခြင်း/မထုတ်ခြင်းနဲ့ ပက်သက်ပြီး ကိုယ်အမှုသည်တွေ နားလည်သဘောပေါက်လာအောင် ရှင်းပြဘို့က ရှေ့နေရဲ့တာဝန်၊ နောက်ရုံးခန်းထဲမှာ နားစွင့်နေကြတဲ့ချိန်ဘာတပည့်လေးတွေ သဘောပေါက်နားလည် ဖို့ကလည်း ရှိသေးတယ်။

အဲဒီတော့ ဘိုတိုးကို ကျွန်တော် ရှင်းပြရပြန်ပါတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

○

"ဒီလိုရှိတယ် ဘိုတိုးရဲ့"

စကားစ လိုက်တယ်ဆိုရင်ပဲ၊ ဘိုတိုးက သိလိုဇောနဲ့ ဂရုစိုက်နားထောင်လာသလို၊ ရုံးထဲကချိန်ဘာ တပည့်လေးတွေကလည်း၊ မျက်လုံးလေးတွေ ကျွန်တော်ထံ စိုက်ကြည့်လာကြတယ်။

"ဆိုပါအုံး ဆရာရဲ့"

"အမှုတစ်ခုမှာ တရားခံတစ်ယောက်ကို အာမခံထုတ်တယ်ဆိုတာက၊ အမှုရဲ့အခြေအနေကို ကြည့်ပြီး ထုတ်ပါတယ်၊ အေး. . . တကယ်လို့ ခင်ဗျားတူ အူကျူလို့ မလွှဲသာ မရှောင်သာ ဆေးကုသခံယူဖို့လိုအပ်တယ်ဆိုရင်တော့ ထုတ်တန်ထုတ်ရတာပေါ့ဗျာ"

"ဟုတ်ကဲ့"

"တချို့ အမှုတွေမှာဆိုရင် အမှုစစ်တုန်းအာမခံထုတ်ထားရော၊ နောက်ဆုံးအမိန့်ချတော့ အမှုကမလွတ်ဘူး၊ ထောင်တွေဘာတွေ ပြစ်ဒဏ်ကျတော့ အချုပ်ခန်းထဲ ပြန်ဝင်ပြီး ပြန်ခံရပြန်ရော၊ တကယ်လို့ အာမခံမယူထားရင် ချုပ်ရက်နဲ့ ပြီးသင့်တာ ပြီးမသွားဘူးလား"

"ဟုတ်ကဲ့ဆရာ၊ အာမခံယူပြီးမှ အချုပ်ထဲပြန်ဝင်ရရင်. . . မကောင်းပါဘူး ဆရာရယ်"

"ဒါကြောင့်မို့ ပြောတာပေါ့၊ ရှေ့နေက သူ့အမှုအခြေအနေ သူသိပါတယ်၊ ပြစ်ဒဏ်က လွတ်သလား၊ မလွတ်သာဘူးလား၊





မလွတ်သာဘူးဆိုရင်လည်း ခြေစောင့်လက်စောင့် ချုပ်ရက်လေးဟာ ယူမထားသင့်ဘူးလား"

"ယူထားသင့်တာပေါ့"

"အဲ. . . အမှုအခြေအနေကောင်းလို့ရတော့၊ ရှေ့နေကသူ့တရားခံကို အချုပ်ထဲမှာ တစ်ရက်တောင်မထားဘူး၊ အာမခံလျှောက်ထုတ်ပေးမှာပေါ့ ဘိုတိုးရဲ့"

ဦးတိုးကြည်ခေါင်းတစ်ညိတ်ညိတ်နဲ့ နားထောင်ပြီးစဉ်းစားနေပါတယ်၊ အတော်လေးကြာမှ။

"ဒါဆိုလဲ ဆရာ့သဘောပါဘဲဆရာရယ်၊ အမှုအခြေအနေကြည့်ပြီး ဆရာထုတ်သင့်တဲ့အချိန် ထုတ်ပေးတာ ကောင်းမယ်ထင်ပါတယ်"

သူသဘောပေါက်သွားပြီ။

"ဒီလိုဘဲဖြစ်သင့်တာပေါ့ဘိုတိုးရဲ့၊ အမှုအခြေအနေကို စစ်ပြီးတော့၊ အာမခံထုတ်သင့်၊ မထုတ်သင့် ကျွန်တော်အကြံပေးမှာပေါ့"

"ဟုတ်ပါတယ် ဆရာ့ သဘောပါပဲ ဆရာရယ်"

သူ့ကြည့်ရတာ နားလည်ကျေနပ်သွားတဲ့ပုံ ပေါ်ပါတယ်။

သူသဘောပေါက်သွားတာကိုပဲ ကျွန်တော်တို့ ဆရာတပည့်တွေ ပီတိဖြစ်မိပါတော့တယ်. . .။

¤ ထိုက်စောစံထိန်း(ဗိုလ်ချုပ်ရွာ)

www.burmeseclassic.com

www.burmeseclassic.com




# ရှေ့နေဒုတ်တုတ်

''စဉ်းစားပြီးပြီလား''

''စဉ်းစားပြီးပြီ ဆရာ''

''ဘယ်လိုသဘောရလဲ''

''ကွာမယ် ဆရာ''

''ဟော...''

အပြောက ပထမလာတုန်းကအတိုင်းပဲ၊ လွန်ခဲ့တဲ့တစ်ပတ်လောက်က၊ ဒီမိန်းကလေး လင်မယားချင်း ကွာဖို့ လာတိုင်ပင်တယ်။

ကလေးကလည်း တစ်ယောက်နဲ့၊ စဉ်းစားပါဦးလို့ ပြောလိုက်တယ်။

ခုပြန်လာတော့လည်းအဖြေက ဒီအတိုင်းပဲ၊ ခုတစ်ခေါက်သူ့ အမေတောင်ပါလာလိုက်သေး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခက်တယ်။ အဲဒီကွဲတဲ့ ကွာတဲ့အမှုတွေဆို သိပ်မလိုက်ချင်ဘူး၊ ဝါသနာကိုက မပါဘူး။

ဘယ့်နှယ်. . . ယူတုန်းကတော့ သူတို့ဟာသူတို့ ငမ်းငမ်းတက် ယူကြ၊ ကွာမယ်ဆို ဘာလို့ယူကြသေးလဲ။

ဟော. . . နောက်တော့ ရှေ့နေတွေ ရုံးတွေကို အလုပ်ပေးပြီ။

"အေးလေ ဆုံးဖြတ်ပြီးပြီဆိုရင်လဲ၊ လင်မယားကွာလို့မှ စွဲရုံပဲရှိတာပေါ့"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်မသမီးကိုလဲ သေသေချာချာ မေးပြီးပါပြီ၊ သူလဲ လုံးဝမပေါင်းလိုဘူးလို့ ပြောပါတယ်၊ ကျွန်မသမီးကို ဒီလို ကိုယ်ထိလက်ရောက် စော်ကားတာကို ကျွန်မတို့လဲ မခံနိုင်ဘူး၊ ကွာကိုကွာပစ်ရမယ်ဆရာ"

သူ့အမေက ပိုဆိုးတယ်၊ ပြော်၊ ဒါလည်းတရားပါတယ်၊ သားသမီးဆိုတော့ ဘယ်ခံနိုင်မလဲ၊ နာတာပေါ့။

"ဟုတ်ပါတယ်၊ ကျွန်တော်က ကလေးတစ်ယောက်ရှိနေတော့၊ ကလေးအတွက် ပြောတာပါ"

"ဒီကလေးအတွက် မပူပါနဲ့ဆရာ၊ ကျွန်မမြေးကို ကျွန်မကျွေးမွေးနိုင်ပါတယ်၊ သူ့ထက်တောင်သာအောင်ထားနိုင်ပါတယ်"

"အေးလေ အရေးကြီးတာက၊ သူတို့လင်မယားချင်း ကိစ္စပဲ၊ ကာယကံရှင် သဘောပေါ့"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်မသူ့မျက်နှာကိုတောင် မကြည့်ချင်ဘူး"

အင်း. . . ဒါဆို စေ့စပ်ရေး တရားဟောလို့ မရမှန်းသိလိုက်ပြီ။

"သူ့ယောက်ျားကိုရော၊ ကွာရှင်ဖို့ အကြောင်းပြောဆိုခဲ့သေးလား"

"ပြောခဲ့ပါတယ်ဆရာ၊ သူ့ဘက်ကဦးလေးတစ်ယောက်နဲ့ကွာဖို့ပြောခိုင်းတော့၊ သူက ကွာမပေးနိုင်ဘူးလို့ပြန်ပြောလိုက်တယ်ဆရာ"





"အေး. . . ဒါဆို တို့ဘက်ကကွာလို့မှ စွဲရမှာပဲ၊ တို့ဥပဒေမှာ လင်မယားကွာတာက ဒီလိုရှိတယ်ကွ၊ နှစ်ဦးသဘောတူ ကွာတာရယ်၊ တစ်ယောက်အိမ်ထောင်ရေး ပြစ်ချက်ကြောင့် ကွာတာရယ်လို့ရှိတယ်"

"ဒါ. . . သူ့အပြစ်ကျူးလွန်တာပဲဆရာ၊ ကျွန်မသမီးကို ကိုယ်ထိလက်ရောက် နှိပ်စက်တယ်"

"ဟုတ်ပါတယ်၊ အိမ်ထောက်ရေး ပြစ်ချက်ဆိုတာလဲ နှစ်မျိုးရှိပြန်တယ်၊ သာမန် အိမ်ထောင်ရေး ပြစ်ချက်နဲ့ ကြီးလေးတဲ့ပြစ်ချက်ပေါ့၊ လင်နဲ့မယား လျှာနဲ့သွားဆိုသလို တစ်ခါတလေရန်ဖြစ်ကြ၊ ပြောကြ၊ ဆိုကြတာကတော့ သာမန်လောက်ပါပဲ၊ အဲဒီထက်သာမကဘဲ တစ်ယောက်ကို တစ်ယောက် ကိုယ်စိတ်ဆင်းရဲအောင် အမျိုးမျိုးနှိပ်စက်မယ်၊ အိမ်ထောင်ရေးဖောက်ပြန်မှုတွေ လုပ်မယ်ဆိုရင်တော့ ကြီးလေးတဲ့ ပြစ်ချက်တွေပဲပေါ့"

အခွင့်ကြုံတုန်း သူတို့ကိုလည်း သိပါစေတော့ ဆိုပြီး ရှင်းပြမိတယ်။

"ဒီတစ်ခါရိုက်ပြီး နောက်တစ်ခါ မရိုက်ဘူးလို့ပြောနိုင်ဘူး ဆရာ၊ ဒီတစ်ခါပဲ ပြတ်အောင်ဖြတ်ရမယ်၊ ကျွန်မသမီးကို အနှိပ်စက် မခံနိုင်ဘူး"

"ဟုတ်ပါပြီ အစ်မကြီးတို့လဲ ဥပဒေအချက်လေးတွေ သိအောင် ပြောပြနေတာပါ၊ အဲဒီလင်မယားကွဲမှုအပေါ်မှာ မူတည်ပြီး နောက်ပိုင်း ပစ္စည်းခွဲဝေမှုဆိုတာပါသေးတယ်"

"ဟုတ်ကဲ့ ဘယ်လိုလဲဆရာ"

သူ့အမေက မေးတယ်။

"နှစ်ဦးသဘောတူ ကွာရှင်းကြတာဆိုရင်တော့ ရှိတဲ့နှစ်ဦးပိုင်ပစ္စည်းကို တစ်ယောက်တစ်ဝက်ခွဲယူရပါမယ်၊ အိမ်ထောင်ရေးပြစ်ချက်ကြောင့် ကွာပေးရတာဆိုရင်တော့ အပြစ်ရှိတဲ့သူက ပစ္စည်းကိုရပိုင်ခွင့်မရှိပါဘူး၊ ခါးတောင်းကျိုက်ခုန်ဆင်းရမယ့်သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့မှာ ဘာပစ္စည်းမှလဲ ခွဲဖို့မရှိပါဘူး ဆရာ၊ အိမ်ကငှားနေတာပါ၊ အိမ်ထောင်ပစ္စည်းလဲ ဘာမှ ကောင်းကောင်းမရှိပါဘူး၊ လူချင်းကွဲရင်ပြီးရော ဆရာ၊ ဟုတ်တယ် မဟုတ်လား သမီး"

"ဟုတ်ပါတယ်အမေ၊ သမီးလဲ မပေါင်းချင်တော့ပါဘူး"

"သမီးကိုက မိုက်တာဆရာ၊ အစကတည်းက ဒီကောင်နဲ့ ကျွန်မတို့သဘောမတူပါဘူး။ မိဘစကားနားမထောင်ဘဲ အတင်းလိုက်ပြေးလို့သာ ပေးစားလိုက်ရတာ"

"ကောင်းပါပြီ၊ ဒါဆိုလဲဖြစ်ပုံကိုသာပြောပါ၊ အမှုစွဲဖို့စီစဉ်ပါ့မယ်"

အမေရော သမီးရော တစ်ယောက်တစ်ပေါက် ပြောပြပါတယ်၊ အဖြစ်က ရိုးရိုးလေးပါ။

ကောင်လေးနဲ့ကောင်မလေး၊ သူတို့ဟာသူတို့ ကြိုက်ကြတယ်၊ ကောင်ကလေးဘက်က သဘောမတူဘူး။

ကောင်လေးကရုံးတစ်ရုံးက အထက်တန်းစာရေး၊ သူတို့နိုးပြေးပြီး ယူလိုက်ကြတယ်၊ အခန်းတစ်ခန်း ငှားနေတယ်၊ ခုဆိုသားလေး တစ်ယောက်တောင်ရပြီ၊ ကောင်လေးက အရက်မသောက်၊ ဖဲမရိုက်၊ မရှုပ်ပွေဘူး။

အဲ. . . အိမ်ပြန်လာလို့ ကောင်မလေးအိမ်မှာ မရှိရင် မကြိုက်ဘူး။ စိတ်ဆိုးတယ်၊ ကောင်မလေးကလည်း သူ့အမေအိမ်ကို ခဏခဏ သွားတတ်တယ်။

တစ်နေ့ရုံးက အပြန်မှာ ကောင်မလေးအိမ်မှာ မရှိဘူး။ ညမိုးချုပ်မှ ကလေးနဲ့ပြန်လာတယ်၊ ကောင်လေးနဲ့ စကားများတယ်၊ စကားတွေက လွန်လာတော့ ကောင်လေးက တစ်ချက်ရိုက်မိတယ်၊ စိတ်ဆိုးလာတော့ ယောကျ်ားလေးကိုး၊ ဒီသဘောလောက်ပါပဲ၊ ဒါကို မိန်းကလေးဘက်က ပုံကြီးချဲ့နေတယ်၊ မခံမရပ်နိုင်။

ကဲလေ. . . ဒီလောက်ပြောမရမှတော့ သဘောပေါ့။

**စိတ်ကူးသစ်စာပေ**



"အမှုတင်တဲ့နေ့ကို မိန်းကလေး ရုံးကိုလာခဲ့ပါ"

"ဟုတ်ကဲ့၊ အဲဒီနေ့ကို ဟိုကောင်လာမှာလား ဆရာ"

"အဲဒီနေ့တော့ မလာသေးဘူး၊ အမှုစစ်တဲ့ နေ့ကျရင်တော့ သူ့[illegible]ရလိမ့်မယ်"

"အဲဒီနေ့ကျ မလာလို့ မရဘူးလား ဆရာ"

"ဘာဖြစ်လို့လဲ"

"သူ့မျက်နှာ မကြည့်ချင်လို့ပါ"

"မရဘူး ကလေးမရဲ့၊ အမှုစစ်ရင် တရားလို တရားပြိုင် အကုန်လာရတယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

နှုတ်ဆက်ပြီး ပြန်သွားကြတယ်၊ အင်း. . . မုန်းတော့လည်း တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်အောင်ပါလား၊ ကြောက်စရာ။

◆ ◆ ◆

၀

အမှုရုံးရောက်တော့ ကောင်လေးဘက်ကလည်း ရှေ့နေငှားပါတယ်၊ ကျွန်တော့်မိတ်ဆွေပါပဲ။

လင်မယားကွာလိုမှုဟာ တရားမမှုပါ၊ တရားမကြောင်း အရစွဲရပါတယ်။ တရားမမှုဆိုတော့ တရားလိုက မိမိစွဲလိုတဲ့ အချက်တွေကို ဖော်ပြပြီး၊ အဆိုလွှာ တင်သွင်းရပါတယ်၊ တစ်ဖက်က တရားပြိုင်လို့

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်၊ ရာဇဝတ်မှုမှာလို တရားခံလို့ မခေါ်ရပါဘူး။

အမှိုပ္ပါယ်က တရားပြိုင်ဘက်ပေါ့လေ။

ကဲ. . . တရားပြိုင်ဘက်ကလည်း အဲဒီအဆိုလွှာကို ကြည့်ပြီး၊ မိမိခုခံချေပလိုတဲ့ အချက်တွေ၊ ငြင်းဆိုလိုတဲ့အချက်တွေကို စာနဲ့ ပြန်တင်ကြရပါတယ်၊ အဲဒါကို ရုံးအခေါ် ချေလွှာလို့ခေါ်ပါတယ်။

ဒီလိုနဲ့ ဆိုလွှာ၊ ချေလွှာသွားနေလိုက်တာ၊ နှစ်လလောက်ကြာပါတယ်၊ တရားမမှုတွေကြာတယ်၊ ရှည်တယ်နဲ့ပြောပြောနေကြတာ၊ ရှေ့နေတွေက အချိန်ဆွဲထားတာမဟုတ်ပါဘူး၊ တရားမကျင့်ထုံးနဲ့အညီကို လျှောက်လုပ်နေရတာလည်းပါပါတယ်။

ကဲ. . . ဒီအမှုမှာ ကောင်မလေးက တရားလို၊ ကောင်လေးက တရားပြိုင်ပေါ့၊ လင်မယားချင်း။

ကောင်လေးရဲ့ ချေပလွှာမှာလည်း လုလုပပ ပြန်ချေပထားပါ တယ်။

သူဟာ ရိုးရိုးသားသားမိန်းမကို လုပ်ကျွေးနေတဲ့သူဖြစ်ကြောင်း၊ အခြားအပျော်အပါး အသောက်အစားကင်းရှင်းကြောင်း၊ သူ့မိန်းမက သူမကြိုက်တဲ့ အိမ်လည်လွန်းလို့ ပြောဆိုဆုံးမရာမှ ရန်ဖြစ်ကြောင်း၊ မိန်းမကပဲသူ့ကို စဆဲပြီး ခုံနဲ့ပေါက်လို့ ၄င်း အနေနဲ့ ရှက်ပြီးတစ်ချက်သာ ရိုက်မိခြင်းသာ ဖြစ်ကြောင်း၊ ကလေးကိုလည်း သူမခွဲနိုင်ကြောင်း၊ သူ့ မယားကိုလည်း သူမပြတ်နိုင်ကြောင်း၊ ကွာရှင်းရန် ဆန္ဒမရှိကြောင်း၊ တော်တော် အောက်ကျနောက်ကျ ရေးသားချေပထားပါတယ်။

ထုံးစံအတိုင်း ဒီချေပလွှာကို မိန်းကလေးကို ပေးပြီးဖတ်ခိုင်းတော့ သူနည်းနည်းခိုက်သွားပုံရတယ်။

အရင်လောက် အသံမမာ။

သူ့အမေကတော့ မာမာပဲ။

◆ ◆ ◆

၁

တစ်ချိန်း. . .

နှစ်ချိန်း. . .

သုံးချိန်း. . . အမှုစစ်နေပါပြီ။

အမှုစစ်တော့ ဘယ်ရမလဲ၊ တရားလိုရော တရားပြိုင်ပါ ရုံးကို လာရတယ်။

ကောင်မလေးက ရုံးရှေ့ဘေးက ကုလားထိုင်မှာထိုင်၊ ကောင်လေးက တရားခွင်နောက်က တရားခံထိုင်တဲ့ နေရာမှာထိုင်ပေါ့။ ဒါ. . . ထုံးစံ။

ကောင်လေးကြည့်ရတာ ဆံပင်ကလည်း စုတ်ဖွား၊ ရုံးချိန်းတစ်ချိန်းနဲ့တစ်ချိန်းလည်း ပိုချောင်လာတယ်၊ မျက်တွင်းလေးကို ဟောက်လို့၊ ဝတ်ထားတဲ့အကျီ၊ လုံချည်ကလည်း ကြေမွလို့၊ မီးပူတိုက်ထားပုံမရ၊ ဖြစ်သလို ကပိုကရို။

ကောင်မလေးကို စိုက်စိုက်ကြည့်တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာသားနဲ့မယားကို လွမ်းလို့ အိပ်ပျက်ခဲ့တဲ့ ညပေါင်းများခဲ့ပြီပေါ့၊ စားရေးသောက်ရေးလည်း ဒုက္ခရောက်နေတယ်၊ လျှော်ဖွပ်ပေးမယ့် လူမရှိလို့ ဝတ်ရစားရတာလည်း အဆင်မတော့ပြေဘူး၊ သူတစ်ယောက်တည်း ဒုက္ခရောက်နေပြီ၊ သူကိုတစ်ယောက်တည်း ပစ်မထားပါနဲ့ပေါ့၊ အသနားခံတဲ့ပုံစံကြီး၊ မျက်လုံးက စကားပြောနေတယ်။

ကောင်မလေးက တက်နိုင်သလောက် မျက်နှာလွှဲနေတယ်၊ ဒါပေမယ့် ကျွန်တော်သိတယ်၊ တစ်ခါတစ်ခါ ခိုးကြည့်တယ်၊ ဟုတ်တယ်လေ၊ သူ့အမေက ရုံးခန်းတံခါးပေါက်ဝကနေ မျက်နှာခပ် တင်းတင်းနဲ့ စောင့်ကြည့်နေတာကိုး။

◆ ◆ ◆

၀

ငါးမျှိန်းမြောက်စစ်တဲ့နေ့၊

ခြောက်လလောက်ကြာပြီပေါ့။

တရားရုံးက ရှေ့ဖတ်စာရေးလေးက အမှုစစ်ဖို့ခေါ်နေပြီ။

ကျွန်တော်ဘက်က တရားလိုကောင်မလေးရော သူ့အမေပါ မရောက်လာသေး၊ ဆယ့်နှစ်နာရီတောင် ထိုးနေပြီ၊ ခါတိုင်းဆို ဆယ်နာရီလောက် သူတို့သားအမိ လာနေကျ၊ နေများမကောင်းလို့လား၊ ခရီးများလွန်လို့လား။





ရုံးက ခေါ်နေပြီဆိုတော့လည်း ရုံးခန်းကိုဝင်ရပါတယ်။တရားခွင်ရှေ့ ကိုယ်စီနေရာမှာ ဝင်ထိုင်လိုက်တယ်။

ကျွန်တော် မျက်နှာချင်းဆိုင်မှာ တရားပြိုင်ရှေ့နေ ကျွန်တော်မိတ်ဆွေကြီးယည်း အဆင်သင့်ထိုင်နေပြီ။

အဲ. . . တရားပြိုင် ကောင်လေးကိုလည်း မတွေ့သေးဘူး၊ တရားသူကြီးက တက်မလာလို့ တော်သေးတာပေ့ါ။

တရားခွင်ရှေ့မှာ ရှေ့နေနှစ်ယောက်ငုတ်တုတ်။

ခဏကြာတော့ တရားပြိုင်ရှေ့နေ ကျွန်တော်မိတ်ဆွေကြီးက ကျွန်တော်ကိုပြုံးတယ်၊ကျွန်တော်ကနှုတ်ခမ်းလေးလှုပ်ရုံပဲ လှုပ်ပြပြီး ပြုံးယောင်ပြလိုက်တယ်၊ သူပြုံးတဲ့အပြုံးကအဓိပ္ပါယ်ရှိလိမ့်မယ်၊ ကျွန်တော်ပြုံးယောင်က အဓိပ္ပါယ်မရှိ။ သူ့အပြုံးရဲ့အဓိပ္ပါယ်ကိုမသိ။

အဲဒီအချိန်မှာ ရုံးခန်းအပေါက်ဝရှေ့မှာ ကောက်မလေးရဲ့အမေ ရောက်လာတာကို တွေ့လိုက်တယ်။

မျက်နှာကြီးကနီရဲလို့၊ ကြောက်စရာကြီး၊ ကျွန်တော့်ကို ခေါင်းကလေးညိတ်ပြီးခေါ်နေတယ်။ကျွန်တော်သိချင်ဇောနဲ့ ထသွားတယ်။

"ဆရာ. . . ခဏ"

ကျွန်တော်ကိုအရိပ်အခြေပြပြီး ရုံးခန်းနဲ့ဝေးဝေးရုံးခြံစည်းရိုးနားအထိ ခေါ်သွားတယ်"

"ဟိုကောင်မ မရှိတော့ဘူးဆရာ"

အသံခပ် အုပ်အုပ်နဲ့ပြောတယ်၊ ဒေါသသံပါနေတယ်။

"ဘယ်သွားလို့လဲအဒေါ်"

"သူ့ယောကျ်ားဆီပြန်သွားပြီ၊ စားရေးထားခဲ့တယ်၊ ကလေးပါ ခေါ်သွားတယ်"

"ဟိုက်"

အံ့သြသံတော့ ထွက်သွားတယ်။ စိတ်ထဲမှာတော့ သိပ်မအံ့သြ၊ အဒေါ်ကြီး ဒေါသဖောင်းနေတယ်၊ မိဘကို အရှက်ခွဲတဲ့ကောင်မလေးစိရှက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ နှစ်ရှက်ခွဲတယ်။ သေခန်းပြတ်မယ်၊ ဘာညာနဲ့တော့ ပြောနေလေရဲ့၊ ကျွန်တော်ကတော့ အလေးအနက်မထား။

အစကတည်းက ပြောတယ်မဟုတ်လား၊ ဒီအမှုမျိုးကို မလိုက်ချင်ပါဘူးလို့၊ ကျွန်တော်ကလည်း ဘယ်လိုဇာတာလည်းမသိဘူး အဲဒါမျိုးဆို မိန်းကလေးဘက်ကပဲ လိုက်ရတာများတယ်။

ပြောလိုက်ရင်တော့ ပြတ်လိုက်တာမှ တောက်တောက်နဲ့တောင် မြည်နေသေးတယ်။

ဟော အမှုစစ်ရင်း တန်းလန်းနဲ့ ပြန်ပြန်ပါသွားတာ မနည်းတော့ မဆန်းတော့။ ဒီလိုပဲကျွန်တော်ငုတ်တုတ်ကျန်ခဲ့ရပေါင်းများပြီပဲ။

¤ မောင်စံသိန်း(ဗိုလ်ချုပ်ရွာ)



www.burmeseclassic.com

www.burmeseclassic.com

# မိခင်နို့ရည်မှမခြောက်ခင်

တစ်နေ့. . . တရားခွင်မှာ ကျွန်တော့အမှုစစ်ပြီး၊ ရုံးချိန်းပြီး၍ ထရန် ဟန်ပြင်လိုက်စဉ်. . .

"စားရေးကြီး နို့မှုအမိန့်ချမယ်၊ တရားခံထုတ်ပါ". . . ဟု တရားသူကြီးက ပြောသည့်အသံကို ကြားလိုက်သည်နှင့် ဘာနို့မှု ပါလိမ့်ဟု သိချင်စိတ် စပ်စုချင်စိတ်ကဝင်လာလို့၊ တရားခွင်မှ မထသေးဘဲ၊ ခေတ္တထိုင်ကြည့်နေပါတယ်။

ကျွန်တော့် ဂျူနီယာ ဒေါ်လှလှအေးက အမှုတွဲများသိမ်းပြီး၊ ရုံးခန်းထဲကထွက်သွားပါတယ်။

မကြာမီမှာပဲ ဥပဒေအရာရှိ ဦးဇော်မင်းရုံးခန်းထဲ ဝင်လာပြီး ကျွန်တော်မျက်နှာချင်းဆိုင် စားပွဲမှာထိုင်နေပါတယ်။ ထုံးစံအတိုင်း တရားခံကို၊ ဥပဒေဝန်ထမ်းလည်း၊ ရုံးရှေ့မှာရှိရပါတယ်။

"ဆရာ. . . ဘာနို့မှုလဲဗျ"





ကိုယ့်အမှုမဟုတ်ပေမယ့် စပ်စုမိလိုက်ပါတယ်။ ဥပဒေဝန်ထမ်းနဲ့ကလည်း လုပ်ဖော်ကိုင်ဖက်တွေမို့ လူရင်းတွေကိုး။

"သံလျင်ဈေးထဲက၊ နို့မှုလေးပါ ဆရာရယ်"

သူကကျွန်တော့် အမေးကို ပြန်ဖြေတယ်။ နို့၊ ဆိုး၊ လုယက်၊ အမှုတွေကတော့ ကျွန်တော်တို့အဖို့ရိုးနေပါပြီ။ သိပ်တော့ မထူးဆန်းတော့ပါ။

တရားခွင်က ကျွန်တော်ထမည့် အပြုတွင်၊ ရဲတစ်ယောက်က၊ တရားခံကို ရုံးရှေ့ထုတ်လာတာ တွေ့လိုက်ရပါတယ်။

တရားခံထိုင်သည့်နေရာမှာ တရားခံက၊ ကျုံ့ကျုံ့ကလေး ထိုင်နေပါတယ်။ မျက်လုံးလေး ပြူးတူးကြောင်တောင်၊ ဆံတိုတို ဆုတ်ဖွာ လေးနဲ့ အသားမဲမဲ၊ ပိန်ပိန်သေးသေးမိန်းကလေး၊ အသက် (၁၃) နှစ်၊ (၁၄)နှစ် လောက်ခန့်ဘဲရှိမယ်။

တရားခံကိုတွေ့တော့ ကျွန်တော်နည်းနည်း စိတ်ဝင်စားသွားတယ်။

ဒီမိန်းကလေးဘယ်လို နို့မှုကျူးလွန်ပါလိမ့်ပေါ့။

"ကလေးအမှုပါလား၊ ဘယ်လိုဖြစ်တာလဲ ဆရာရဲ့"

တစ်ဘက်က ဦးဇော်မင်းကို လှမ်းမေးလိုက်ပါတယ်။

"ဈေးထဲမှာ နို့ရာပါ ပစ္စည်းနဲ့ပါ မိတာဆရာရဲ့၊ အမှုကဒီလို" ဦးဇော်မင်းက၊ အမှုကို အတိုးချုပြီး ဖေါက်သည်ချပါတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

၁

"မိလုံး"ဟာ အသက်(၁၃)နှစ်ကျော်၊ (၁၄)နှစ်ထဲဝင်ကာစပဲ ရှိပါသေးတယ်။ ပညာအရည်အချင်းက၊ လေးတန်းနဲ့ ကျောင်းထွက်ခဲ့ရတယ်။

အဖေက ရေနံချေးမှုနဲ့ ထောင်ကျနေပါတယ်။

အမေက ကုန်စိမ်းရောင်းရတယ်။ ကျန်းမာရေးက မကောင်းတော့ အခုဈေးမရောင်းနိုင်တော့ပါဘူး။ အိပ်ရာထဲမှာ လဲနေပါပြီ။

မိလုံးဟာ အကြီးဆုံးသမီးပါ။ သူ့အောက်မှာ ၁၂ နှစ်အရွယ် ညီမလေးတစ်ယောက်နဲ့ ရှစ်နှစ်အရွယ် မောင်လေးတစ်ယောက်ရှိပါတယ်။

လောလောဆယ် မိသားစု စီးပွားရေး အခြေအနေအရ မိလုံး ဟာ မိသားစုတာဝန်ထမ်းဆောင်ဖို့ စီးပွားရှာဖို့ တာဝန်ကျလာပါတယ်။ အိမ်ကညီမလေးမှာ ထမင်းချက်၊ လူမမာမိခင်ကိုပြုစုပေါ့။

ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေကြရတဲ့ အခြေအနေမှာ မိလုံးကလည်း သူ့တာဝန်သူကျေအောင် ကြိုးစားဆောင်





ရွက်ပါတယ်။ ဆံဗိုး၊ ငပိဖိုးလေးရအောင် သံလျင်ဈေးထဲကို ပတ်ရပါတယ်။ သူတက်တဲ့ပညာနဲ့ ဟိုဟာသို၊ ဒီဟာရှို၊ ဟိုဟာနိုး ဒီဟာဝှက်ပေါ့။ ရတဲ့နေ့လည်းရ၊ မရတဲ့နေ့လည်းမရ။ မိသားစု ထမင်းနပ်မှန်တဲ့အခါလည်းမှန်၊ နပ်ကျော်တဲ့အခါလည်း ကျော်ပေါ့။ ကူသူဝေး. . . ကယ်သူကင်းမဲ့နဲ့ မိလုံးတို့ မိသားစု ဒုက္ခပင်လယ်ကြောမှာ နစ်ချည်ပေါ်ချည်နှင့် မျောနေရှာလေရဲ့။

မိလုံး စိတ်ကူးကလည်းမဆိုး၊ နေ့ခင်းဘက်ဈေးမှာ အလစ်သုတ်ရတာ လူမြင်သူမြင်နဲ့ တွေ့သွားရင်မခက်ပါလား။ အန္တရာယ်ရှိနိုင်တယ်။

ဈေးထဲကဆိုင်ခန်းတွေမှာ ဘယ်နေရာ ဘာရှိတယ်ဆိုတာ အလွတ်ကိုရနေတာ။

ဒီတော့မိလုံးက ဉာဏ်ကစားတယ်။ ညနေမိုးချုပ်ခါနီး ဈေးတံခါးပိတ်ချိန်မှာ တံခါးပိတ်တဲ့ ဈေးအစောင့်နဲ့ လိုက်တမ်းပြေးတမ်းကစားတယ်။ ဈေးစောင့် တောင်ဘက်တံခါးတွေ ပိတ်နေရင် သူကမြောက်ဘက်မှာခိုးတယ်။ မြောက်ဘက်မှာပိတ်နေရင် တောင်ဘက်မှာခိုးတယ် လွယ်လွယ်လေး။ ဆိုင်ချိုးဆိုင်ထောင့်၊ ဆိုင်ကြိုဆိုင်ကြား ဘယ်နားကပ်နေကပ်နေ ဈေးစောင့်တွေ တွေ့ဖို့ကမလွယ်။ သူ့ကိုယ်လုံး သေးသေးလေးနဲ့ ဘယ်နားမှာပုန်းပုန်းရတယ်။

မိလုံး ဆိုင်ချိုးလေးတစ်ခုမှာ ပုန်းနေတယ်။ သူ လူခြေတိတ်တော့ တစ်ဈေးလုံးကို မိလုံးပိုင်ပြီး၊ သူကြိုက်တဲ့လွယ်တဲ့ ပစ္စည်းလေးတွေကို မိလုံးယူတယ်။ သူနိုင်သလောက်မိသားစု တစ်ရက်စာလောက်တော့ ချောင်ကျကျဆိုင်ဘေးလေးက ခုံတန်းလျားမှာ မိလုံးအိပ်တယ်။ အော်. . အမေ. . . ဒီနေ့သက်သာပါစေ။ မလုံးဒါပဲတွေးနိုင်တယ်။ ကြာကြာမတွေးနိုင်၊ အိပ်ပျော်သွားတယ်။

ဒါပေမယ့် မနက်စောစောထရတယ်။ ဈေးစောင့်တွေ ဈေးတံခါးလာဖွင့်ရင် လိုက်တမ်းပြေးတမ်း ကစားပြီးတော့ မယောင်မလည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲကထွက်လာခဲ့တယ်။ ပစ္စည်းတွေထုခွဲသင့်တာထုခွဲပြီး။ အမေနဲ့ ညီမလေး၊ မောင်လေးတွေကို ကျွေးမွေးရတယ်။ မိလုံးမှာ ဝမ်းသာလို့၊ ဘဝရှေ့ရေးတို့ စီးပွားရေးတို့ လူမှုရေးတို့ မိလုံးခေါင်းထဲမှာ မတွေးပေါင်၊ ကလေးပဲရှိသေးတာကိုး။

◆ ◆ ◆

○

တစ်ည မိလုံးတစ်ယောက် သူလိုချင်သမျှ ပစ္စည်းတွေတစ်ပွေ့ တစ်ပိုက်ကြီးနှင့် ပီတိလုံးဆိုက်နေရှာတယ်။ ဟင်းကောင်းကောင်း ချက်စားမယ်။ အမေကို ဆေးဖိုးကဘယ်လောက်ဝယ်ပေးမယ် စသည် ဖြင့် တွေးရင်းသူ့ပုံးခို အိပ်နေကျခုံတန်းလျားမှာ အေးဆေးစွာ အိပ်ပျော် သွားပါတယ်။

နံနက်ကျတော့ နိုးနေကျအတိုင်း အာရုဏ်မလာခင် စောစော လေး နိုးနေပါတယ်။ မျက်လုံးလေးကိုပွတ်ပြီး ပေကလပ်ပေကလပ်နဲ့ ကြည့်နေပါတယ်။ ဈေးစောင့်တွေ တံခါးဖွင့်မည့် သူတွေလာဖို့ အချိန် ရောက်ပြီ။ အခုထိမလာကြသေးပါလား။

"အင်း. . . အလုပ်ကို တော်တော်မလေးစားတဲ့လူတွေပဲ"

မိလုံးက တိတ်တိတ်ကလေးကြိတ်ပြီး စိတ်ထဲကအပြစ် တင် လိုက်တယ်။

စိတ်ကူးသစ်တပေ



"အေးလေ. . . အချိန်ကျတော့ လာမှာပေါ့"

စိတ်ထဲမှာတွေးရင်း မနက်ခင်း လိုက်တမ်းပြေးတမ်းကစားဖို့ ပြင်ဆင်နေတယ်။

မိုးတောင်စင်စင်လင်းနေပြီ။ ဈေးတံခါးဖွင့်မယ့်သူတစ်ယောက် မှမပေါ်လာ။

"ဟိုက်. . . ဘာဖြစ်ပါလိမ့်။"

မလုံးစိတ်ထဲ ထိတ်ထိတ်ပျာပျာဖြစ်လာတယ်။

တကယ်တော့ ဒီနေ့ လပြည့်နေ့မို့ ဈေးပိတ်တဲ့နေ့ဆိုတာ၊ မိလုံး. . . သတိမထားမိပေဘူး။

နေက တဖြည်းဖြည်းမြင့်လာပြီ။

ဒီနေ့(၁၀)နာရီလောက်မှာ ဈေးလူကြီးတွေ အစည်းအဝေးရှိတဲ့ အတွက် အုပ်စုလိုက်ဈေးတစ်ခါးကို ဖွင့်ပြီး၊ ဈေးရုံးခန်းကိုလာကြတယ်။ ဈေးကိုရောက်တုန်းဈေးလူကြီးတွေက ဈေးကိုလှည့်ပတ် စစ်ဆေး ကြည့်ရှု ကြတယ်။

ဟော. . . တွေ့ပြီ။

မိလုံးလေး. . . ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ဈေးထဲမှာ။

"ဟဲ့. . . ဟဲ့. . . ဘယ်လိုဖြစ်တာလဲ ဒီကလေးမ"

ဈေးလူကြီးတွေက၊ မိလုံးကို ဈေးရုံးမှာ ခေါ်ပြီးစစ်လား မေးလား လုပ်ကြတယ်။ ပစ္စည်းတွေနဲ့ လက်ပူးလက်ကြပ် မိနေမှတော့ မိလုံး. . . မငြင်းသာ။ မငြင်းလည်းမငြင်းတတ်။ အဖြစ်မှန်ကို ဝန်ခံ ရတော့တယ်။

ထုံးစံအတိုင်း ဈေးလူကြီးတွေက ရဲစခန်းကိုပို့တယ်။ ရဲကလည်း သက်ဆိုင်ရာပုဒ်မတပ်ပြီး တရားရုံးကိုတင်ပို့ခဲ့တယ်။

ကဲ. . . ခုတော့ တရားရုံးက အမိန့်ချတော့မယ်တဲ့။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

○

ဦးဇော်မင်းက ခပ်တိုးတိုးပဲ အတိုချုပ်ပြောပြတဲ့ မိလုံးရဲ့အဖြစ်ကိုနားထောင်ရင်း ရင်ထဲမှာ ဆို့နစ်လာတယ်။

"သူ့အိမ်က လူတွေကော မလာကြဘူးလားဗျာ"

မိလုံးကို ကြည့်ရင်းဘေးမှာ စောင့်နေတဲ့ ရဲသားလေးကို မေးလိုက်တယ်။

"ရဲစခန်းရောက်ကထဲက ဘယ်သူမှ မလာကြဘူး. . . ဆရာ"

"ဒါဆိုကလေးသူငယ် အမှုပဲ ဆရာ၊ အာမခံနဲ့ ဆုံးမပြီး၊ သူ့မိဘထံ ပြန်အပ်ထားရုံပေါ့နော်"

ကျွန်တော်က၊ ဥပဒေအရာရှိကို လှမ်းမေးလိုက်ပါတယ်။

"ကလေးသူငယ်အမှုဆိုတော့ အာမခံမဲ့လူရှိရင် ဆိုဆုံးမပြီး၊ အာမခံနဲ့လွှတ်လို့ရပါတယ်။ မရှိရင်တော့. . . အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကျောင်းကို ပို့ရမယ်လေဆရာ။ ဒါပေမယ့် တရားခံက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကျောင်းကိုပဲ၊ သွားချင်တယ်တဲ့ဆရာ"

ကျွန်တော် မျက်လုံးပြူးသွားပါတယ်။

"ဟာ. . . ဘယ်လိုဖြစ်တာလဲ ဆရာ"





ကျွန်တော်အံ့အားသင့်လို့ မဆုံးခင်မှာ. . .

"ဟိုနေ့က တရားခံကို၊ ကျွန်တော်အကျိုးအကြောင်း ရှင်းပြလို့သိတာ"

ဦးဇော်မင်းက ပြန်ရှင်းပြနေတုန်း၊ ကျွန်တော်ရုတ်တရက်ထပြီး မိလုံးဆီကို လျှောက်သွားတယ်။

"သမီး. . . အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးကျောင်းကို၊ အဲဒီကိုဘာလို့ သွားချင်ရတာလဲ"

မိလုံးက ကြောင်အမ်းအမ်းနဲ့ပြန်ပြောတယ်။

"ဟိုမှာ အလုပ်လဲလုပ်ရတယ်။ ပိုက်ဆံလဲရတယ်လို့ ပြောပါတယ်. . . ဘဘကြီး၊ သမီးပိုက်ဆံစုပြီး အိမ်ကိုပြန်ပို့ပေးချင်လို့ပါ"

သူ့ကြည့်ရတာ အေးပြီးတည်ငြိမ်နေပါတယ်။ ကျွန်တော့်ရင်ထဲမှာသာ ပူလောင်ဆူပွက်နေပါတယ်။

"အော်. . . မိခင်နို့ရည်မှ မခြောက်ခင်. . . အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးကျောင်းကို ရောက်ချင်ရှာသလား. . . မိလုံးရယ်" ဟု ရင်ထုမနာ ဖြစ်နေမိပါတယ်။

"တရားသူကြီး တရားခွင်တက်ပြီ"

ရှေ့ဘက်စာရေးက အသံပြုလိုက်မှ၊ ကျွန်တော် တရားခွင်ထဲက ထွက်လာခဲ့ရတယ်။

တရားသူကြီးက၊ အမိန့်ဘယ်လိုချသည်တော့ ကျွန်တော်မသိပါ။ မသိလည်းမသိချင်တော့ပါ။

¤ ထိုက်စောစံထိန်း(ဗိုလ်ချုပ်ရွာ)

www.burmeseclassic.com

www.burmeseclassic.com



## ဒဏ်ရာ

တစ်နေ့ ရုံးခန်းထဲမှာ ချိန်ဘာတပည့်များကို ဒဏ်ရာနဲ့ ပတ်သက်ပြီးရှင်းပြနေပါတယ်။

အမှုတစ်ခုမှာ ဒဏ်ရာအနေအထားကလည်း အမှုရဲ့အဆုံးအဖြတ်မှာ အရေးကြီးလှပါတယ်။

ဒဏ်ရာအနေအထားနဲ့ပတ်သက်လို့ကတော့ အများအားဖြင့် အမှုတွဲမှာ ရလာတဲ့ ဆေးစာမှာ ဖော်ပြတတ်ကြပါတယ်။

ဘာပဲဖြစ်ဖြစ် ဒဏ်ရာတွေဘယ်လိုနေရာမှာ ဘယ်လိုပဲရရ ဥပဒေအမြင်မှာတော့ ဒဏ်ရာနှစ်မျိုးနှစ်စား ခွဲခြားထားပါတယ်။

(၁)သာမန်ဒဏ်ရာ (၂)ပြင်းထန်ဒဏ်ရာရယ်လို့ နှစ်မျိုးပဲရှိပါတယ်။ ဒဏ်ရာအမျိုးအစားနဲ့ ဆေးစာပတ်နည်း၊ သုံးသပ်နည်း၊ ယူဆနည်းတွေကို ချိန်ဘာတပည့်တွေကို နည်းနည်းအကျယ်ချဲ့ပြီး ရှင်းပြနေပါတယ်။

ဪ. . . ချိန်ဘာ တပည့်ဆိုတဲ့စကားလုံးကို နားမရှင်းသူ



www.burmeseclassic.com

www.burmeseclassic.com



တွေလည်းရှိကြပါလိမ့်မယ်။

ဒီလိုပါ၊ ဥပဒေကျောင်းသားတစ်ယောက်ဟာ ဥပဒေဘွဲ့ရပြီး၊ ကျောင်းပြီးပြီဆိုရင် တရားရေးဆိုင်ရာဌာန၊ ဥပဒေရေးရာဌာန တွေ့မှာ သက်ဆိုင်ရာနေရာ အသီးသီးမှာ၊ အစိုးရတာဝန်ကို ဝင်ရောက်ထမ်းဆောင်နိုင်ပါတယ်။

တကယ်လို့ မိမိဘာသာသီးသန့် ဥပဒေပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုမယ်ဆိုရင်၊ ဒါမှမဟုတ် မိမိကိုယ်ပိုင် ရှေ့နေရှေ့ရပ်လုပ်မယ် ဆိုရင်၊ ဥပဒေဘွဲ့နဲ့ကျောင်းဆင်းပြီးရင်ပြီးချင်း တရားရုံးချုပ်ရှေ့နေအဖြစ် သက်တမ်းငါးနှစ်ကျော်တဲ့ ဝါရင့်ရှေ့နေကြီးများထံမှာ လက်တွေ့တရားရေးရာတွေကို၊ လေ့လာပညာသင်ရပါတယ်။

တစ်နှစ်တိတိလက်တွေ့ လုပ်ငန်းကိုလေ့လာပြီး၊ ဝါရင့်ရှေ့နေကြီးတွေက ၄င်းထံတွင်လက်တွေ့ ဥပဒေပညာကို လေ့လာသင်ကြားခဲ့ကြောင်း ထောက်ခံမှ၊ ရှေ့နေလိုက်ဖို့ လိုင်စင်ကိုရပါတယ်။

အဲဒီ ဥပဒေပညာသင် ကျောင်းသားတွေကို (Chamber Student) ချိန်ဘာ ကျောင်းသားလို့ခေါ်ပြီး၊ သင်ကြားရတဲ့ ဆရာကို (Chamber Master) ချိန်ဘာ ဆရာရယ်လို့၊ ဥပဒေလောကမှာ အများအားဖြင့် ခေါ်ဆိုအသုံးပြုကြပါတယ်။

အဲဒီထဲက သွက်သွက်ထက်ထက်ချိန်ဘာတပည့် မခင်သူဇာက မေးပါတယ်။

"ဆရာ. . . သာမန်ဒဏ်ရာနဲ့ ပြင်းထန်ဒဏ်ရာကို ဘယ်လိုခွဲခြားမလဲ ဆရာ"

"အေး. . . ဒါက မေးစရာပဲကွယ့်၊ ရှင်းရှင်းလင်းလင်းပြန်ဖြေရရင်တော့ ပြင်းထန်ဒဏ်ရာမဟုတ်ရင် သာမန်ဒဏ်ရာပေါ့ကွာ"

"ဟား. . . ဟား. . . ဟား"

ချိန်ဘာအဖွဲ့က ရယ်ပါတယ်။

"ဆရာဟာက ရှင်းလွန်းအားကြီးနေတော့ နားမလည်တော့





ဘူး ဆရာရဲ့၊ အဲဒါကိုထပ်ရှင်းပါဦး"

ကိုဇညားဆိုတဲ့ တပည့်တစ်ယောက်ကဝင်ဖောက်တယ်။

အဲဒီအချိန်မှာ ရုံးခန်းထဲကို ဧည့်သည်တစ်ယောက် ရောက်လာတယ်။

"လာဗျို့. . . ဦးလှမောင်ကြီး"

အမှုသည် ဦးလှမောင် ဆိုသူဖြစ်တယ်။

"ဆရာရှိပါ့မလားလို့ ဝင်ကြည့်တာပါ"

"ကဲ. . . ဝင်ထိုင်ပါဦးဗျာ၊ ကိစ္စရှိလို့လား၊ ဖြည်းဖြည်းပေါ့ဗျာ၊ ခဏလောက်စောင့်ဦး၊ ဒီမှာစကားလက်စဖြတ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ရပါတယ်ဆရာ"

ဦးလှမောင်က ကျွန်တော်တို့ထိုင်စကားပြောနေတဲ့ စားပွဲရဲ့ တစ်ဖက်မှာရှိတဲ့ ဆက်တီစားပွဲကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်တယ်။

ကျွန်တော်က ဒဏ်ရာနဲ့ပတ်သက်ပြီး ဆက်ရှင်းပြနေတယ်။

ဦးလှမောင်ဆိုတာက ကျွန်တော့်အမှုသည်၊ သူ့တူတစ်ယောက် သကြၤန်တုန်းက. . . ရေကစားရင်းရန်ဖြစ်ကြတယ်။ ထိုးကြကြိတ်ကြရိုက်ကြနှက်ကြနဲ့ အမှုဖြစ်ပြီး ရုံးလာတိုင်ကြလို့၊ အမှုကရဲစခန်း ရောက်နေပြီး သူ့တူကျော်အောင်က ဒဏ်ရာရလို့ ဆေးရုံတင်ထားရတယ်။ အမှုဖြစ်တော့ ကျွန်တော့်ဆီပြေးလာပြီး အမှုကအပ်ထားပြီးပြီ။

သူနဲ့ကတော့ ပြောစရာစကားလည်း သိပ်မရှိတာနဲ့ ခဏထိုင်စောင့်နိုင်ထားတာဖြစ်တယ်။

သူက စီးကရက်တစ်လိပ်ဖွာရင်း ကျွန်တော်တို့အဖွဲ့ ဆွေးနွေးနေတာကို စိတ်ဝင်တစားနားထောင်နေတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

၀

ကျွန်တော်စောစောကစကားကိုပြန်ဆက်လိုက်တယ်။

''ဟုတ်တယ်လေ. . . မောင်ဗညားရဲ့၊ ပြင်းထန်ဒဏ်ရာဆိုတာ ဘယ်လိုဒဏ်ရာမျိုးကိုခေါ်တယ်ဆိုတာ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၂၀ မှာပြဋ္ဌာန်းထားတယ်မဟုတ်လား။ ဘာတွေလဲမှတ်မိသေးလား။ကျောင်းတုန်းကသင်ထားတာတွေ''

ကျွန်တော်ကမေးလိုက်တယ်။

''ဟုတ်ကဲ့ မှတ်မိပါတယ်ဆရာ''

မခင်သူဇာကပင် သွက်သွက်လက်လက်ဖြေပါတယ်။

''ကဲ. . . ရွတ်ပါဦးဘာတွေလဲ''

''လူကို သင်းကွပ်တာပါ ဆရာ''

''အင်း''

''မျက်စိတစ်ဖက် အမြဲမမြင်အောင်လုပ်တာပါ ဆရာ''

''အေး. . . ဟုတ်ပြီနောက်ရော''

''နားတစ်ဖက်ကို အမြဲမကြားအောင်လုတ်တာပါ ဆရာ''

''ဟုတ်ပြီ''

''နောက်တော့ကော''





မသူဇာ နည်းနည်းမေ့တော့တော့ဖြစ်နေတယ်။

''ကိုယ်လက်အင်္ဂါအဆစ်အမြစ်တစ်ခုခုကို ကျိုးပဲ့ပျက်စီးအောင်လုပ်တာပါဆရာ''

ကိုဗညားက ဝင်ပြောတယ်။

''အေးပေါ့ကွ အရိုးတစ်ခုခုကိုထိခိုက်သွားမယ်၊ ကျိုးပဲ့ပျက်စီးသွားမယ်ဆိုရင်၊ ပြင်းထန်စွာနာကျင်စေမှုလို့ခေါ်တယ်''

ကျွန်တော်က ဝင်ဖြည့်ပေးလိုက်တယ်။

''အင်း. . . သတိရပြီဆရာ၊ ကိုယ်လက်အင်္ဂါ၊ အဆစ်အမြစ်တစ်ခုခုအင်အားကို ဖျက်ဆီးခြင်း အမြဲချို့တဲ့အောင် ပြုခြင်းပါဆရာ''

မခင်သူဇာကပြောတယ်။

''ဒါလည်းအရေးကြီးတာပဲ၊အဆစ်အမြစ်တစ်ခုခုကို ထိခိုက်ချို့တဲ့သွားမယ်ဆိုရင်၊ ဒီလူဟာဘယ်အလုပ်လုပ်နိုင်တော့မလဲ၊ဒါလဲအပြင်းအထန်နာကျင်စေမှုပဲ''

''နောက် ဦးခေါင်းကိုဖြစ်စေ၊ မျက်နှာကိုဖြစ်စေအမြဲရုပ်ပျက်ဆင်းပျက်ဖြစ်အောင်ပြုလုပ်ခြင်းပါ ဆရာ''

မခင်သူဇာကပင်ပြောတယ်။

''အေး. . . အဲဒါလည်းအရေးကြီးတယ်၊ မျက်နှာမှာရုပ်ပျက်ဆင်းပျက် တစ်သက်စာလုံးသေရာပါအောင် ဒဏ်ရာအနာတရ ဖြစ်အောင် လုပ်မယ်ဆိုရင် ပြင်းထန်ဒဏ်ရာပဲ''

ကျွန်တော်က လိုမည်ထင်တဲ့အချက်တွေကို ဝင်ထောက်ပြတယ်။

''နောက်တစ်ချက်က အရိုးကို၊ သွားကိုကျိုးအက်ကွဲအောင်ဖြစ်စေ၊ တိမ်းလွဲအောင်ဖြစ်စေပြုလုပ်ခြင်းပါ ဆရာ''

မခင်သူဇာကအတော်သား။ ကျောင်းကစာသားတွေ၊ ဥပဒေအချက်တွေ တော်တော်မှတ်မိနေပုံရတယ်။ ပြစ်မှုပုဒ်မ–၃၂၀မှာ ဖော်ပြထားတဲ့၊ ပြင်းထန်စွာနာကျင်စေမှုရဲ့ အင်္ဂါရပ်တွေ၊ အထူးသဖြင့် ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ချက်တွေကို အတော်လေးသိထားသား။ ကိုဗညားကလည်း အားကျမခံ။

''နောက်ဆုံး အချက်အနေနဲ့ ကျွန်တော်သတိရတဲ့အချက်က၊ လူတစ်ယောက်ကို. . . အသက်အန္တရာယ်ဖြစ်စေအောင် (သို့မဟုတ်) နာကျင်ခံရသူသည် ရက်ပေါင်းနှစ်ဆယ်အတွင်း ကိုယ်လက်အင်္ဂါ အပြင်းအထန် ဝေဒနာခံရအောင် (သို့မဟုတ်) ရက်ပေါင်း နှစ်ဆယ်အတွင်း၊ မိမိလုပ်ဆောင်တဲ့ အလုပ်အကိုင်တို့ကို မလုပ်နိုင်အောင် နာကျင်စေခြင်းကို ဆိုထားပါတယ် ဆရာ''

''အေး. . . ကိုဗညားက မှတ်မိသားပဲကွ၊ ဒီအချက်ကလည်း တို့သတိထားရမယ့် အချက်ပဲ၊ လူတစ်ယောက်ဟာ မိမိရရှိတဲ့ ရောဂါဝေဒနာကိုခံစားရပြီး၊ မိမိလုပ်ကိုင်နေကျလုပ်မြဲအလုပ်ကို ရက်ပေါင်းနှစ်ဆယ်မလုပ်နိုင်ဘူး ဆိုရင်၊ ဒါပြင်းထန်တဲ့ဒဏ်ရာလို့ခံစားရ တာပဲကွ''

''ဟုတ်ကဲ့ဆရာ''

ချိန်ဘာတပည့်လေးတွေက တစ်ညီတစ်ညာတည်း သဘောပေါက်ကြတယ်။

''ဒါကြောင့်ပြင်းထန်ဒဏ်ရာလို့ သတ်မှတ်ထားတဲ့အချက်ထဲ မဝင်ရင်၊ သာမန်ဒဏ်ရာပေါ့ကွ'' ဟုတ်တယ်လေ။ ဥပဒေပညာဆိုတာ ဒီလိုပဲ၊ ဆရာတပည့်တွေ လက်ဆင့်ကမ်းမျှဝေ ထိန်းသိမ်းသယ်ဆောင်ခဲ့ကြရတာပဲမဟုတ်လား။

ကျွန်တော့် ချိန်ဘာတပည့်တွေက လိုအပ်တဲ့မှတ်စုတွေလိုက်ပြီး မှတ်နေကြတုန်း၊ အမှတ်မထင်ဘေးမှာထိုင်နားထောင်နေတဲ့ ညှေ့သည်ကိုလှမောင်ဆီက မမျှော်လင့်တဲ့ အသံထွက်လာတယ်။

''ဆရာ. . . ကျွန်တော်အရေးကြီးလို့ ပြန်လိုက်ဦးမယ် ဆရာ''

''ဟ. . . ဦးလှမောင်ကြီး၊ ခင်ဗျားနဲ့ကျွန်တော်နဲ့ဘာမှစကားမပြောရသေးဘူး၊ ဘာအရေးတကြီးကိစ္စပေါ်လာပြန်တာလဲ''

''မဟုတ်ဘူး ဆရာ၊ ခု ဆရာတို့ ဆရာတပည့်တွေ ပြောနေ





တာကို နားထောင်ပြီး၊ ခုကျွန်တော် အရေးတကြီးလုပ်ရမယ့် ကိစ္စတစ်ခုပေါ်လာလို့ပါ''

''ဩော်. . . ဆို''

''ဒီလိုပါ ဆရာ၊ ခုဆေးရုံရောက်နေတဲ့ ကျွန်တော့်တူ. . . ကျော်အောင်ကို ဆေးရုံကဆရာဝန်က အတင်းဆင်းခိုင်းနေတယ် ဆရာ၊ ခေါင်းကဒဏ်ရာကလည်း မသက်သာသေးဘဲနဲ့''

''အင်း. . . ဒီတော့ ခင်ဗျားဆိုလိုတာက'' ကျွန်တော်က သဘောမပေါက်သေး သူ့ကိုကြောင့်ပြီးမေးလိုက်တယ်။

''ဒါရှင်းနေတာပဲ ဆရာရဲ့၊ ခုနက ဆရာရှင်းပြတဲ့ ပြင်းထန်ဒဏ်ရာဖြစ်ဖို့အတွက်၊ အနည်းဆုံး ရက်နှစ်ဆယ် မိမိအလုပ်ကို မလုပ်နိုင်ရဘူး မဟုတ်လား၊ ခုဆယ့်ရှစ်ရက်ကျော်ကျော်နဲ့ ဆေးရုံက ဆင်းခိုင်းတော့၊ ဒါမရိုးသားဘူးလို့ထင်တယ်ဆရာ၊ ကျွန်တော့် တူကိုဆေးရုံအရင်မဆင်းဖို့ အချိန်မီသွားတားရမယ်ဆိုတာ အကြံပေါ်သွားလို့ပါဆရာ''

သူက အကျယ်အဝင့် ရှင်းပြလိုက်တော့မှ သူရေးကြီး သုတ်ပျာထပြန်တာကို သဘောပေါက်လိုက်သည်။

''အင်း. . . ဒါလဲဟုတ်ပေသားပဲ၊ ရန်သူဆိုတာ လျှော့တွက်လို့တော့မရဘူးလေ၊ မသမာသော နည်းတွေသုံးပြီး ဆေးရုံကဆင်းပေးလိုက်ရော၊ ဒဏ်ရာကပြင်းထန်ရာကနေ၊ သာမန်ဒဏ်ရာဖြစ်သွားရင်၊ ပြစ်မှုပုဒ်မက လျှော့လျှော့ပေါ့ပေါ့ ပြောင်းသွားမယ် မဟုတ်လား၊ လူသားတွေကိုး ကြံကြဖန်ကြမှာပေါ့''

ဩော်ဥပဒေမှာ ဒဏ်ရာကလည်း အရေးကြီးပါလား။

⌑ ကိုယောင်စံသိန်း(ပိုလ်ချုပ်ရွာ)

www.burmeseclassic.com

www.burmeseclassic.com




## ဂမ္ဘီရအစွမ်း

''ကုလား ဆရာကြီး''

''ကုလား ဆရာကြီး''နဲ့ ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးပါတယ်။

ရွာထဲမှာ ကျွဲပျောက်၊ နွားပျောက်၊ ပစ္စည်းပျောက်တဲ့ကိစ္စက အစအိမ်အရောင်းအဝယ်၊ မြေအရောင်းအဝယ်၊ လင်မယားကွာရှင်း ကိစ္စတွေလည်း အကုန်ရပါတယ်၊ ဗေဒင်လား၊ ယတြာလား၊ ဓာတ်ရိုက်၊ ဓာတ်ဆင်လားတော့ မသိပါ၊ ဂမ္ဘီရပညာကတော့ အတော်စုံပါတယ်။

တစ်နေ့ဆရာကြီးတို့ရွာထဲက မောင်ကျော်ထူး မှုံးမှုံးနဲ့ ရောက်လာပါတယ်။

''ဆရာကြီး''

''ဆိုလေကွာ''

''ကျွန်တော့်ကို ကယ်ပါအုံး ဆရာကြီးရယ်''

''ဆို''

''ကျွန်တော့်မိန်းမ ကျွန်တော့်ဆီပြန်မလာတာ(၃)လ တော့ရှိတော့မယ်ဆရာကြီး၊ ကျွန်တော်ပြန်ခေါ်လို့လည်းမရဘူး''

''နို့ သူကဘယ်မှာ ရောက်နေလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"သူ့မိဘအိမ်မှာပါ ဆရာကြီး၊ ကျွန်တော်နဲ့ညားတာ(၃)လ လောက်ဘဲရှိသေးတယ်၊ သူ့မိဘတွေက သဘောမတူလို့ခွဲထားပါတယ် ဆရာကြီး"

"လွယ်ပါတယ်"

"ဟုတ်ကဲ့ အားကိုးပါရစေ၊ ဆရာကြီး"

"အေး၊ မင်းမိန်းမ မင်းဆီပြန်လိုက်လာရစေမယ်ကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

"ငါပြောသလိုသာလုပ်ပါ၊ အေး. . . နေအုံး၊ ဒါပေမယ့် မင်း ငါ့ကို ပစ္စည်းတစ်ခုတော့ရအောင်ယူပေးရမယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါ ဆရာကြီး"

"အေး. . . အဲဒီပစ္စည်းကတော့ မင်းမိန်းမဝတ်တဲ့ အတွင်းခံ အကျီပဲကွ၊ မင်းအဲဒါကိုတော့ ရအောင်ယူပေးရမယ်၊ အဲ့ဒီပစ္စည်း ရရင် တော့၊ မင်းမိန်းမ မင်းဆီကို ပြန်ကိုလာရမယ်"

"ဟုတ်ကဲ့ ရနိုင်ပါတယ် ဆရာကြီး၊ ကျွန်တော်သူ့ပစ္စည်းတွေ ဘယ်မှာထားတယ်ဆိုတာ ကျွန်တော်သိပါတယ်"

"အေး. . . အဲ့ဒီ အကျီလေးရရင်တော့ ဆရာအစွမ်းသိရမှာ ပေါ့ကွာ၊ ငါ့ပြောတဲ့အချိန်ကို မင်းရောက်အောင်သွားဘို့ပဲ၊ မင်းမိန်းမ မင်းဆီကို ပြန်ကိုလိုက်လာရမယ်"

"ဟုတ်ကဲ့ ကျေးဇူးကြီးပါတယ် ဆရာကြီး၊ ဆရာကြီး ပညာကို လည်း ကျွန်တော်ယုံပါတယ်"

မောင်ကျော်ထူးက ကုလားဆရာကြီးကို ဉာဏ်ပူဇော်ခများ ပေးပြီး သွက်လက်သောခြေလှမ်းများနှင့် ပြန်လာခဲ့တယ်။ သူလှမ်းနေ တဲ့ခြေလှမ်းများကတော့ ရွာတောင်ပိုင်း အရက်ဆိုင်ဆီသို့ပင်ဖြစ်တယ်။

သားမယားနဲ့ကွဲနေတော့လည်း ဖြေဖျောက်စရာက အရက်ပဲ ရှိတော့တယ်လေ။

◆ ◆ ◆

၁

"ဆရာရှိလား"

"ရှိပါ့ဗျာ၊ လာဘိုတိုး"

ကျွန်တော့်ရုံးခန်းရှေ့ကို ရောက်လာတယ် ဦးတိုးကြည်နှင့် ညှိသည်တစ်သိုက်ကို လှမ်းကြည့်လိုက်မိတယ်။

ဦးတိုးကြည်ဆိုတာက ကျွန်တော်မိတ်ရင်း ဆွေရင်းလူတစ် ယောက်တော့ ရွာမှာနေတယ်၊ အကြောင်းကိစ္စရှိရင် ကျွန်တော့်ဆီ ရောက် လာတတ်တယ်။

"လာ. . . ထိုင်ကြပါ"

သူတို့ ကျွန်တော့်ရုံးခန်းထဲက ဆက်တီကုလားထိုင်မှာ ဝင်ထိုင် ကြတယ်။

"ကိစ္စပေါ်လာလို့ ဆရာဆီပြေးလာရတယ် ဆရာရေ"

"ဖြည်းဖြည်းပေါ့ဗျာ၊ နားနေပါအုံး၊ လက်ဖက်ရည်လေး ဘာ လေးသောက်ပါအုံး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်နေရာမှာထိုင်တဲ့ ကျွန်တော့်ဂျူနီယာ ဒေါ်လှလှအေးက လက်ဖက်ရည်မှာလိုက်တယ်၊ နောက်ညွှန်ကြားချက်ရေးဖို့ ဒေါ်လှလှအေးက ကျွန်တော်ခုံဘေးမှာ စာရွက်တွေအသင့်ပြင်ပြီး လာထိုင်တယ်၊

"သူက ဒေါ်တင်တင်အေးတဲ့၊ ဒါကသူ့သမီး မလှတင်"

ဘိုတိုးက စကားအစချီပြီး မိတ်ဆက်ပေးလိုက်တယ်။

ဒေါ်လှအေး၊ ဝဝဖိုင့်ဖိုင့် အသက်(၅၀)ကျော်လောက်ရှိမယ်၊ မလှတင်ကတော့ ပျိုပျိုရွယ်ရွယ်အသက်(၂၀)ကျော်လောက်ပေါ့၊ ကျွန်တော် ခန့်မှန်းကြည့်မိတယ်။

"ဒီကောင်မလေးက ရွာကပဲ ကျော်ထူးဆိုတဲ့ကောင်လေးနဲ့ လိုက်ပြေးတယ်ဆရာ၊ (၃)လလောက်ပဲရှိသေးတယ်၊ ဒီကောင်လေးက သည်းသောက်သောက်အားစားလေး၊ သူ့မိဘတွေက သဘောမတူလို့ ပြန်ခေါ်ပြီး ခွဲထားတယ်ဆိုပါတော့ဆရာ"

"ဟုတ်ပါတယ် ဆရာ၊ ဒီကောင်က အလုပ်လည်း မယ်မယ်ရရမလုပ်ဘူး၊ အသောက်အစားကလည်းရှိသေးတယ် ဆိုတော့၊ ကျွန်မတို့ကသဘောမကျဘူးဆရာ၊ သမီးကို ပြန်ပေါင်းမခိုင်းတော့ဘူး"

သူ့အမေ ဒေါ်တင်အေးက ဝင်ပြောတယ်

သူ့သမီး မလှတင်ကတော့ ခေါင်းကလေးငုံ့ပြီးထိုင်နေတယ်။ ကျေနပ်လားမကျေနပ်လားတော့ ကျွန်တော့်မသိ။

"တိုတိုပဲ ပြောကြပါစို့ ဆရာ" ဘိုတိုးက ဝင်ပြောတယ်။

"ဟုတ်ကဲ့"

"ဒီကောင်လေးက ညဘက်၊ သူတို့အိမ်ကို လာလာချောင်းတယ်၊ ချောင်းတာ အေးအေးဆေးဆေး မဟုတ်ဘူး၊ တွေ့တဲ့ပစ္စည်းကို အလစ်သုတ် သွားသေးတယ်"

"ဒါနဲ့ ဘိုတိုးရဲ့ သူတို့အိမ်အနေအထားလေးလည်း ပြောပါအုံး"





"အိမ်ကရွာထဲမှာ စည်းရိုး၊ စည်းတားခြံဝန်းနဲ့ပါ၊ အိမ်က ခြေတံရှည်၊ အိမ်အောက်မှာကတော့ လူမနေပါဘူး၊ ပစ္စည်းလေး ဘာလေး ပဲထားတယ်၊ လူတွေကအပေါ်မှာ အိပ်ပါတယ်"

"ဟုတ်ကဲ့"

ဒေါ်လှလှအေးက လိုအပ်တဲ့ အချက်အလက်တွေ လိုက်မှတ်နေပါတယ်၊

"ဟိုတစ်နေ့ညက(၁၂)နာရီလောက်မှာ အဲဒီကောင်ကျော်ထူး အိမ်အောက်ကို ဝင်လာတယ်၊ ကျွန်မလည်းနိုးနေပြီ၊ အပေါ့သွားချင်တာနဲ့၊ အိမ်အောက်ကအိမ်သာကိုဆင်းတယ်၊ အိမ်အောက်ရောက်တော့ လူရိပ်တွေ့တာနှင့် တံခါးထောင့်ကနေကွယ်ပြီးကြည့်တယ်၊ ကျော်ထူးပဲ အိတ်တစ်အိတ်ကို မ,နေတာတွေတယ်၊ ကျွန်မကသူခိုး၊ သူခိုးနှင့် အော်တော့မှ ထွက်ပြေးတယ်"

ဒေါ်တင်အေးက အဲဒီညကအဖြစ်အပျက်ကို စီကာပတ်ကုံး ပြောပြနေတယ်။

"သူထွက်ပြေးသွားတာဘယ်သူတွေ တွေ့လိုက်သေးလဲ"

ကျွန်တော်က လိုအပ်တဲ့အချက်ကိုမေးလိုက်တယ်။

"ကျွန်မတို့အိမ်ခြေရင်းက ကျွန်မအော်သံကြောင့် နိုးနေတဲ့ လင်းမယားနှစ်ယောက်လည်း မြင်လိုက်တယ်ဆရာ"

"ကျေးရွာ ယ–ရ–က မတိုင်ဘူးလား"

ကျွန်တော်က မေးလိုက်တယ်။

"အဲ့ဒီညက ယ–ရ–က ကို သွားတိုင်ပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်မတို့က ဒီကောင့်ကို ထိထိရောက်ရောက် အပြစ်ရစေချင်ပါတယ် ဆရာ၊ ဒါကြောင့် ဆရာဆီကို ဦးတိုးကြည်ကို အကူအညီ တောင်းပြီး လာခဲ့တာပါ"

"ဟုတ်တယ်ဆရာ၊ ဒီကောင်နောက် မစော်ကားရဲအောင် လုပ်ချင်တယ်ဆိုလို့၊ ကျွန်တော် ဆရာဆီ ခေါ်လာတာပါ" ဦးတိုးကြည်



www.burmeseclassic.com

www.burmeseclassic.com



က ဝင်ပြောတယ်။

ဒီတော့မှ ဇာတ်ရည်လည်လာပါတော့တယ်။

"အင်း၊ ကိုယ့်ကျေးရွာသူ ကျေးရွာသားချင်းပဲ အဒေါ်ကြီးရယ်၊ သိပ်လည်း ဒေါသမကြီးပါနဲ့၊ အရေးယူရင်တော့ အခုအဒေါ်ကြီးပြောတဲ့ အချက်အလက်နဲ့ပဲ သူပြစ်မှု ကျူးလွန်ကြောင်းတော့ ထင်ရှားနေပါတယ်"

"နောက် မစော်ကားရဲအောင် ကျွန်မတို့လုပ်ချင်ပါတယ်ဆရာ"

ဒီလောက်ပြောနေမှတော့ ကျွန်တော့်အနေနှင့် ဥပဒေအရ အရေးယူဆောင်ရွက်ပေးရုံသာ ရှိပါတော့တယ်။

"ကဲ. . . ဒေါ်လှလှအေး အဲဒီအမှုကို ရဲစခန်းမှာ တိုင်ချက်ဖွင့်လိုက်ပါကွာ၊ ညအချိန် အိမ်ဥပစာအတွင်း ဖောက်ထွင်းဝင်ရောက်မှုနှင့် ပစ္စည်းခိုးယူမှုနဲ့ ဖွင့်လိုက်ပါ၊ ဦးတိုးကြည်တို့ အဒေါ်ကြီးတို့လည်း ရဲစခန်းလိုက်သွားလိုက်ပါ"

ကျွန်တော့်ညွှန်ကြားချက်အရ ဦးတိုးကြည်တို့ လူတစ်စု ကျွန်တော်ကို နှုတ်ဆက်ပြီး ရဲစခန်းဘက်ကိုထွက်သွားခဲ့ပါတယ်။

သူများအိမ်ထဲကို အခွင့်မရှိဘဲ အချိန်မတော် သွားဝင်တော့ အပြစ်တော့ရှိတာပေါ့လေ။

◆ ◆ ◆

၀

ရဲစခန်းကလည်း အဲဒီအမှုကို ညဘက်အချိန်မတော်၊ အိမ်ဥပစာအတွင်း ကျူးကျော်ဝင်ရောက်မှု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၁နှင့် အမှုဖွင့် အရေးယူပါတယ်။

တရားခံကျော်ထူးကို ဖမ်းပြီးအချုပ်ထဲမှာ ချုပ်ပါတယ်၊ သက်ဆိုင်ရာသက်သေတွေကို စုံစမ်းစစ်ဆေးပြီးတော့ အမှုကို တရားရုံးကို တရားစွဲတင်ပို့ပါတယ်။

အမှုကတရားရုံးရောက်ပြီပေါ့။

အမှုတရားရုံးတင်တဲ့နေ့မှာပဲ တရားလိုဒေါ်လှတင်နှင့်အတူ သူ့ယောက်ျားကိုဘိုအေး၊ ဦးတိုးကြည်တို့လည်းပါလာကြတယ်။

ကျွန်တော့်ရုံးခန်းထဲမှာ ထိုင်မိကြသောအခါ၊ ဒေါ်လှတင်တို့ လင်မယားမျက်နှာက အားရကျေနပ်နေပုံရပါတယ်။ ဦးတိုးကြည်ရဲ့ မျက်နှာကတော့ စပ်ဖြဲဖြဲဖြစ်နေပါတယ်။

ဘာအမိပ္ပါယ်များနှင့်ပါလိမ့်၊ ကျွန်တော့်မတွေးတက်တော့ပါ။

ဦးဘိုးအေးက ရှင်ပြတဲ့ မျက်နှာနဲ့ပြောပါတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com





"ဒီကောင့်ကို မှတ်လောက်သားလောက်အောင်ထားမှ ကောင်းမယ်ဆရာရဲ့၊ ဒီကောင်တော်တော် အနှောက်အယှက်ပေးတဲ့ အကောင်၊ အရက်သောက်ဖို့ အရက်ဖိုးရအောင် ဟိုဟာဆွဲ ဒီဟာဆွဲနဲ့ ဟိုတလောကဆို ကျွန်တော့် မိန်းမအတွင်းခံ အင်္ကျီပါ၊ ပါသွားတယ် ဆရာရဲ့. . ."

"ဟား ဟား ဟား"

ဦးတိုးကြည်က အားရပါးရ ရယ်ပါတယ်။

ကျွန်တော် သဘောမပေါက်သေးပါ၊ ဘာအဓိပ္ပါယ်လဲ၊ ဦးတိုးကြည် ဘာကြောင့် ရယ်ပါသလဲမသိပါ။

ဒါနဲ့ထွေရာလေးပါး ခဏပြောနေရင်း

"အမှုစစ်ဖို့ရုံးက ခေါ်နေပြီဆရာ"

ကျွန်တော့် ဂျူနီယာ ဒေါ်လှလှအေးက လာခေါ်ပါတယ်။

"အေး. . .အေး ဒီအမှုမင်းပဲ စစ်လိုက်တော့ကွာ၊ ကဲ ဒေါ်လှတင်တို့လည်းလိုက်သွားတော့"

ကျွန်တော်က ကျွန်တော့ ဂျူနီယာကို စေခိုင်းလိုက်ပါတယ်။

ဦးဘိုးအေး၊ ဒေါ်လှတင်နှင့် ဦးတိုးကြည်တို့လည်း ထလိုက်သွားကြပါတယ်။

ရုံးခန်းထဲမှ ကျွန်တော်တစ်ယောက်တည်း ကျန်နေခဲ့ပါတယ်။

ခဏအကြာမှ ပြုံးဖြဲဖြဲနဲ့ ဦးတိုးကြည်တစ်ယောက်တည်း ရုံးခန်းထဲကို ပြန်ဝင်လာပါတယ်။

"ကိုတိုး၊ ဘာဖြစ်လို့လဲ"

ကျွန်တော်က ဆီးပြီးမေးလိုက်ပါတယ်။

ဘိုတိုးက စပ်ဖြဲဖြဲမျက်နှာနဲ့

"ဘာမှ မဟုတ်ပါဘူး ဆရာရဲ့၊ ဆရာကို စကားလေး တစ်လုံးလောက်ပြောစရာကျန်နေလို့လာပြောတာ"

"ဆို"

"ဒီလိုဆရာရဲ့. . ." ဟုအစချီပြီး မောင်ကျော်ထူး ယကြာသွားလုပ်တဲ့ ကုလားဆရာကြီးတို့ ကိစ္စကို အတိုချုံးပြီးပြောပြပါတယ်။

"ကုလား ဆရာကြီး ပညာကလည်း မှန်တယ်ဆရာရဲ့၊ သူအခါပေးတဲ့အချိန်မှာ သူအခါပေးတဲ့အတိုင်း ဖြစ်တာပဲ၊ ဒါပေမဲ့ မောင်ကျော်ထူး ပထမခိုးသွားပြီး ယူလာတဲ့အတွင်းခံအင်္ကျီက သူမိန်းမ အင်္ကျီမဟုတ်ဘဲ ဒေါ်လှတင်ရဲ့အင်္ကျီဖြစ်နေတော့ အခါပေးတဲ့အချိန်မှာ ဒေါ်လှတင်ဆင်းလာပြီး မောင်ကျော်ထူးအချုပ်ထဲရောက်သွားတာ ဆရာရဲ့ ဟား. . . ဟား. . . ဟား"

"ကောင်းရောဗျာ"

ကျွန်တော် နှုတ်က အာမေဋိတ်သံပြုလိုက်ရပါတော့တယ်။

⌑ ထိုဟောင်စံထိန်း(ဗိုလ်ချုပ်ရွာ)



www.burmeseclassic.com

www.burmeseclassic.com




## ဆူးကိုချိုးတဲ့ဖက်

ရှေးလူကြီးများ ဆိုစကားတစ်ခုရှိပါတယ်။

''ဆူးပေါ် ဖက်ကျလည်း ဖက်ပေါက်မယ်၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်မယ်'' တဲ့

ဒီဆိုစကားဟာ. . . များသောအားဖြင့် အမျိုးသားနဲ့ အမျိုးသမီးတွေရဲ့ ပေါင်းသင်းဆက်ဆံရေးကို ရည်ညွှန်းပြောဆိုခဲ့ဟန်တူပါတယ်။

အမျိုးသမီးနဲ့ အမျိုးသားယှဉ်ပြီး ပြဿနာတစ်ခုခုဖြစ်ရင် အမျိုးသမီးဘက်ကဘဲအရှက်ရမယ်၊ အကျိုးနည်းမယ်၊ ဂုဏ်သိက္ခာထိပါးမယ်ဆိုတဲ့ သဘောကိုရည်ညွှန်းပြီး ပြောဆိုသတိပေးခဲ့ဟန်တူပါတယ်။

ပြောင်းလဲလာတဲ့ ခေတ်ရေစီးကြောင်းအရ၊ အဲဒီအဆုံးအမဟာ အခုခေတ်မှာတော့ အန်မဝင် ဂွင်မကျတော့ဘူးနဲ့ ရှုပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတွေလည်း သူ့အခွင့်အရေးနဲ့သူ တိုးတက်ခေတ်မီလာတဲ့ အယူအဆတွေ ပြည့်စုံလာကြလို့ပါပဲ၊ အမျိုးသားတွေနဲ့ ရင်ဘောင်တန်းပြီး၊ ခေတ်နဲ့ အညီတိုးတက်လာကြပါပြီ။ ရှေးယခင်ခေတ်ကလို မဟုတ်တော့ဘူးနဲ့ တူပါတယ်။

ဒါပေမဲ့...တရားရုံးမှာ အချုပ်ခန်းထဲကို အမျိုးသားတွေနဲ့ ရင်ဘောင်တန်းပြီး အမျိုးသမီးတွေ ဝင်လာတဲ့မြင်ကွင်းကို မြင်ရတာကတော့ ရင်ထဲမှာ မချမ်းမြေ့လှပါဘူး၊ တစ်ခါတစ်ရံ အချုပ်ခန်းတွင်မှာ အမျိုးသား အချုပ်သားထက် အမျိုးသမီးအချုပ်သားက ပိုမိုများ နေတာတွေ့ရပါတယ်။

ဘာအမှုတွေ ကျူးလွန်လို့များ ဖမ်းရပါလိမ့်။

အော် များသောအားဖြင့် ပုဒ်မ ၃(ခ) တွေများပါတယ်။

ပုဒ်မ ၃(ခ) ဆိုတာကတော့၊ တရားရုံးနယ်ပယ်မှာ ရိုးနေပါပြီ၊ ဘေးကလူတွေသာ နားထဲမှာ ဆန်းနေကြပါလိမ့်မယ်။

ဟိုအမှုလေ...အရပ်အခေါ် မှောင်ရိပ်ခိုမှုပေါ့။

လျှပ်စစ်ဓာတ်အားတွေ မကြာမကြာ ပြတ်လပ်နေတဲ့အချိန်မှာ မှောင်ရိပ်ခိုတိုင်းလည်း အဲ့ဒီအမှုမျိုး ဖြစ်ချင်မှဖြစ်မယ်ပေါ့။ ဥပဒေအရ ပြဋ္ဌာန်းထားချက်ကလည်းရှိသားပဲ၊ ဒီအချက်တွေနဲ့ ငြိစွန်းနေလို့၊ ဖမ်းတဲ့သူကလည်း ဖမ်းတာဖြစ်မှာပေါ့။

အဲဒီဥပဒေပုဒ်မ ၃(က) မှာ ...

"...နှုတ်အမူအရာနှင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့် ဖြစ်စေ၊ ဟိရိဩတ္တပ္ပတရားကင်းလျက်၊ မိမိကိုယ်ကာယကို တမင်လှစ်ပြခြင်းဖြစ်စေ၊ တခြားနည်းဖြင့်ဖြစ်စေ၊ အာရုံငြိစွဲစေလျှင်(သို့မဟုတ်) အာရုံငြိစွဲစေရန် အားထုတ်လျှင်(သို့မဟုတ်)"

ပုဒ်မ ၃(ခ)မှာ "...တစ်ဦးတစ်ယောက်သောသူအား မြူခေါ်သွေးဆောင်ခြင်း၊ နှောက်ယှက်ခြင်း၊ တားဆီးခြင်း(သို့မဟုတ်) အနီးအနားတွင် ရစ်ဝဲခြင်းပြုလျှင်၊ ထိုသူကို အလုပ်ကြမ်းနှင့် တစ်နှစ်အောက်





မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်စီရင်နိုင်စေရမည်" ဟုပြဋ္ဌာန်းထားပါတယ်။

ဖော်ပြပါအမှုတစ်ခုခုကို ကျူးလွန်လို့ဖမ်းတဲ့သူကလည်း ဖမ်းမှာပေါ့၊ မှောင်ရိပ်ခိုတိုင်းလည်း သူ့ဟာသူရိုးရိုးသားသားမှောင်ရိပ်ခိုရင် ဘယ်အဖမ်းခံလိမ့်မလဲ၊ ဒါလည်းလေ...သူ့အကြောင်းနဲ့သူတို့ရှိ ကြမှာပေါ့၊ အကြောင်းတရားတွေက အမျိုးမျိုးဘဲလေ။

ကျွန်တော့်မှာ အဖြေမထွက်နိုင်တဲ့ သင်္ချာတစ်ပုဒ်လို စဉ်းစားနေသလိုအတွေးနယ်ချဲ့နေတုန်း။

"ဆရာ...အသုဘသွားပို့မလို့ဆို၊ (၁)နာရီထိုးတော့မယ်"

ကျွန်တော့်ဂျူနီယာဒေါ်လှလှအေးက သတိပေးတယ်။

"အေး...ဟုတ်ပါ့...ကဲဒါဆိုလည်း ဆရာသွားလိုက်အုံးမယ်၊ ကျန်တဲ့အမှုတွေ ဆက်စစ်ထားလိုက်တော့"

"ဟုတ်ကဲ့ ဆရာ"

ပြောပြောဆိုဆိုရုံးခန်းထဲက ထွက်လာခဲ့တယ်။

◆ ◆ ◆

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မောင်အေးကို

အသက် ၂၂ နှစ်

အသုဘအခေါင်းမှာစာရေးထားတယ်၊ ဟုတ်တယ်. . . ကျွန်တော့် မိတ်ဆွေတစ်ယောက်ရဲ့ သားပါ၊ တတိယနှစ်ဓာတုဗေဒနဲ့ ကျောင်းတက်နေတယ်။

မိဘက ပညာရေးကို အားပေးတယ်၊ နေ့ကျောင်းတက်တယ်၊ သူငယ်ချင်းတွေ့နဲ့ ဘော်ဒါဆောင်မှာ နေမယ်ဆိုလို့၊ ဘော်ဒါဆောင်မှာ ထားတယ်၊ ပညာရေးအတွက် အလိုလိုက်ရတာပေါ့။

ကျောင်းမှာဘာကြေး၊ ညာကြေး၊ ကျူရှင်ဖိုးတွေကလည်း ပေးလိုက်ရတာ အမျိုးမျိုး၊ အပေါင်းအသင်းလေးကဘက်လာတယ်၊ ဘယ်ကျူရှင်တွေတက်ပြီး၊ ဘာပညာတွေရလည်းတော့မသိဘူး၊ ရောဂါ ကတော့ရလာတယ်။

ရောဂါကလည်း ဒီနေ့ကမ္ဘာမှာ ကုလို့မရတဲ့ရောဂါ၊ သိတယ် မဟုတ်လား၊ လူမျိုးတုံးရောဂါ၊ ခုခံအားကျဆင်းတဲ့ရောဂါ၊ ဘယ်လိုမှ မတတ်နိုင်ဘူး၊ အသက်ပါပေးလိုက်ရရော။

စိတ်ကူးသစ်စာပေ



မိဘတွေကတော့ ရင်ကျိုးရော၊ နှမြောစရာ၊ ကမ္ဘာသကာပဲ ပေါ့လေ. . .

အသုဘပို့ပြီး ပင်ပန်းနွမ်းနယ်စွာသံဝေဂများစွာနဲ့ ရုံးခန်းကို ပြန်ရောက်လာခဲ့တယ်။

◆ ◆ ◆

၀

"ဘာလဲကွ"

ကျွန်တော့် ဂျူနီယာဒေါ်လှလှအေးက အနားကို ရောက်လာလို့ မေးလိုက်တယ်။

"ဖိတ်စာ ဆရာ"

သူ့လက်ထဲက ဖိတ်စာလေးကိုလှမ်းကြည့်လိုက်တယ်။

"ဦးလှအေး"

"အသက် ၅၈ နှစ်"

ဆွမ်းသွတ်တရားတော်နာ ဖိတ်ကြားစာ၊ နာရေးဖိတ်စာလေး လှမ်းပေးပြီး၊ ဒေါ်လှလှအေးရုံးခန်းအပြင်သို့ထွက်သွားတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . . ဒီကောင်လည်းသွားပြန်ပြီ"

ကျွန်တော်က ရေရွတ်မိတယ်။

ကိုလှအေးဆိုတာကကျွန်တော့်မိတ်ဆွေ၊ နိုင်ငံခြားသင်္ဘောသား၊ ကမ္ဘာ့နိုင်ငံတော်တော်များများကို ရောက်ဖူးတယ်၊ တိုက်နဲ့ကားနဲ့၊ အိမ်ထောင်ပစ္စည်းကလည်း လိုလေသေးမရှိ၊ ဒါပေမဲ့ ဟိုတလောက အဲဒီရောဂါရ သလိုလို. . . ဘာလိုလိုသတင်းကြားတယ်။

သတင်းမေးရအောင်ကလည်း၊ ဒါမျိုးက ခက်သားလား၊ တော်တော်ရင်းနှီးကျွမ်းဝင်တာတောင်မှ မေးရမြန်းရတာကမလွယ်လှဘူး၊ ယဉ်ကျေးမှုအရ၊ လူမှုရေးအရ ထောက်ထားစရာတွေက ရှိသေးတယ်။

ဘာပဲဖြစ်ဖြစ်လေ၊ သူလည်းသင်္ဘောသားပဲ၊ ပိုက်ဆံပေါ်တာပေါ့၊ ရောဂါဖြစ်လာရင်ကုမှာပေါ့လို့ပဲ သဘောထားလိုက်ရတယ်၊ သိပ်နင်လားငါလား အတွင်းကျကျမမေးရဲ။

ဟော. . . ခုတော့သွားရှာပြီ။ လှေပြေးတုန်းတက်ကျိုးဆိုသလို မိသားစုအတွက် နှမြောစရာ။

ကျန်ရစ်တဲ့သားတွေ သမီးတွေအတွက်ရော ကောင်းပါအုံးမလား။

အော် ဖြစ်ရလေ သူငယ်ချင်းရယ်။

သူ့အကြောင်း စိတ်မကောင်းစွာ တွေးနေမိတယ်။

ခုတလော ရပ်ကွက်ထဲမှာလည်း၊ ကောင်လေးတွေ၊ အရွယ်ကောင်းလေးတွေ လေးငါးယောက်ဆုံးပါးသွားသံကြားတယ်။

ပညာရေးဆုံးခန်းတိုင်မရောက်သေးတဲ့သူတွေ၊ စီးပွားရှာလို့မှကောင်းတုန်း၊ အရှိန်ရတုန်း အရွယ်တွေ၊ လှေပြေးရင်းတက်ကျိုးဆိုသလို၊ ဒီရောဂါနဲ့ပဲအသက်ပါပေးဆပ်သွ ားနေတယ်။

သက်ဆိုင်ရာမိသားစုတွေအတွက် နှမြောစရာသလို၊ တိုင်းပြည်အတွက်လည်းနစ်နာဆုံးရှုံးရပါတယ်။

ဒီတော့ ကျွန်တော်စဉ်းစားမိတယ်၊ ဟိုရှေးလူကြီးများပြော





စကားဖြစ်တဲ့. . .

ဆေးပေါ် ဖက်ကျလည်းဖက်ပေါက်တယ်၊ ဖက်ပေါ်ဆေးကျလည်း ဖက်ပေါက်တယ်ဆိုတဲ့စကားဟာ သံသယဖြစ်လာတယ်။

အခုတိုင်းပြည်အတွက် အညွှန့်အတက်ဖြစ်တဲ့ အင်မတန်ချွန်ထက်တဲ့ဆေးတွေတော်တော်များများ ကျိုးကုန်တာတွေ့နေရတယ်။

အဲဒီအချိန်မှာ ကျွန်တော့်ဂျူနီယာ ဒေါ်လှလှအေး ရုံးခန်းထဲကို ပြန်ဝင်လာတယ်၊ သူ့မျက်နှာနည်းနည်းညိုးနေတယ်။

"ဆရာ. . . အေး. . . အေး နွယ်တို့ ၃(ခ) အမှုအမိန့်ချတယ် ဆရာ"

"ဘယ်လောက်ချလိုက်သလဲ"

သိတယ်လေ၊ ဒီအမှုထောင်ကျတော့မယ်ဆိုတာ၊ ကျွန်တော်လည်းမကယ်နိုင်ဘူး။

အနိုပ်ခန်းတစ်ခုမှာမိတာ၊ မွေ့ရာခုနစ်လုံး၊ ခေါင်းအုံးက ခုနစ်ခု၊ မိန်းကလေးခုနစ်ယောက် သက်သေခံပစ္စည်းက အပြည့်အစုံ နဲ့ မိနေမှတော့ ဘယ်လွတ်ပေါက်ရှိပါ့မှာလဲ။

"တစ်ယောက်သုံးနှစ်စီ ဆရာ"

"ဟာ. . . များတယ်ကွာ၊ တစ်နှစ်လောက်ဘဲချသင့်တယ်"

"စီမံချက်လို့ ပြောတယ်ဆရာ"

ဒေါ်လှလှအေးက သူသိသလောက်ပြောရှာတယ်။

"အေး လေ နိုင်ငံတော်ကလည်း ဒါတွေပပျောက်အောင်တော့ ထိန်းချုပ်နေတာပဲ"

ကျွန်တော့်နှုတ်ကရေရွတ်မိတယ်။

စိတ်ထဲမှာကတော့. . . အတွေးအမျှင်တန်းလာတယ်။

ဘယ်လောက်ထိန်းချုပ်ထိန်းချုပ်၊ အဲဒီအမှုတွေက များများလာတယ်၊ ဘာကြောင့်မှန်မသိဘူး၊

ဒီတော့ဖက်ပေါ်ဆေးကျလည်း ဖက်ပေါက်တယ်၊ ဆေးပေါ်ဖက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကျလည်းဖက်ပေါက်တယ်ဆိုတဲ့စကားဟာ မှန်ပါအုံးမလားလို့ သံသယ ရှိလာပါတယ်။

ဘာဘဲဖြစ်ဖြစ်ဆူးကို ချိုးတဲ့ဖက်တွေပေါ်ပေါက်လာနေတာ တော့မျက်မြင်တွေ့နေရပြီ၊ အင်မတန်ချွန်ထက်စူးရှတဲ့ ဆူးကလေးတွေ ကျိုးကျိုးကုန်တာတွေ့နေ. . . တွေ့နေရတယ်။

ကျွန်တော့် ဆန္ဒကတော့၊ ကမ္ဘာပေါ်မှာ ဆူးကိုချိုးတဲ့ဖက်တွေ ကွယ်ပျောက်ကုန်ပါစေလို့ ဆန္ဒပြုလျက်. . . ။

⌑ ကိုမောင်စံထိန်း(ဗိုလ်ချုပ်ရွာ)



www.burmeseclassic.com

www.burmeseclassic.com

## အာမခံများလေရော့သလား

ကိုယ်ကကျူးရင် ကိုယ်ဒူးတောင်မယုံရဘူးတဲ့၊ ရှေးရှေးက မြန်မာဆိုရိုးစကားရှိတယ်၊

ဆိုလိုတာက လူဆိုတာတစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုတောင် ယုံကြည်စိတ်ချလို့မရဘူး၊ မမျှော်လင့်တဲ့အခက်အခဲတွေ ပြဿနာတွေက ကြုံတက်တယ် မဟုတ်လား။ ဘယ်နေရာမှ စိတ်ချထားလို့ မရဘူး၊ ဒီကြားထဲသူများကို အာမခံရတယ်ဆိုတာ တော်တော် ယုံနိုင်ခဲ့တဲ့ စိတ်ချနိုင်ရခဲတဲ့ အလုပ်တစ်ခုပါ။

ဒါပေမဲ့ တရားစီရင်ရေးနယ်ပယ်မှာတော့ ဒီအာမခံဆိုတဲ့ စကားက တော်တော်လေး ရေပန်းစားပါတယ်။

ဆိုကြပါစို့၊ တရားရုံးမှာ တရားခံတစ်ယောက်အနေနဲ့ အစွပ်စွဲခံ၊ အရေးယူခြင်းခံရပြီဆိုရင် အဲဒီတရားခံ ထွက်မပြေးအောင် ရုံးချိန်းမှန်မှန်လာအောင် တရားရုံးက တရားခံတစ်ယောက်ကို အာမခံနဲ့





လွှတ်ထားလေ့ရှိပါတယ်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေမှာကိုက ဘယ်ပုဒ်မနဲ့ဆို အာမခံ မပေးရဘူး၊ ဘယ်ပုဒ်မနဲ့ဆို အာမခံပေးရမယ် စသည်ဖြင့် အတိအလင်း ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်၊

တကယ်လို့ အာမခံမပေးရဘူးလို့ ပြဋ္ဌာန်းထားတဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ တခုခုနဲ့ တရားစွဲဆိုထားရင်တောင်မှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ပြဋ္ဌာန်းထားပါတယ်၊

ဒီအာမခံ ပေးတဲ့ကိစ္စက အတော်လေး ရှုပ်ထွေးပါတယ်၊ တရား ရုံး တရားခံတစ်ယောက်ကို အာမခံပေးရင် လုံလောက်တဲ့ အထောက် အထားတွေနဲ့ ပြည့်စုံမှ ပေးလေ့ရှိတယ်၊

ဥပမာ တရားခံတစ်ယောက်ကို အာမခံပေးတော့မယ်ဆိုရင် တရားရုံးက ခိုင်လုံတဲ့အထောက်အထားတွေတင်ပြမှ ပေးလေ့ရှိပါတယ်၊ တရားခံတစ်ယောက်ကို (၅)သိန်းကျပ်တန်အာမခံနှစ်ယောက်နဲ့အာမခံ ပေးတယ်ဆိုပါစို့။

အာမခံမဲ့သူတွေဟာ မှတ်ပုံတင် အထောက်အထား၊အိမ်ထောင် ဦးစီးဖြစ်ကြောင်း အထောက်အထား ငှင်းလူမှာ အာမခံတောင်းသည့်ငွေ အား ပေးလျော်စေနိုင်လောက်တဲ့ ပစ္စည်းပိုင်ဆိုင်မှုအထောက်အထား တွေ ခိုင်လုံအောင်တင်ပြပြီး တရားခံဟာ ရုံးချိန်းမှန်မှန်လာအောင် တာဝန်ယူကြောင်း၊ တရားခံဟာ ထွက်ပြေးတိမ်းရှောင်မည့်သူ မဟုတ်ကြောင်း၊ တရားရုံးက စစ်ဆေးပြီးခံဝန်ချုပ်ရေးထိုးမှ အာမခံပေးလေ့ရှိပါတယ်။

ဒါကြောင့် တရားခံတစ်ယောက်ကို အာမခံဖို့ဆိုတာမလွယ် ပါဘူး။

ဒါတောင်မှ တရားရုံးတွေမှာ ထောက်ခံချက်အပြည့်အစုံယူပြီး အာမခံမည့်သူအဖြစ် လိုက်စားနေသူတွေ တော်တော်များများတွေ့ရ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ်တောင် မယုံရ၊ စိတ်မချရတဲ့ အခြေအနေမှာ တခြားသူတစ်ယောက်ကို အာမခံပေးဘို့ဆိုတာ အတော်သတိထားစရာ ကောင်းတဲ့ကိစ္စပါ၊ ဒါပေမယ့် အာမခံလိုက်ရင် တစ်နေ့ကျပ်လေးထောင်၊ ငါးထောင်၊ တစ်သောင်းစသည်ဖြင့် ထိုက်ထိုက်တန်တန်ရနေတော့ နောက်မှ ဘာပဲဖြစ်ဖြစ်၊ လောလောဆယ်ပိုက်ဆံရဖို့ အရေးကြီးတယ်လို့ ယူဆပြီး၊ အာမခံလိုက်စားနေတဲ့သူတွေလည်း တရားရုံးတွေမှာ တော်တော်များများ တွေ့ရပါတယ်၊

နောင်ခါလာနောင်ချေးပေါ့။

အင်း၊ တရားရုံးမှာ အာမခံလုပ်တဲ့အကြောင်းတွေကိုတွေးပြီး ရုံးခန်းထဲမှာ ထိုင်ပြီးစဉ်းစားနေမိတယ်။

◆ ◆ ◆

၀

''ဆရာရှိလား''

ပြင်ပရုံးခန်းပေါက်ကနေပြီး အသံပြုရင်းလူတစ်ယောက် ရုံးခန်းထဲကိုဝင်လာပါတယ်။

''ရှိပါတယ်ရှင့်၊ ကြွပါ၊ ထိုင်ပါ''

စိတ်ကူးသစ်စာပေ



ကျွန်တော့် ဂျူနီယာ ဒေါ်လှလှအေးက လှမ်းနှုတ်ဆက်ရင်း ဧည့်သည်ကို ကြိုဆိုနေရာပေးပါတယ်၊

ကျွန်တော်ရုံးခန်းထဲကနေ ထွက်လာပြီး ရုံးခန်းအရှေ့ပိုင်း ဆက်တင်စားပွဲမှာ ထိုင်နေတဲ့ ကျွန်တော့်မိတ်ဆွေ ဦးလှအေးနဲ့ အခြားလူ တစ်ယောက်ကို တွေ့လိုက်ပါတယ်။

''ဟဲ ဦးလှအေးပါလား၊ ဘယ်ကလှည့်လာတုန်း''

မိတ်ဆွေဦးလှအေးကို နှုတ်ဆက်ရင်း ကုလားထိုင်ခုံ တစ်လုံးမှာ ကျွန်တော်ဝင်ထိုင်လိုက်ပါတယ်၊

''ဘယ်ကမှ လှည့်မလာဘူးဆရာရေ၊ ကျွန်တော်ဆရာ့ဆီကို ဘဲလာခဲ့တာ''

ဦးလှအေးဆိုတာက ရွာတစ်ရွာက ကျွန်တော့် မိတ်ဆွေ တစ်ယောက်ပါ၊ လူရိုးလူအေးတစ်ယောက် အမှုခင်းလည်း တစ်ခါမှ မဖြစ်ဖူးဘူး၊ ရိုးရိုးသားသားလူတစ်ယောက်ဆိုတာ ကျွန်တော်သိပြီးသား။

''ဟဲ၊ ဆိုပါအုံး အမှုကိစ္စတော့ မဟုတ်ဘူးနဲ့တူတယ်''

''အမှုကိစ္စတော့ မဟုတ်ဘူးဆရာ အမှုကိစ္စဆိုရင်လည်းရတယ်''

''ဟဲ ခင်ဗျားဟာက ဆန်းသလိုဘဲ၊ ကဲပါဗျာ လက်ဖက်ရည် လေး ဘာလေးသောက်ပါအုံး၊ ဖြေးဖြေး ဆိုတာပေါ့''

ကျွန်တော့် ဂျူနီယာမလှလှအေးက လက်ဖက်ရည်မှာ တိုက်တယ်၊ နောက်သူစားပွဲမှာ ထိုင်ပြီးကိစ္စကို နားစွင့်နေဟန်တူပါတယ်။

''ဒီလို ဆရာရဲ့ ကျွန်တော့်အမှုတော့မဟုတ်ဘူး၊ ကျွန်တော် လည်းတစ်ခါမှ အမှုမဖြစ်ဖူးဘူး ဆရာလည်းသိသားပဲ၊ ဒါပေမယ့် အမှုက ကျွန်တော့်လာပတ်နေတယ်''

''ဟ ဆိုပါအုံး၊ ခင်ဗျားကဘာလုပ်မိလို့လဲ''

''ကျွန်တော်တို့ရွာ၊ ကျွန်တော်နဲ့သွေးသား သိပ်မကင်းတဲ့ ကောင်လေးတစ်ယောက်အမှုဖြစ်တယ်''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''အင်း အမှုက ဘာအမှုလဲ''

''ထုံးစံအတိုင်း နှစ်လုံးအမှုပေါ့ဆရာရယ်''

''လောင်းကစားမှုပေါ့''

''ဟုတ်တယ်ဆရာ၊ လောင်းကစားမှုပါ''

''ခင်ပျားနဲ့ ဘာဆိုင်လဲ''

''ကျွန်တော်နဲ့ဘာမှမဆိုင်ဘူး၊ ဘာမှလည်းပတ်သက်ပါဘူး ဆရာရယ်''

''အင်း''

''ဒါပေမယ့် ရုံးကကောင်လေးကို အာမခံပေးမယ်ဆိုလို့ အာမခံလိုက်ဘို့ ကျွန်တော့်ကို သူ့အမေက လာခေါ်တယ်''

''အင်း''

''ကျွန်တော်လည်း သွေးသားကလည်းမကင်းရာမကင်းကြောင်း ဖြစ်နေလို့ အဲဒီအမှုမှာ အာမခံလိုက်တယ်၊ ကျွန်တော့်ရော၊ ဟောဒီက ဦးဘတင်ရောဆိုပါတော့''

သူ့ဘေးမှာထိုင်နေသော ဦးဘတင်ကိုပါ မေးငေါ့ပြတယ်၊ ဦးဘတင်ကို အကဲခတ်ရတာလည်း ရိုးရိုးသားသား တောသူတောင်သားတစ်ယောက်ပါ။

''အာမခံတာ ဘာဖြစ်လဲ ဦးလှအေးရယ်၊ ဒီလိုဘဲလူတိုင်းလည်း အာမခံလိုက်နေကြတာပဲ၊ တချို့ဆိုငွေကြေးနဲ့တောင် အငှားလိုက်ပြီး အာမခံနေကြသေးတယ်''

ဒီအချိန်မှာ လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်လာပို့နေပြီမို့ အရှေ့ စားပွဲမှာ လက်ဘက်ရည်ခွက်တွေချထားပါတယ်။

''ကဲ ကဲ လက်ဖက်ရည်လေး သောက်လိုက်ကြပါအုံးဗျာ၊ ခင်ပျားဟာက ပြဿနာမှ မဟုတ်တာ''

''ပြဿနာ တက်နေပြီဆရာ''

''ဦးလှအေးက မျက်ကလဲဆန်ပြာပြောလာတယ်''





''ဘယ်လိုဖြစ်လို့တုန်း''

''အခု၊ အဲဒီကျွန်တော်တို့ အာမခံထားတဲ့ ကောင်းလေးက သူ့ အမှုအခြေအနေမကောင်းလို့လားတော့ မသိဘူး ရွာမှာမရှိတော့ဘူး ဆရာ၊ ထွက်ပြေးသွားပြီ''

''ဟင်''

ကျွန်တော်က အာမေဋိတ်တစ်ချက် ပြုလိုက်တယ်၊ သောက်လက်စ လက်ဖက်ရည်တွေ ပြန်အန် မထွက်လာအောင်လည်း သတိထားလိုက်ရတယ်''

''အဲဒါ တရားရုံးက ကျွန်တော်တို့နှစ်ယောက်ကို ဆင့်တဲ့စာရောက်နေပြီ ဆရာ၊ ဒီမှာ ရုံးခေါ်တဲ့စာ''

''သူ့ဘေးလွယ်အိတ်ထဲက စာရွက်ကလေးကို ထုတ်ပြီးပြ တယ်၊ ကျွန်တော်အသာယူကြည့်လိုက်တယ်၊''

ဦးဘတင်ကို အကဲခတ်ကြည့်လိုက်တော့ မျက်နှာငယ်လေးနဲ့ သူအတော်ကြောက်နေပုံရတယ်၊ လူရိုးတွေကို၊ ဦးလှအေးလည်း မျက်နှာပျက်နေတယ်။

''ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲဆရာ''

အားကိုးတကြီးမေးတဲ့အသံ။

''ဟား. . . ဟား . . . ဟား''

ကျွန်တော်က အားရပါးရရယ်လိုက်တယ်။

''ဘာရယ်တာလဲဆရာ''

''ဆရာဘာလုပ်လို့ရမလဲ၊ ခင်ပျားဟာခင်ပျား အာမခံထားတဲ့ ဥစ္စာ၊ အာမခံကဘယ်လောက်နဲ့ပေးထားလဲ''

''ငါးသိန်းတန် နှစ်ယောက်နဲ့ ဆရာ''

''အေး. . . ဒါဆိုလဲရှင်းသားပဲ၊ တစ်ယောက်ငါးသိန်း လျော်လိုက်ရန် တော့ပြီးပြီပေါ့''

''ငါးသိန်းကြီးများတောင် လျော်ဘို့ကလဲ ကျွန်တော်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲရှိလို့ပါဆရာ''

ဦးဘတင်က အသံညှိုးငယ်စွာနဲ့ ဝင်ပြောတယ်။

''မလျော်နိုင်ရင်လည်း တရားခံကို မိအောင်ခင်ဗျားတို့ လိုက်ဖမ်းပေါ့''

''တရားခံကလည်း ဘယ်ပြေးမှန်းမသိဘူး ဆရာ၊ ကျွန်တော်တို့လည်းတတ်နိုင်သလောက် စုံစမ်းရှာဖွေနေပါတယ် ဆရာ''

''သတင်းရလား''

''သတင်းအစအနတောင် မရဘူးဆရာ''

''အဲဒါဆိုခင်ဗျားတို့ အချုပ်ထဲဝင်ရုံပဲရှိတော့တာပေါ့''

''ဟာ. . . ဆရာကလဲ''

နှစ်ယောက်လုံး မျက်လုံးပြူးသွားကြတယ်။

''ဆရာကလည်းမလုပ်နဲ့လေဗျာ၊ အစကခင်ဗျားတို့ဘာလို့အာမခံကြသေးလဲ၊ ဘာအကျိုးကျေးဇူးရလို့တုန်း''

''ကျွန်တော်က သွေးသားမကင်းလို့ပါ ဆရာရယ်၊ ဒီ ဦးဘတင်ကတော့ တစ်ရွာတည်းသားဆိုပြီး အိမ်နားပါးနီးဖြစ်လို့ အားနာလို့လိုက် လာတာ၊ ဘာအကျိုးခံစားမှုမှလည်း မရပါဘူး ဆရာရယ် အဲ. . . အဲ့ဒီ နေ့က လက်ဖက်ရည်လေး တစ်ခွက်လောက်တော့ သောက်ရပါတယ်''

''အေးပေါ့ဗျာ၊ ကိုယ့်ကိုကိုယ်တောင် ယုံရခက်ခက်ဖြစ်နေတဲ့ အချိန်မှာ သူများကိုအာမခံတယ်ဆိုတာ၊ စွန့်စားမှုတစ်ရပ်ပါဗျာ၊ ကဲခုလို မမျှော်လင့်တာတွေ ဖြစ်လာတော့ စိတ်သောက ရောက်ကုန်ကြရတာပေါ့''

''ဒါ ပထမဦးဆုံးနဲ့ နောက်ဆုံးအကြိမ်ပါပဲ ဆရာရယ်၊ နောက်လည်း အာမမခံရဲတော့ပါဘူး''

''ဒီလိုလည်း မဟုတ်ဘူးလေ၊ ဦးလှအေးရဲ့ ကိုယ်အာမခံမယ့် ပုဂ္ဂိုလ်ရဲ့ အခြေအနေ အထောက်အထားတွေကို တွက်ဆပြီး၊ စလုပ်ကတည်းက စဉ်းစားပြီး လုပ်သင့်တာပေါ့ မဟုတ်ဘူးလား''





''ဟုတ်ပါတယ် ဆရာရယ်၊ ဒီတစ်ခါ ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ အကြံအဉာဏ်လေး ပေးပါအုံး''

''သူတို့က အကြံအဉာဏ်တွေ တောင်းခံလာပါတယ်''

ကျွန်တော်လည်း အနီးရှိစားပွဲမှာ ထိုင်နားထောင်နေတဲ့ ဒေါ်လှလှအေးကိုခေါ်ပြီး သူတို့နှစ်ယောက်အတွက် လျှောက်ထား အသနားခံစာရေးဖို့ ပြင်ဆင်လိုက်ရပါတော့တယ်။

◆ ◆ ◆

၁

သူတို့ နှစ်ယောက်ဆင့်ခေါ်တဲ့ ရုံးချိန်းနေ့မှာပဲ ရုံးတော်က သူတို့လျှောက်ထားအသနားခံစာနဲ့ ပတ်သက်ပြီး လိုအပ်သမျှကို စုံစမ်းစစ်ဆေးပါတယ်။

တရားရုံးက သူတို့လျှောက်ထားချက်ကို လက်ခံစဉ်းစားပြီး ရိုးသားသူများဖြစ်ကြောင်းလည်း ပေါ်ပေါက်သည့်အတွက် တစ်ဦးကို နှစ်သိန်းခွဲစီ လျော်ကြေးပေးသွင်းဘို့လျှော့ပေါ့ပြီး အမိန့်ချမှတ်ပေးလိုက်ပါတယ်။

''ကဲ. . . ဦးလှအေး၊ နှစ်သိန်းခွဲစီတော့ လျော်လိုက်တော့ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com

ရုံးကလည်း ခင်ဗျားတို့ကို တက်နိုင်သလောက်လျှော့ပေါ့ စဉ်းစားပေးတာဘဲ''


''လျှော်ပါ့မယ်ဆရာရယ်၊ ကျွန်တော်တို့ရှာကြပြီး မဖြစ်ဖြစ်အောင်လျှော်ပါ့မယ်၊ မိုက်ပြစ်မိုက်ဒဏ်ပေါ့''

''ဦးလုအေးက တရားရုံးအမိန့်ကို ကျေကျေနပ်နပ်ကြီးခံယူပါတယ်၊ ဦးဘတင်ကလည်း ခေါင်းတညိတ်ညိတ်နဲ့ပေါ့''

''အာမခံတယ်ဆိုတာလွယ်တယ်များမှတ်နေရောလား''

ဟုကျွန်တော့်စိတ်ထဲမှာ ရေရွတ်မိတယ်။

⌑ ကိုယောင်စံသိန်း(ဗိုလ်ချုပ်ရွာ)



www.burmeseclassic.com

www.burmeseclassic.com

## ရီမန်

"ရီမန်"တဲ့၊ ဘာလဲရီမန်ဆိုတာ

အဲဒီစကားကိုကြားရင်လူတွေနားမရှင်းဘဲရှိကြပါလိမ့်မယ်။

အင်္ဂလိပ်စကားလား၊ ကုလားစကားလားစသည်ဖြင့် ဘာလိုလို တင်ကြပါလိမ့်မယ်။

ဒါပေမယ့်

"ရီမန်ကြီးတစ်ပတ်တဲ့ဟေ့" ဒါမှမဟုတ်

"ရီမန်လေးတစ်ပတ်တဲ့ဟေ့" လို့ပြောတဲ့အသံကြားရင်တော့ ဒါလူတစ်ယောက်ကို ရဲစခန်းမှာချုပ်တာပဲ၊ ဖမ်းတာပဲလို့အလွယ်တကူ သဘောပေါက်ကြပါလိမ့်မယ်။

ဟုတ်ပါတယ်"ရီမန်" ဆိုတဲ့စကားဟာ တရားဥပဒေ လောက မှာ သုံးတဲ့စကားပါ။

ဥပဒေဝေါဟာရ အဘိဓာန်မှာ Remand ရီမန် "ဆိုတဲ့





စကားလုံးကို" ချုပ်မိန့်လို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။

လူတစ်ယောက်ကို သက်ဆိုင်ရာပြည်သူ့ရဲက ဖမ်းရင်လည်း ဥပဒေနဲ့အညီ ဖမ်းရပါတယ်၊ ချုပ်ရင်လည်း ဥပဒေနဲ့အညီချုပ်ရပါတယ်၊ ဥပဒေမဲ့ ဆောင်ရွက်လို့မရပါဘူး၊ တရားဥပဒေမှာ အတိအကျပြဋ္ဌာန်း ထားပြီးဖြစ်ပါတယ်။

ရဲက လူတစ်ယောက်ကိုဖမ်းပြီးရင် သူ့အမှုကို ဆက်လက် စစ်ဆေးဖို့ အချိန်လိုအပ်ရင် နီးစပ်ရာ တရားသူကြီးထံမှာ တရားခံ ကို ချုပ်ထားဖို့ ချုပ်မိန့်တောင်းခံရပါတယ်။ အဲဒီလိုချုပ်မိန့် တောင်းခံတဲ့ နေရာမှာ အမှုရဲ့အကျဉ်းချုပ်ကိုဖော်ပြပြီး၊ ဒီအမှုမှာ ဘာတွေဆက်လုပ် ဆောင်စရာ စစ်ဆေးစရာရှိသေးလို့ ဆက်လက် လုပ်ကိုင်ဖို့လုပ်အပ်တဲ့ အတွက် ၄င်းတရားခံအား ချုပ်ထားခွင့်ပြုရန် ချုပ်မိန့်တောင်းခံရပါတယ်။

အဲဒီလိုချုပ်မိန့်တောင်းခံတဲ့နေရာမှာတရားခံကို တရားသူကြီး ရှေ့ကိုပေးပို့ရပါတယ်။

အဲဒီအခါမှာတရားသူကြီးက အမှုအနေအထားကို ကြည့်ပြီး တရားခံကိုချုပ်ထားဘို့အမိန့်ပေးရပါတယ်။

တရားသူကြီးတစ်ဦးဦးထံက ချုပ်မိန့်ရီမန်မရဘဲဖမ်းဆီးထားသူ တစ်ဦးကို ရဲက ၂၄ နာရီထက်ပိုပြီး ချုပ်လို့မရပါဘူး။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၆၁ ကပြဋ္ဌာန်းထားပါတယ်။

ရဲကရီမန်တောင်းခံတဲ့အမှုအခြေအနေကိုကြည့်ပြီး တရား သူကြီးက ချုပ်မိန့်ပေးရပါတယ်၊ တရားသူကြီးကချုပ်မိန့်မပေးသင့်ဘူးလို့ ယူဆရင်ချုပ်မိန့်မပေးရပါဘူး။ ဒါကိုရီမန်ကိုငြင်းတယ်လို့ဆိုပါတယ်။

"အခုအမှုမှာရီမန်ဘယ်နှစ်ရက်ပေးမလဲဆရာ"

အမှုလာအပ်တဲ့ ဦးဘိုတိုးကမသိလို့မေးပါတယ်။

သူ့အမှုကသူတို့ရွာကတဲတစ်တဲမှာပစ္စည်းပျောက်တယ်၊ အဲဒီ တဲကို နေ့ခင်းကသွားလာမိတဲ့သူ့တူမ မအေးရီကို စွပ်စွဲထားလို့ ရဲက ဖမ်းလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ဦးဘိုတိုးကအကြောင်းဆိုကျွန်တော့်ဆီပြေးလာပြီး တိုင်ပင်တယ်။

"ဒါကတော့ ရုံးသဘောပဲဦးတိုးရဲ့၊ တရားရုံးက တချို့အမှုတွေကို ဆယ်ငါးရက်ချုပ်မိန့်ပေးတယ်၊ အဲဒီဆယ့်ငါးရက်အတွင်းမှာ အမှုစွဲတင်ပေါ့၊ ဒါကို ရီမန်လေးပေးတယ်လို့ဆိုကြပါတယ်"

"ဟုတ်ကဲ့"

"တချို့အမှုကြီးတဲ့အမှုတွေကြတော့ ရီမန်ကိုဆယ့်ငါးရက်တစ်ကြိမ် အမှုမစွဲတင်နိုင်ရင် နောက်ထပ်ဆင့်ငါးရက် တစ်ကြိမ်ပေးပါတယ်။ ဆိုလိုတာကတော့ရက်ပေါင်းသုံးဆယ်အတွင်းစစ်ဆေးပြီးတော့ ရုံးကိုတရားစွဲတင်နိုင်းတာပေါ့၊ ဒါကို ရီမန်ကြီးပေးတယ်လို့ဆိုကြပါတယ်"

"အော် ဟုတ်ကဲ့"

"အခုဦးတိုးရဲ့တူမ အမှုကခိုးမှုပုဒ်မနဲ့တပ်ပြီး ရီမန်တောင်းထားတော့ အနည်းဆုံးဆယ့်ငါးရက်တော့ရီမန်ပေးမှာပေါ့"

"ဟာနာတာပေါ့ ဆရာရယ် ကျွန်တော့်တူမမို့ပြောတာမဟုတ်ဘူး၊ ဒီလိုလက်ဆော့ ခြေဆော့လည်းမရှိပါဘူး၊ အင်မတန်ရိုးသားတဲ့ကလေးမလေးပါ။"

သူကစိတ်မကောင်းစွာနဲ့ပြောတယ်။

"အေးလေဗျာ စွပ်စွဲတဲ့သူကစွပ်စွဲနေမှတော့ စစ်တဲ့သူကလည်း စစ်ရဆေးရတော့မှာပေါ့"

ကျွန်တော်ကသူဖြေသာအောင်အလိုက်အထိုက်ပြောလိုက်ပါတယ်။

"ဝဋ်ကြွေးပေါ့ဆရာရယ်"

ဦးဘိုတိုးထံကညည်းညူသံကိုကြားရတယ်။

မအေးရီအမှုကို တရားရုံးကဆယ့်ငါးရက် ရီမန်ပေးလိုက်တယ်။

◆ ◆ ◆

၀

နောက်တစ်ပတ်ဆယ့်ငါးရက်စေ့တော ဦးဘိုတိုးကျွန်တော့်ရုံးခန်းကို ပြန်ရောက်လာတယ် မျက်နှာမကောင်းဘူး။

"ဦးဘိုတိုး ဒီနေ့တရားစွဲတင်ဖြစ်သလား"

ကျွန်တော်က လှမ်းနှုတ်ဆက်ရင်း မေးလိုက်တယ်။

"မတင်ဖြစ်ဘူးလို့ ပြောတယ်ဆရာ"

"ခင်ဗျားအမှုကိုင်နဲ့ တွေ့ပြီးပလား"

အမှုကိုင်ဆိုတာက မအေးရီအမှုကို ကိုင်တွယ်စစ်ဆေးနေတဲ့ရဲအရာရှိကိုပြောတာ။

"တွေ့ပြီးပြီဆရာ"

"ဒါဆိုရီမန်ထပ်ယူအုံးမှာပေါ့"

ကျွန်တော်ကပြောလိုက်တယ်။

"ဒီလိုရီမန်ထပ်ယူလို့ရလား ဆရာ၊ အချုပ်ခံရတဲ့သူက အချုပ်ထဲမှာ ဒုက္ခရောက်လှပြီး ဆရာရယ်"

"အော်ဒီလိုအမှုမျိုးက ရက်ပေါင်းသုံးဆယ်ပြည့်အောင် ရီမန်



www.burmeseclassic.com

www.burmeseclassic.com



ယူနိုင်ရတယ်လို့ ခင်ဗျားကိုကျွန်တော် ဟိုတစ်ပတ်က ရှင်းပြခဲ့တယ် မဟုတ်လား။ သူ့စစ်ဆေးမှုတွေမပြီးသေးလို့နေမှာပေါ့''

''ဟာ မလွယ်ပါလားဆရာရယ်''

''ဥပဒေအတိုင်းတော့ ဆောင်ရွက်ကြမှာပေါ့ဗျာ၊ ခု ရုံးအချုပ်ကို တရားခံ ပါလာပြီလား''

''ပါလာပြီဆရာ''

မှန်ပါတယ် ရဲစခန်းကနေပြီးတရားစွဲတင်ပို့မယ့် တရားခံတွေ၊ ရိမန်ယူမယ့်တရားခံတွေကို တရားရုံးမှာ ရှိတဲ့အချုပ်ခန်းကို ပို့ရပါတယ်။ ခုမအေးရီ တရားရုံးအချုပ်ခန်းထဲကိုရောက်နေပြီပေါ့။

''ကဲကိုဘိုတိုးရေ၊ မအေးရီကိုထမင်းလေးဘာလေးကျွေး၊ လွှက်ရည်လေး ဘာလေးတိုက်လိုက်အုံး၊ ခုလောက်ဆို ဆာနေလောက်ရောပေါ့''

''ဟုတ်ကဲ့ဆရာ''

ပြောပြောဆိုဆို ဦးဘိုတိုးရုံးခန်းထဲက ထွက်သွားပါတယ်။

အဲဒီနေ့မှာဘဲ မအေးရီကို ဒုတိယရိမန်ပြန်ယူသွားပါတယ်။

နောက်ထပ်ဆယ့်ငါးရက်ပေါ့။

◆ ◆ ◆

၁

နောက်တပတ်ရုံးချိန်ရက်မှာ ကျွန်တော့်ရုံးကိုလာတော့၊ ကျွန်တော့်ရုံးခန်းထဲမှာ ကိုဘိုတိုးရောက်နှင့်နေပါပြီ။

''ကျွန်တော်လမ်းမှာကိစ္စရှိလို့နဲနဲနောက်ကျသွားတယ် ကိုဘိုတိုးရေ''

နှုတ်ဆက်ရင်းသူ့ကိုအကဲခက်လိုက်တော့၊ မျက်ဧ့မျက်နှာပျက်နေတယ်၊ စောစောစီးစီးချွေးတွေလဲပြန်လို့။

''ဟာ ဘယ်လိုအကြောင်းထူးလို့လဲကိုဘိုတိုးရဲ့''

သူတော်တော်နဲ့မပြောပါ။ ကျွန်တော်တောင် နည်းနည်းလန့်သလိုဖြစ်သွားပြီး သူ့အနားရှိ ဆက်တင်ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။

''ကျွန်တော်မနက်(၁၀)နာရီလောက်ထဲက ရောက်နေတာယ် ဆရာ၊ ခု(၁၂)နာရီထိုးတော့မယ်၊ အချုပ်သားတွေထုတ်တာ မအေးရီ ပါမလာဘူးဆရာ''

ဦးဘိုတိုးတအံ့တဩပြောတယ်။

---

ဝိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သူ့အမှုကိုင်နဲ့ ရဲစခန်းမှာ သွားမတွေ့ဘူးလား"

"ရဲစခန်းကိုကျွန်တော်သွားပြီးသူ့အမှုကိုင်ဒုရဲအုပ်ဆရာ အောင်နိုင်ကိုသွားရှာတယ်ဆရာ"

"တွေ့လား၊ ဘာပြောလဲ"

"မတွေ့ဘူးဆရာ၊ အရေးကြီးတဲ့ကိစ္စနဲ့ခရီးထွက်သွားတယ်တဲ့"

"အော်. . . အော်"

ကျွန်တော်ကခေါင်းလေးညိတ်ပြီးပြောလိုက်တယ်၊ ကိုဘိုတိုး သဘောမပေါက်။

"အဲဒါဘယ်လိုလုပ်ရမလဲဆရာ၊ ဒီနေ့ ရီမန်ပြည့်တဲ့နေ့၊ တရားရုံး ကိုအမှုစွဲတင်ရမယ့်နေ့လေ ဆရာ"

"ဟား. . . ဟား. . . ဟား"

သူ့ကိုကြည့်ပြီးကျွန်တော်ကအားရ ပါးရရယ်မိတယ်။

ဦးဘိုတိုးကကြောင်ကြည့်ကြည့်နေတယ်။

"ဘာရယ်တာလဲဆရာ"

"ဟ. . . ခင်ဗျားတူမ လွတ်ပြီလေ"

ချက်ချင်းမျက်လုံးပြူးပြီး၊ မျက်နှာမှာလည်း ဝင်းလက်သွားတယ်။

"ဟာ ဟုတ်လားဆရာ၊ ဘယ်လိုဖြစ်တာလဲ၊ ကျွန်တော် နားမလည်ဘူးဆရာ"

"ဒီလို ကိုဘိုတိုးရဲ့ သူ့ကိုစစ်ဆေးဘို့ဆိုပြီး ရဲကရုံးမှာ ရီမန် ယူထားတယ်မဟုတ်လား"

"ဟုတ်တယ်လေဆရာ"

"ဒီနေ့ဆို ရီမန်ပြည့်ပြီလေ"

"ဟုတ်တယ်ဆရာ"

"ရီမန် ပြည့်တဲ့နေ့မှာ တရားခံ တစ်ယောက်ကို ရဲက တရားစွဲတင်နိုင်အောင် အထောက်အထား မပြည့်စုံဘူး ဆိုရင် ရဲက





တရားခံကို လွှတ်ရတယ် ကိုဘိုတိုးရဲ့"

"ဟုတ်လား ဆရာ"

ဦးဘိုတိုးက အရိုးခံပြန်မေးတယ်။

"ဟုတ်ပါတယ် ကိုဘိုတိုးရဲ့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၉မှာ ဒီလို တရားစွဲတင်ပို့နိုင်ဘို့ သက်သေအထောက်အထား နိုင်လုံအောင်မရှိတဲ့ တရားခံကို ပြန်လွှတ်ပေးရတယ်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်ဗျ"

"ဒါဆို"

"ဒါဆိုချင်ဗျားတူမလွတ်လာဘို့ပဲ ရှိတော့တာပေါ့၊ အမှုကိုင် လုပ်တဲ့သူကလည်း အမှုစွဲတင်စရာမရှိလို့တခြားသူလုပ်စရာရှိတဲ့ အလုပ် တွေသွားလုပ်နေတာနေမှာပေါ့ဗျာ"

"အော် ဒီလိုလားဆရာ"

ဦးဘိုတိုးစကားပြောလို့မဆုံးခင်မှာပင် ရုံးခန်းအပေါက်စကနေ ပြီး သူ့တူမ မအေးရီလှမ်းဝင်လာနေတာတွေ့ရပါတယ်။

ဒါတော့မှ ဦးဘိုတိုးကျွန်တော့်ကိုကြည့်ပြီးအားရပါးရပြုံးနေတဲ့ မျက်နှာကိုတွေ့ရပါတယ်။

သူ့အပြုံးထဲမှာက "ဥပဒေဆိုတာ တရားမျှတပါလား"

လို့ဆိုနေသယောင်။

⌑ ကိုယောင်စံထိန်း(ဗိုလ်ချုပ်ရွာ)

www.burmeseclassic.com

www.burmeseclassic.com




## မြေမှု

ကျွန်တော်နဲ့ ရင်းနှီးသူ ရွာတစ်ရွာမှာနေတဲ့ မိတ်ဆွေကြီး ဦးတိုးကြည် တစ်နေ့ကျွန်တော့်ဆီပေါက်လာပါတယ်။

သူနဲ့အတူတူအသက်(၃၅)နှစ်ခန့်ရှိတဲ့ လူရွယ်လေးတစ်ယောက် လွယ်အိတ်တစ်လုံးနဲ့ပါလာပါတယ်။

"လာဗျို့ . . . ကိုတိုးမရောက်တာအတော်ကြာပြီပဲ၊ နေကောင်းရဲ့လား"

ကျွန်တော်က ညှိကြိုစကားပြောကြားလိုက်မိပါတယ်။

"ကောင်းပါတယ်ဆရာရယ်၊ ကျွန်တော်လည်း အလုပ်တွေများနေလို့၊ အခုကိစ္စလေးတစ်ခုပေါ်လာတာနဲ့ဆရာဆီပြေးလာခဲ့ရတာ"

"ကဲ ကဲ ထိုင်ကြ ထိုင်ကြ"

ရုံးခန်းထဲက စက်တင်ကုလားထိုင်မှာဝင်ထိုင်ကြပါတယ်။

ထုံးစံအတိုင်း ရုံးခန်းထဲမှာက ကျွန်တော့်ဂျူနီယာ–ဒေါ်စိုးစိုးကြည်နဲ့အတူ ချိန်ဘာတပည့်တွေကလေးငါးယောက်။

မိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဆရာ သူက မောင်ဝင်းအောင်လို့ခေါ်ပါတယ်ဆရာ၊ ကျွန်တော်တို့ ရွာကပေါ့"

"ဟုတ်ကဲ့"

ကျွန်တော်က မောင်ဝင်းအောင်ကို ကြည့်လိုက်ပါတယ်၊ သူက ခေါင်းကလေးညိတ်ပြီး အရိုအသေပေးပါတယ်၊ ဘိုတိုးကစကားဆက်ပါတယ်။

"သူ့မိဘမှာက လယ်တစ်ပွဲ၊ ဆယ့်နှစ်ကေလောက်ရှိတယ်ဆရာရယ်၊ သားသမီးကငါးယောက်ရှိတယ်၊ သူကအငယ်ဆုံး"

"ဟုတ်ကဲ့"

"အကြီးသုံးယောက်က အိမ်ထောင်တွေကွဲကုန်ပြီ၊ ရွာမှာလဲ မနေဘူး၊ ရန်ကုန်ရောက် နယ်ရောက်နဲ့၊ သူ့အလုပ်နဲ့ သူရှိကြတယ်၊ နို့ညှာမြမောင်ဆိုတဲ့အစ်ကိုတစ်ယောက်ပဲ ရွာမှာရှိပြီး၊ အိမ်ထောင်ကျနေတယ်၊ အလုပ်ကဟိုလယ်လှူငှားဝင်လုပ်လိုက်၊ ဒီလယ်လှူငှားဝင်လုပ်လိုက်နဲ့ လယ်သူရင်းငှားလုပ်တယ်"

"ဟုတ်ကဲ့"

သူပြောတာကို ဒေါ်စိုးစိုးကြည်ကလိုက်မှတ်သားနေသလို၊ ကျန်တဲ့ချိန်ဘာကျောင်းသားတွေကလည်း အာရုံစိုက်နားထောင်နေကြတယ်။

"မောင်ဝင်းအောင်ကအိမ်ထောင်မကျသေးဘူး၊ သူကျောင်းကထွက်ပြီးဆယ့်လေးငါးနှစ်သားအရွယ်ကစပြီး၊ သူ့အဖေနဲ့အတူတူ သူ့အဖေလယ်မှာ ဝိုင်းပြီးလုပ်တယ်"

"အငယ်ဆုံးသားကိုး"

"ဟုတ်တယ်ဆရာ ကျန်တဲ့သားသမီးတွေက တစ်ယောက်မှ ဝိုင်းမလုပ်ဘူး၊ အရွယ်ရောက်တာနဲ့ လင်ယူမယားယူနဲ့ အိမ်ထောင်တွေခွဲသွားကြတယ်"

"ဒါပေါ့လေ သူ့အကြောင်းတရားနဲ့သူပေါ့"





"ဟုတ်ကဲ့ဆရာ ဒါနဲ့တိုတိုပြောရရင်၊ သူ့အဖေ ဦးစောမောင် လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဆုံးသွားတယ်၊ သူ့အမေ. . . ဒေါ်စောတင် ကျန်တယ်ဆရာ၊ အဲဒီအချိန်မှ ဝင်းအောင်ကလဲ အရွယ်ရောက်လာပြီ ဆိုတော့၊ သူဘဲဒီလယ်ကို ဦးဆောင်လုပ်ကိုင်ပြီး၊ သူ့အမေကို လုပ်ကိုင်ကျွေးမွေးလာတယ်ဆရာ"

"ပြဿနာက မပေါ်သေးဘူးလား"

"မပေါ်သေးဘူးဆရာ၊ အေးအေးဆေးဆေးပဲ၊ သုံးနှစ် လောက်ဝင်းအောင်ပဲဦးဆောင်ပြီးလုပ်လာတယ်၊ လယ်ကတော့ ဦးပိုင် ပေါက်တာက သူ့အဖေဦးစောမောင်နံမည်နဲ့ပေါ့ဆရာ"

"ဒီလိုနဲ့"

ကျွန်တော်က စကားဆက်ပေးတယ်။

"ဒီလိုနဲ့ ပြီးခဲ့တဲ့ မိုးတွင်းက သူ့အမေဒေါ်စောတင်ဆုံးတယ်ဆရာ"

"အို"

"ဒီနေ့ကြတော့ ကျန်တဲ့သားသမီးလေးဦးက၊ သူ့မိဘကျန်နေခဲ့တဲ့ တဲရယ် အိမ်ထောင်ပစ္စည်းရယ်၊ ကျွဲနွားထွန်တုံး ထွန်တံရယ်၊ လယ်ရယ်အမွေရလိုကြောင်းနဲ့ အမွေတောင်းလာကြတယ်"

"ပြဿနာကတော့စပြီ"

"စပြီဆရာ သူတို့ထဲမှာလည်းလူလည်တစ်ယောက်ကပါတယ်၊ မိဘအမွေရထိုက်တယ်ဆိုပြီး၊ ရွာက ရ–ယ–က (ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) မှာတင်ပြတယ်"

"အင်း ဟုတ်သားပဲ"

"ဟုတ်ပါတယ်၊ ကျေးရွာမှာဖြစ်ရင်၊ ကျေးရွာအာဏာပိုင်အဖွဲ့ကိုတင်ပြဖြေရှင်းရမယ်ဆိုတာမှန်ပါတယ်၊ ဒါပေမဲ့ ရ–ယ–က ဆုံးဖြတ်ပေးတာကတစ်မျိုးကြီးဖြစ်နေတယ်ထင်လို့ပါဆရာ"

"ဟ ဘယ်လိုဆုံးဖြတ်ပေးလဲ ဘိုတိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



“မိဘကျန်တဲ့ပစ္စည်းတွေနဲ့လို့ သားသမီးတွေအမွေရထိုက်တယ်တဲ့၊ ဒါပေမဲ့မောင်ဝင်းအောင်ကလက်ရှိဖြစ်တဲ့အတွက်၊ တဲရယ်၊ ကျွဲနွားရယ်၊ အိမ်ထောင်ပစ္စည်းရယ်၊ ထွန်တုံးထွန်တံရယ်၊ ပစ္စည်းတွေကို မောင်ဝင်းအောင်က တစ်ဝက်၊ ကျန်ညီအကိုမောင်နှမလေးဦးကတစ်ဝက် ယူစေတဲ့ လယ်ကိုတော့ မောင်ဝင်းအောင်ကတစ်ဝက်၊ ကျန်လယ်မရှိတဲ့ မြမောင်ကတစ်ဝက်၊ တစ်ယောက်ကိုခြောက်ကေစီယူစေလို့ခွဲဝေပေးပါတယ်ဆရာ”

“ကောင်းရော၊ ကဲ အဲဒါကို ကျန်တဲ့ညီအကိုမောင်နှမတွေကကော ကျေနပ်လား”

“သူတို့ကတော့ အလကားရတဲ့ပစ္စည်းပဲ၊ ကျေနပ်တာပေါ့ဆရာ”

“ဘိုတိုး နေပါအုံးမောင်ဝင်းအောင်ကို မေးပါရစေအုံး၊ မောင်ဝင်းအောင်ကရောကျေနပ်လား”

တစ်ချိန်လုံးငြိမ်ပြီးနားထောင်နေတဲ့ မောင်ဝင်းအောင်က မြေဖို့အားယူပြီး၊ ထစ်ထစ်ငေါ့ငေါ့ဖြေပါတယ်။

“မကျေနပ်သလိုဘဲဆရာ”

“ဘာဖြစ်လို့လဲဗျာ”

“ဘာဖြစ်လို့မှန်းတော့မသိဘူးဆရာ၊ ဘာလုပ်ရမှန်းလည်း မသိဘူးဆရာ”

“သူကကျွန်တော်နဲ့ဆိုဆွေမျိုးတော့မကင်းဘူးဆရာ”

ဘိုတိုးကကြားကနေဝင်ပြောတယ်။

“ကျွန်တော်လည်းဒါတော့မဟုတ်ဘူးလို့ထင်ပါတယ်၊ ကျွန်တော်လည်းမလုပ်တတ်ဘူး၊ ဆရာကအရင်တုန်းကမိုလ်တထောင်သတင်းစာမှာ“စောစံသိန်း(မြေ)” ဆိုတဲ့ ကလောင်နံမည်နဲ့ လယ်ယာမြေနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေ ရေးနေတာဖတ်ခဲ့ရတော့ ဆရာ့ဆီပဲပြေးလာပြီး အကူအညီတောင်းရတာ”

**စိတ်ကူးသစ်စာပေ**



ဘိုတိုးကကျွန်တော်ကိုမြှောက်ပြီးပြောတယ်။

“ဘိုတိုးကလည်း မြှောက်နေပြန်ပြီ၊ မမြှောက်လည်းလက်ဖက် ရည်တိုက်ပါ့မယ်”

“အဟုတ်ပြောတာပါဆရာ၊ အဲဒီကိစ္စကို ဆရာ့ကိုပဲ အကူအညီတောင်းမလို့၊ တရားစွဲလို့ရရင်တရားရုံးမှာ တရားစွဲပေးပါဆရာ”

ဘိုတိုးက အတင်းတရားစွဲခိုင်းနေပါတော့တယ်။

အဲဒီအချိန်မှာပဲ တရားရုံးက ရုံးအကူကလေးတစ်ယောက်က အမှုစစ်ဘို့လာခေါ်နေတဲ့အတွက် . . .

“ဘိုတိုးဒီလောက်မြှောက်ပြောနေမှတော့ ကျွန်တော်ကူညီပြီးရှင်းပေးရမှာပေါ့ဗျာ၊ ဒါပေမဲ့ခဏလေးစောင့်နေအုံး၊ အမှုလေးသွားစစ်လိုက်အုံးမယ်၊ ကဲ ဒေါ်စိုးစိုးကြည်သွားစို့”

“ဟုတ်ကဲ့ဆရာ”

ပြောပြောဆိုဆိုကျွန်တော်နဲ့ကျွန်တော့်အဖွဲ့အမှုစစ်ဖို့ရုံးခန်းအပြင်ကိုထွက်ခဲ့ပါတယ်။

ဘိုတိုးတို့ကတော့ အမောဖြေရင်းရုံးခန်းထဲမှာ စောင့်နေလေရဲ့။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

၀

အမှုစစ်ပြီး ကျွန်တော့်ရုံးခန်းကိုပြန်ရောက်တော့၊ ဦးတိုးကြည်တို့နှစ်ယောက်လည်းတဆန့်ဆန့်စောင့်နေပါတယ်။

စောစောကပြောခဲ့တဲ့စကားစကို ကျွန်တော်ကပဲ စလိုက်ပါတယ်။

''ဘိုတိုး အခုနပြောတဲ့ မောင်ဝင်းအောင်ရဲ့ ကိစ္စက လယ်ယာမြေ ဥပဒေနဲ့ဆက်စပ်နေတဲ့ ကိစ္စပဲ ဘိုတိုးရဲ့''

''ဟုတ်ကဲ့ ဆိုပါအုံး ဆရာ''

''မိဘရဲ့ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းနဲ့ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေနဲ့ပတ်သက်ပြီး မိသားစုချင်းသဘောတူညီကြရင်တော့ သက်ဆိုင်ရာ (ရယက) ကခွဲဝေပေးတဲ့အတိုင်းယူလိုက်ကြရင်တော့ရပါတယ်။ မကျေနပ်ရင်တော့ အဲဒီပစ္စည်းတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ တရားမရုံးမှာ အမွေပုံပစ္စည်း၊ စီမံခန့်ခွဲပေးစေလိုမှုအနေနဲ့ တရားမမှုစွဲဆိုရင်ရပါတယ်''

''ဒါဆို တရားမမှုစွဲပေးပါဆရာ''

''နေအုံးလေဘိုတိုးရဲ့၊ ကျွန်တော့်စကားကိုဆုံးအောင် နားထောင်ပါအုံး''

''ဟုတ်ကဲ့ ပြောပါဆရာ''

''လယ်ယာမြေနဲ့ပတ်သက်လို့ကတော့ တရားရုံးအနေနဲ့ မဆိုင်ပါဘူး၊ သက်ဆိုင်ရာမြေယာဥပဒေနဲ့သွားရပါမယ်''

''ကျွန်တော်နားရှုပ်သွားပြီဆရာ''





ဦးတိုးကြည်ကအဲဒီလိုပြောလိုက်သလို၊ ရုံးခန်းထဲမှာရှိကြတဲ့ ဒေါ်စိုးစိုးကြည်အပါအဝင်ချိန်ဘာတပည့်တွေကလည်း အာရုံစိုက်နားစွင့်လာပါတယ်။

''ရှင်းပါတယ်ဘိုတိုးရဲ့၊ အခြားပစ္စည်းတွေကို သက်ဆိုင်ရာ (ရယက)အဖွဲ့က ခွဲပေးတာမကျေနပ်ရင် တရားရုံးမှာ၊ တရားမကြောင်းအရတရားစွဲဆိုဖြေရှင်းနိုင်ပါတယ်၊ လယ်ယာမြေလုပ်ကိုင်ခွင့်နဲ့ပတ်သက်လာရင်တော့၊ တရားရုံးမှာဖြေရှင်းလို့မရပါဘူး၊ သက်ဆိုင်ရာမြေယာဥပဒေအရသတ်မှတ်ထားတဲ့ နည်းလမ်းအရသာဖြေရှင်းရမှာဖြစ်ပါတယ်''

''ဟုတ်ကဲ့''

''ကဲ. . . ဒေါ်စိုးစိုးကြည်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကိုထုတ်ပြီး၊ ပုဒ်မ ၃၆ ကို ပြောပြလိုက်ပါအုံးကွ''

ဒေါ်စိုးစိုးကြည်က စာအုပ်ဘီဒိုကိုထသွားတယ်၊ ဘီဒိုထဲက ၁၉၅၃ ခု၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေစာအုပ်ကို ယူလာပြီး ရှင်းပြတယ်။

''အဲဒီဥပဒေရဲ့ပုဒ်မ ၃၆ ကဆိုထားတာက၊ လယ်ယာမြေနဲ့ပတ်သက်ပြီး၊ လျော်ကြေးရထိုက်သည့်ကိစ္စ၊ အုပ်ထိန်းသူခန့်အပ်သည့်ကိစ္စမှတစ်ပါး၊ မည်သည့်အခြားကိစ္စကိုမှ တရားရုံးက စီရင်ပိုင်ခွင့်အာဏာမရှိရလို့ဆိုထားတယ် ဆရာ''

ဘိုတိုးကပိုတောင်နားမရှင်းတဲ့ပုံပဲ၊ သူက သူမရှင်းတာကိုထပ်မေးတယ်။

''ဒါကအမွေမှုလေဆရာရဲ့၊ လယ်မှုမှမဟုတ်တာ''

''လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုလည်း ပါနေတယ်လေ ဘိုတိုးရဲ့။ အခုခင်ဗျားကိစ္စမှာက လယ်ဘယ် နှစ်ကေကို ဝင်းအောင်ကို တစ်ဝက်ကျန်တဲ့ညီအစ်ကိုမောင်နှမကို တစ်ဝက်လုပ်ဖို့ချထားလိုက် တယ်ဆို''

''ဟုတ်တယ်လေ ဆရာရဲ့၊ ဒါလဲသူတို့က မိဘအမွေပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မရထိုက်ဘူးလား''

ဘိုတိုးက သူမကျေနပ်တာကို ပြောင်းပြန်လှည့်မေးမှန်း ကျွန်တော်သိလိုက်ပါတယ်။

''ဒီလိုရှိတယ်လေ ဘိုတိုးရဲ့၊ မြေယာဥပဒေတွေရဲ့သမိုင်းကို ပြောပြရင်၊ ခင်ဗျားမှာလည်း နားရှုပ်သွားမယ်၊ ကျွန်တော်လည်း အချိန်မရတော့ဘူး။ ဒီတော့အခုတည်ဆဲ မြေယာဥပဒေ၊ ဒီနေ့လက်တွေ့ ကျင့်သုံးနေတဲ့ မြေယာဥပဒေအကြောင်းပဲ နည်းနည်းပြောပြမယ်''

''ဟုတ်ကဲ့ ကျွန်တော်ကြိုးစားပြီးနားထောင်ပါ့မယ် ဆရာ''

''၁၉၆၃ ခုနှစ်၊ လယ်ယာမြေသီးစားချထားရေး ဥပဒေ ပေါ်ပေါက်လာပြီး နောက်မှာ၊ ''လယ်လုပ်သူသည် လယ်လုပ်ပိုင်ခွင့်ရှိရမည်'' ဆိုတဲ့ဥပဒေရဲ့ ရည်ရွယ်ချက်ပေါ်မှာ မူတည်ပြီးကျင့်သုံးလိုက်နာလာခဲ့ပါတယ်''

''ဘယ်လိုမူလဲဆရာ''

''လယ်လုပ်သူသည် လယ်လုပ်ပိုင်ခွင့်ရှိရမယ်လို့ဆိုထားပါတယ်''

''ဟာ. . . တယ်ကောင်းတဲ့မူပါလားဆရာ''

''ဟုတ်ပါတယ်၊ အဲဒီမူပေါ်မှာ ရပ်တည်ပြီး လယ်ယာမြေတွေပေါ်မှာလုပ်ပိုင်ခွင့်ရှိတဲ့သူတွေကို ၄င်းဥပဒေက သတ်မှတ်ခွင့်စီစစ်ချထားပေးရပါတယ်''

''ဟုတ်ကဲ့ဆရာ''

''အဲဒီဥပဒေကို အခြေပြုပြီး ခေတ်အဆက်ဆက်မှာ၊ သီးစားချထားနိုင်တဲ့အာဏာပိုင်အဖွဲ့အစည်းတွေကပြောင်းလဲလာပါတယ်၊ ဒါတွေပြောရရင်ရှည်ပါတယ်၊ အခုတည်ဆဲလယ်ယာမြေလုပ်ပိုင်ခွင့်ချထားနိုင်တဲ့အဖွဲ့အစည်းတွေကတော့၊ အခြေခံကျေးရွာ(ရယက)အဖွဲ့အစည်းဘဲဖြစ်ပါတယ်၊ အခြေခံမြေယာမှုခင်းကိုကျေးရွာ(ရယက)ကစရပါတယ်''





''ဟုတ်ကဲ့ဆရာ''

ဘိုတိုးခေါင်းကလေးတညိတ်ညိတ်နဲ့နားစိုက်နေသလို၊ ရုံးခန်းထဲက ကလေးတွေလည်းမှတ်စုစာအုပ်လေးတွေထုတ်ပြီးလိုက်မှတ်နေကြပါပြီ။

''အဲ. . . ကျေးရွာ(ရယက)ကချမှတ်တဲ့အမိန့်ကို မကျေနပ်ရင် သက်ဆိုင်ရာမြို့နယ်မြေစာရင်းဦးစီးဌာနကိုမြေယာအယူခံမှုဝင်ရောက်ရပါတယ်''

''အော်. . . အော်''

''မြို့နယ်မြေစာရင်းဦးစီးဌာနက ချမှတ်တဲ့အမိန့်ကို မကျေနပ်ရင်သက်ဆိုင်ရာတိုင်းမြေစာရင်းဦးစီးဌာနကို အယူခံဝင်ရောက်နိုင်ပါတယ်''

''အော်. . . ဒီလိုလား''

''ဟုတ်ပါတယ် ဘိုတိုး''

''တိုင်းမြေစာရင်းဦးစီးဌာနရဲ့အမိန့်ကိုမကျေနပ်ရင်ရော ဆရာ''

''ဟဲ. . . ဟဲ ဘိုတိုးကတော်တော်ဒေါသကြီးတာပဲ''

ရုံးခန်းထဲကအဖွဲ့တွေကဝိုင်းရယ်ကြတယ်။

''ဒေါသကြီးတာမဟုတ်ပါဘူးဆရာရယ်၊ သိချင်လို့မေးတာပါ''

''ဟုတ်ပါတယ် ဒါလည်းသိထားထိုက်တဲ့အချက်တစ်ခုပါပဲ၊ ကျွန်တော်တို့တိုင်းပြည်မှာ လယ်ယာလုပ်ငန်းနဲ့ပတ်သက်ပြီးအသက်မွေးဝမ်းကြောင်းပြုသူတွေများနေကြပေမဲ့၊ လယ်ယာမြေဥပဒေနဲ့ပတ်သက်ပြီး အသက်မွေးဝမ်းကြောင်းပြုသူတွေများနေကြပေမဲ့၊ လယ်ယာမြေ ဥပဒေနဲ့ပတ်သက်ပြီးသိတဲ့သူတော့ အတော်နည်းပါတယ်''

''ဟုတ်တယ်ဆရာ၊ ကျွန်တော်ကိုယ်တိုင်ပဲလယ်လုပ်လာတာ အနှစ်ကိုသုံးဆယ်လောက်ကျော်နေပြီ၊ လယ်ယာမြေဥပဒေကို လေးလေးနက်နက်မသိဘူးဆရာ''

''အေး၊ အေး၊ မသိလို့လဲ ကျွန်တော်ကကိုယ့်လူရင်း၊ ချင်းမို့



www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတတွေမျှဝေခံစားနေတာပေါ့၊ ဆရာလုပ်နေတာတွေမဟုတ်ဘူး နော် ဘိုတိုး''

''ကိုယ်မသိတာတွေကိုပြောပြနေတာဆရာပါပဲဆရာရယ်၊ ဆရာဟာ ဆရာပါပဲ ဟဲ. . . ဟဲ''

ဘိုတိုးက ကျွန်တော့်ကို ထေ့လိုက်ပါတယ်။

''ကဲ. . . ကဲ ကျွန်တော့်ပြောတဲ့စကားစပြတ်သွားအုံးမယ်၊ တိုင်းမြေစာရင်းဦးစီးဌာနရဲ့အမိန့်ဆုံးဖြတ်ချက်ဟာတော့အတည်ပါပဲဘိုတိုး''

''ထပ်ပြီးအယူခံတက်ပိုင်ခွင့်မရှိတော့ဘူးလား''

''မရှိတော့ဘူးကိုတိုးရဲ့၊ တိုင်းမြေစာရင်းဌာနက ဆုံးဖြတ်ချက်ကအပြီးအပြတ်အတည်ဖြစ်ရမယ်လို့ အာဏာပေးထားပါတယ်''

''အော်. ဒီလိုလား''

ဘိုတိုးသဘောပေါက်သွားပုံရတယ်။

''ဒါဆိုကျွန်တော့်အမှုကဘယ်လိုလုပ်ရမှာလဲဆရာရဲ့''

တစ်ချိန်လုံးထိုင်ပြီးနားထောင်နေတဲ့ဝင်းအောင်ကသဘော မပေါက်သေး။

''ဟ. . . မောင်ဝင်းအောင်ရ၊ ဆရာအခုရှင်းပြခဲ့တဲ့အတိုင်း ဆိုရင်၊ မင်းလယ်နဲ့မပတ်သက်တဲ့ပစ္စည်းတွေက တရားရုံးမှာ တရားမမှု စွဲတောင်းဆိုပေါ့ကွ၊ လယ်နဲ့ပတ်သက်တာကတော့ မြို့နယ်မြေစာရင်း ဦးစီးဌာနကို အယူခံတက်ရမှာပေါ့ကွ၊ ဟုတ်တယ်မဟုတ်လားဆရာ''

ဦးတိုးကြည်က မောင်ဝင်းအောင်ကို ဆရာလုပ်ပြီး ကျွန်တော့် အတည်ပြုချက်ကို ယူပါတယ်။

''ဟုတ်တာပေါ့ဘိုတိုးရဲ့၊ မြေယာနှင့်ပတ်သက်လို့ကတော့ မကျေနပ်ရင်မြို့နယ်မြေစာရင်းဦးစီးဌာနကို အယူခံဝင်ရမှာပေါ့''

''ဒါနဲ့ဘယ်နှစ်ရက်အတွင်းအယူခံဝင်ရမှာလည်းဆရာ၊ ဟိုတစ်မှုတုန်းကလို အယူခံရက်ကျော်နေမှာစိုးလို့''

ဘိုတိုးကပျာပျာသလဲမေးတယ်။

**စိတ်ကူးသစ်တာပေ**



''အင်း. . . ဒါလည်းသိထားဘို့လိုအပ်ချက်တစ်ခုပဲ၊ အယူခံဝင်ဘို့သတ်မှတ်ထားတာကတော့ ရက်ပေါင်းသုံးဆယ်အတွင်းစီပဲ ခင်ဗျ''

''ကျွန်တော့်အမှုကို (ရယ်က)ကဆုံးဖြတ်တာ ငါးရက်ပဲရှိသေးတယ်ဆရာ''

မောင်ဝင်းအောင်ကအရင်စလိုဝင်ပြောတယ်။

''အင်း ဒါဆိုအယူခံရက်မီတာပေါ့ကွယ်''

''ဒါဆို ဆရာဘဲကြည့်ပြီး တရားစွဲပေးပါ၊ အယူခံလည်းဝင်ပေးပါဆရာ ဆရာကိုအပ်ပါတယ်''

ဘိုတိုးကအခုမှအမှုအပ်တယ်။

''အဲဒါကတော့ခင်ဗျားကိုသဘောအတိုင်းပါဘဲဗျာ၊ မရှင်းလင်းရင် မြေယာဥပဒေကို ရှင်းပြရအောင်ပဲ ကျွန်တော်ကျေနပ်ပါပြီ''

''ဆရာရှင်းပြလို့ ကျွန်တော်တို့ဘာဆက်လုပ်ရမယ်ဆိုတာ ကွဲကွဲပြားပြားသိသွားပါပြီဆရာ ့ယ်၊ ဒါကြောင့်ဆရာအဲဒီအမှုကို ဆောင်ရွက်ပေးဘို့တောင်းပန်ပါတယ်''

''ကဲ ဒါဆိုလဲ ထုံးစံအတိုင်း ဒေါ်စိုးစိုးကြည်၊ မောင်ဝင်းအောင်တို့က အမှုနဲ့ပတ်သက်ပြီးညွှန်ကြားချက်ယူလိုက်ပေတော့၊ ဆရာအမှု [illegible] အုံးမယ်''

''[illegible] ဆရာ''

ဒေါ်စိုးစိုးကြည်ကညွှန်ကြားချက်ယူဖို့ ရုံးခန်းထဲမှာ [illegible] အတူကျန်နေရစ်ခဲ့တယ်။

ကျွန်တော်က တရားရုံးဘက်ကထွက်လာတယ်။

အော်. . . တကယ်တော့ မြေယာဥပဒေဆိုတာ၊ လယ်ယာမြေနဲ့ ပတ်သက်ရင်လူတိုင်းသိထားထိုက်တယ်မဟုတ်လား. . .။

¤ ထိုက်မောင်စံထိန်း(ဗိုလ်ချုပ်ရွာ)

www.burmeseclassic.com

www.burmeseclassic.com



# ကြယ်ခင်းဈေး

ကျွန်တော်တို့ငယ်ငယ်ချိန်ဘာသာစဉ်ဘဝက ဆရာက ကျွန်တော်တို့ကို ဥပဒေပြဿနာတစ်ရပ်ဆွေးနွေးဘူးပါတယ်။

ဆရာက ဆရာဦးမိန်မော်(M.A,H.G.P.R.L)ဘွဲ့ရပါတယ်။

ချိန်ဘာတပည့်တွေကတော့ ကျွန်တော်ရယ်၊ အေးမောင်ရယ်၊ မတင်ရီရယ် သုံးယောက်ပဲရှိပါတယ်။

ဆရာက. . .

"ပြစ်မှုဆိုတဲ့ သဘောကဒီလိုရှိတယ်ကွ. . ." ဆိုပြီး စကားကို အစချီပါတယ်။

"လူတစ်ယောက်ဟာ အဝေးကြီးက သုံးနာရီလောက်ပြေးလာရတယ်ကွာ၊ နေကလည်းပူတယ်၊ မနက်စာထမင်းလည်းမစားရသေးဘူး၊ ညနေလည်းစောင်းနေပြီ၊ ရွာနားရောက်တော့ဥယျာဉ်ခြံတစ်ခြံတွေ့တယ်၊ သူကဥယျာဉ်ခြံအောက်ရောက်တော့ ရေကလည်းငတ်နေပြီ သောက်ရေအိုးလေး ဘာလေးတွေ့လိုတွေ့ငြား ဥယျာဉ်ခြံအောက် ကို ပြေးဝင်တယ်၊

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူကပင်ပမ်းပြီးထိုးလဲသွားတယ်။

"အား. . . ကလည်းကုန်နေပြီပေါ့ဆရာ"

အေးမောင်က ဝင်ထောက်တယ်။

"ဟုတ်တယ် အစာကလည်း ကောင်းကောင်းမစားရ၊ ထမင်းတစ်နပ်ကလည်း ငတ်ခဲ့ပြီဆိုတော့ တောင့်မခံနိုင်တော့ဘူး"

ဆရာက စကားဆက်တယ်၊ ကျွန်တော်တို့ကငြိမ်ပြီးနားထောင်နေကြတယ်။

"အေး. . . အဲဒီအချိန်မှာ ညောင်ပင်အောက်မှာ၊ ရွာကသူဌေးမှာ ဆီဦးထောပတ်နဲ့ဟင်းကောင်းကောင်းနဲ့ ညစာစားနေတယ်၊ သေးမှာလည်းနို့တစ်ခွက်အပြင် သစ်သီးသစ်နှံတွေလည်းချထားပါတယ်၊ ငှက်ပျောသီးပန်းသီးတွေပေါ့ကွာ"

"ဟုတ်ကဲ့"

ကျွန်တော်တို့ကပြိုင်တူ ဟုတ်ကဲ့လိုက်ကြတယ်။

"အဲဒီအချိန်မှာလဲ နေတဲ့သူက သူဌေးကြီးဆီမှာ သူ့ကို အစာနည်းနည်းကျွေးဘို့တောင်းစားတယ်ဆိုပါစို့ကွာ၊ သူဌေးကြီးကလည်း ကပ်စေးနည်းတယ်၊ လူတစ်ဖက်သားကို မကျွေးမွေးချင်ဘူး၊ သူများကိုပေးရ ကမ်းရမှာ အတော်တွန့်တိုတယ်၊ သူကရေတောင်မတိုက်ဘူး"

"ဟုတ်ကဲ့"

"အဲဒီအချိန်မှာ ဟိုကငတ်နေတဲ့သူကထပြီးလုစားတယ် ဆိုပါတော့ကွာ"

"ဟင်"

"အေး–အဲဒါကို မင်းတို့စဉ်းစားကြည့်စမ်း၊ ငတ်နေတဲ့သူကို မကျွေးတဲ့သူဌေးကြီးမှာ အပြစ်ရှိလား၊ လုစားတဲ့သူမှာ အပြစ်ရှိလား၊ မင်းတို့ရှေ့နေလုပ်မယ့်သူဟွေ စဉ်းစားကြည့်ကြစမ်း"

ကျွန်တော်တို့သုံးယောက်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးတွေဝေသွားကြတယ်၊ စဉ်းစားနေကြတယ်ဆိုပါတော့။





"ဒီလောက်ငတ်ပြတ်နေတဲ့သူကိုတော့၊ အစာရေစာပေးကျွေးမွေးသင့်တယ်ဆရာ၊ ဒီလိုဖြစ်ရတာ–သူဌေးကြီးမှာအပြစ်ရှိတယ်ဆရာ"

အေးမောင်က မြန်မြန်တွေးခေါ်တတ်တဲ့ကောင်း၊ လူကလည်းသွက်တယ်၊ သူကအရင်ဖြေတယ်။

"ဟဲ. . . ဟဲ"

ဆရာကစပ်ဖြဲဖြဲလုပ်ရင်းဆေးလိပ်ကို မီးမငြိမ်းခင် တစ်ဖွာဖွာလိုက်တယ်။

"ဟ–အေးမောင်ရ သူဟာသူငတ်ပြီးသေသေ၊ သူ့ပစ္စည်းသူပေးချင်မှပေးမှာပေါ့၊ သူမပေးဘဲသူများပစ္စည်းကိုသူများက မပေးဘဲသွားလုစားရင်လုစားတဲ့သူမှာအပြစ်ရှိတာပေါ့ဟ၊ ကျွန်မတော့ဘာပဲဖြစ်ဖြစ်၊ လုစားတဲ့သူမှာပဲအပြစ်ရှိတယ်လို့ထင်ပါတယ်ဆရာ"

မတင်ရီကလည်းထက်တဲ့အမျိုးသမီး၊ သူကအကြောင်းအကျိုးတဲ့တာကွဖြေတယ်။

"ဟဲ. . . ဟဲ"

ဆရာကဆေးလိပ်တစ်ဖွာဖွာရင်းဟဲ ဟဲလို့ဘဲ ပြုံးဖြဲဖြဲဖြေတယ်၊ တကယ်တော့ ဆရာတပည့်တွေကို ဥပဒေပညာပေးရုံမက၊ တွေးခေါ်တတ်အောင်ပါပို့ချပေးလေ့ပေးထရှိတဲ့ဆရာပါ။

"ဟော့–ခင်းကရော"

ကြားထဲကငေါင်တောင်တောင်ဖြစ်နေတဲ့ကျွန်တော့်ကို လှမ်းပြီးမေးတယ်။ ကျွန်တော်ကစဉ်းစားတုန်း၊ အဖြေမထွက်သေးဘူး။

"ကျွန်တော်ကလည်း သူဌေးကြီးဘဲမှားတယ်လို့ထင်ပါတယ်ဆရာ၊ ဒီလောက်ငတ်ပြတ်နေတဲ့လူတစ်ယောက်ကို အစာလေးပေးကျွေးလိုက်ဖို့တော့ကောင်းပါတယ်"

ကျွန်တော်က အေးမောင်နဲ့သဘောတူဖြေလိုက်တယ်။

"ဟဲ. . . ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကရယ်ပါတယ်။

"အေး. . . ဒီကိစ္စမှာ မျှတမှု၊ တနာမှုအရကြည့်ရရင်တော့ သူဌေးကြီးကမတရားဘူး။ လွန်တယ်၊ အပြစ်ရှိတယ်လို့ထင်ရတယ်ကွ၊ ဥပဒေအရကြည့်ရင်တော့သူများပစ္စည်းကိုသူများသဘောတူဘဲလုစားတာအပြစ်ဖြစ်နေပြန်ရော"

ဆရာကနှစ်ခွပြောလိုက်တဲ့စကားကြောင့် ကျွန်တော်တို့အားလုံး ပိုပြီးနားမလည်ဟန်ရှိကြပါတယ်။

"ဒီ ဥပဒေမှာကဆိုရိုးစကားရှိတယ်ကွ၊ အဲဒါဘာလဲဆိုတော့ "Law is the instrument to control the human society" တဲ့၊ ဥပဒေဆိုတာ လူ့အဖွဲ့အစည်းကို ထိန်းကျောင်းတဲ့ကိရိယာလို့ဆိုစကားရှိတယ်၊ လူတစ်ဦး၏ကိုယ်ပိုင်ပစ္စည်းဥစ္စာကို လူတစ်ဦးက ထိခိုက်ဖျက်ဆီးမှုမရှိအောင်ကာကွယ်ပေးဖို့က ဥပဒေရဲ့တာဝန်ပဲ၊ တစ်ဖက်ကပြန်တော့လည်း ဒီလောက်တောင် ငတ်ပြတ်နေတဲ့သူကိုရှိနေတဲ့သူက ပေးကမ်းဖို့က၊ လူ့မှုတာဝန်တစ်ရပ်ပဲ၊ တနာမှုဘက်ကကြည့်ပြန်တော့ သူဌေးကြီးဘက်က လွန်ပြန်တယ်၊ လုစားတဲ့ဘက်က ကြည့်တော့လည်း လုတဲ့လူဘက်က လွန်ပြန်တယ်၊ အဲဒါဟာ တနာမှုနဲ့ ဥပဒေရဲ့ ဝိရောဓိတွေပဲကွ၊ အဲဒါကို မျှမျှတတဆုံးဖြတ်နိုင်ဖို့က တရားစီရင်ရေးနဲ့ ပညာပဲ၊ စနစ်ပဲလို့လဲ ဆိုချင်ဆိုပေါ့ကွာ"

ဆရာကပြောရတာမောသွားလို့၊ ဆေးပေါ့လိပ် ထိပ်လေးကိုမီးမသေးမီတစ်ဖွာလောက်ဖွာလိုက်ပါတယ်၊ နောက်မှစကားဆက်တယ်–

"မျှတမှုဘက်စောင်းပြန်ရင်လည်း၊ ဥပဒေဟာကျိုးပေါက်သွားနိုင်တယ်၊ ဥပဒေဘက်ကိုစောင်းပြန်ရင်လည်း၊ မျှတမှုဟာမဖြစ်နိုင်တော့ဘူး၊ ဒါကြောင့်တရားဥပဒေဆိုတာမျှတရမယ်၊ ဥပဒေနဲ့ညီရမယ်လို့ဆိုနေကြတာပေါ့"

"ဟုတ်ကဲ့"

ကျွန်တော်တို့သုံးယောက် ဆရာပြောတာကို အပြည့်အစုံ





သဘောမပေါက်ကြသော်လည်း ဟုတ်ကဲ့လိုက်ခဲ့မိပါတယ်။

"အေး–ဒါတွေကမင်းတို့ရှေ့ဆက်တွေ့မဲ့အမှုတွေမှာ၊ အဲဒီဝိရောဓိတွေကို သွားတွေ့မှာပဲ၊ ဒီအခါမှာမှ မင်းတို့ဥပဒေကိုမျှတအောင်၊ တရားဥပဒေနဲ့ညီအောင် ခံစားတတ်မယ်၊ အဲဒီဝိရောဓိတွေကို သတိထားရမယ်"

"ဟုတ်ကဲ့ ဆရာ"

ဟုတ်ကဲ့ဆရာလို့သာဖုတ်ဖက်ခါပြောလိုက်ကြရတယ်၊ သဘောတော့ သိပ်မပေါက်ကြ။

"အေး. . အေး. . တော်ပြီ ကိုယ့်အလုပ်ကိုယ်လုပ်ကြတော့"

ဆရာကဆေးလိပ်ဖွာရင်းစကားကိုအဆုံးသတ်လိုက်ပါတယ်။

ကျွန်တော်တို့လည်းသဘောပေါက်သလို မပေါက်သလိုနဲ့ပဲ ဆရာစကားကိုရင်ထဲမှာ သိမ်းထားလိုက်ကြရပါတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

၀

ဒီလိုနဲ့ကိုယ့်အမှုတွေကိုယ်လိုက်ပြီးအတွေ့အကြုံတွေမြောက်မြားစွာတွေ့ကြုံလာရပါတယ်။

တစ်နေ့တော့အမှုတစ်မှုတွေ့ရပါတယ်။

တရားခံအမည်က ကိုထွေးမောင်တဲ့။

သူကမိန်းမနဲ့ကလေးသုံးယောက်ရှိတယ်၊ ရေနံစက်ရုံထဲမှာအလုပ်လုပ်တယ်။ လုပ်သက်ကဆယ်နှစ်ယောက်ရှိပြီ၊ ရိုးရိုးသားသားပါပဲ၊ ဘာမှပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခဲ့ခြင်းမရှိဘူး။

တစ်နေ့–အလုပ်ပြီးလို့စက်ဘီးနဲ့အပြန်မှာ၊ လမ်းဘေးခြုံစပ်တစ်နေရာမှ အထုပ်တစ်ထုပ်ကိုတွေ့တယ်–ရေနံဝင်းထဲမှာ။

''ဘယ်ကားကကျနေခဲ့ပါလိမ့်''

သူ. . . စက်ဘီးကိုရပ်ပြီးအထုပ်ရှိရာကိုသွားတယ်။

နောက်အထုပ်ကိုသေသေချာချာကြည့်လိုက်တော့၊ စက်ရုံထဲကရေနံချေးတွေ၊ မြေရေခွံအိတ်နဲ့ထည့်ထားတဲ့အိတ်၊ ခန့်မှန်းခြေရေနံချေးငါးပိဿာလောက်ရှိမယ်။

''ဒါကားကကျခဲ့တဲ့အထုပ်တော့မဟုတ်ဘူး၊ ရေနံချေးလာခိုးတဲ့သူတွေကျန်နေခဲ့တဲ့အထုပ်ဘဲဖြစ်မယ်၊ မလွှတ်လို့ပစ်ထားခဲ့တာပဲဖြစ်မယ်''

သူစက်ရုံတွင်းမှာ ဖြစ်ပျက်နေတဲ့အခြေအနေတွေကိုထောက်





ပြီးတော့တွက်ဆတယ်၊ ဟုတ်တယ်လေ၊ အစိုးရပိုင်ရေနံချက်စက်ရုံအတွင်း မှာက ရေနံတွေ၊ ဓါတ်ဆီတွေ၊ ဒီဇယ်တွေ ရေနံချေးတွေကချက်လုပ်ထုတ်လုပ်နေတာ၊ ဒီစက်ရုံထဲကရေနံသူခိုးတွေကလည်း နည်းအမျိုးမျိုးနဲ့ ဝင်ခိုးတာ၊ ရေနံလုံခြုံရေးတွေကလည်း အပြည့်ချထားတာ၊ ဘယ်လိုဝင်ပြီးဘယ်လိုခိုးနေကြတယ်ဆိုတာတော့သူမသိ။

''အင်း. . . ဒီတစ်ထုတ်ဆိုရင်တော့ သုံးလေးထောင်လောက်တော့ရမှာပဲ၊ ငါလဲလကုန်ခါနီးရက်လစာကပြတ်နေပြီ၊ အိမ်ကမိန်းမကလည်းသွေးနုသားနုနဲ့၊ အငယ်ဆုံးကလေးကလည်းနေမကောင်းဘူး၊ ဆေးခန်းပို့စရာငွေလည်းမရှိဘူး၊ ရှေ့မှာ လုံခြုံရေးတွေတော့ လွတ်တန်းကောင်းပါတယ်၊ အထုပ်ကလည်းလမ်းရောက်နေမှတော့ ငါကောက်ပြီးမသွားရရင်ကောင်းမလားမသိဘူး''

ရှေ့ရေး၊ နောက်ရေး၊ လုံခြုံရေးအခြေအနေတွေထည့်သွင်းစဉ်းစားတွေးခေါ်နေတာနဲ့ ကိုထွေးမောင်တစ်ယောက်ရေနံထုပ်နားကတော်တော်နဲ့မခွာနိုင်၊ ချင့်ချိန်စဉ်းစားနေတုန်းမှာပဲ။

''တီ. . . တီ. . . တီ''

နောက်ကလုံခြုံရေးလှည့်တဲ့ကားတစ်စီးကနောက်ကရောက်လာတယ်။

အထုပ်ဘေးမှာထွေးမောင်ကိုပက်ပင်းတွေ့တယ်။

သက်သေခံပစ္စည်းနဲ့တကွ လက်ဆုတ်လက်ကိုင်တွေ့မှတော့ထွေးမောင်ကို လုံခြုံရေးတွေဖမ်းပြီပေါ့။

နောက်ရဲစခန်းပို့တရားစွဲတင်ခဲ့ပါတယ်။

နောက်တရားရုံးတင်တော့ ကျွန်တော့်မိတ်ဆွေတစ်ယောက်နဲ့ပတ်သက်ပြီးအမှုကကျွန်တော့်ဆီရောက်လာပါတယ်။

တရားခံရှေ့နေပေါ့. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

○

အဲဒီအချိန်က ရေနံဝင်းထဲမှာက စိမ့်ချက်လေ. . .

ရေနံတွေကနေ့ပျောက်–ညပျောက်၊ ရေနံပိုက်လိုင်းတွေ ဖောက်ပြီးအခိုးခံရကိုခံရနဲ့၊ လုံခြုံရေးစီမံချက်ချပြီး ရေနံခိုးတဲ့သူတွေကို သက်ဆိုင်ရာက အပြတ်နှိမ်နေနဲ့အချိန်၊ ရေနံခိုးမှုတွေမိရင်လည်း ထိရောက်ဟန့်တားလောက်တဲ့ ပြစ်ဒဏ်တွေပေးနေတဲ့အချိန်။

ဒီတော့ထွေးမောင်အမှုကို ရုံးတင်တော့ ပြည်သူ့ရဲက ပုဒ်မ၆(၁)နဲ့မတင်ဘူး၊ အပက သုံးဆိုတဲ့ပုဒ်မနဲ့ရုံးတင်တယ်၊ တရားစွဲတယ်ဆိုတာပေါ့၊ ရုံးကလဲအဲဒီပုဒ်မနဲ့စွဲတင်ရင် ခရိုင်တရားရုံးမှာ အမှုကိုစွဲတင်ရတယ်၊ မြို့နယ်တရားရုံးမှာစစ်လို့မရဘူး၊ ပုဒ်မကပြစ်မှုကြီးတယ်ပေါ့၊ အချုပ်ကအင်းစိန်အကျဉ်းထောင်မှာချုပ်ထားပါတယ်။

ဒီနေရာမှာပုဒ်မ ၆(၁)နဲ့ အပက ၃ ဆိုတဲ့ပုဒ်မလေးအကြောင်းနည်းနည်းပြောချင်ရတယ်။

ပုဒ်မ–၆(၁)ဆိုတာက ၁၉၄၇ ခုနှစ်၊ ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ(The Public Property Protection Act) ပုဒ်မ–၆(၁)ကို ဆိုလိုတာ၊ ဒီပုဒ်မမှာပြဋ္ဌာန်းထားတာက –

"(၁) ပြည်သူ့ပိုင်ပစ္စည်း တစ်စုံတစ်ရာကို

(က) ပိုင်ဆိုင်ခွင့်မရှိပဲလျက်လက်ဝယ်ထားခြင်း





(ခ) ခိုးယူခြင်း

(ဂ) အလွဲသုံးစားခြင်း

(ဃ) အကျိုးပျက်စီးခြင်း ပြုလုပ်ကျူးလွန်လျှင် ထိုသူအားထောင်ဒဏ် ခုနစ်နှစ်အထိ၊ သို့မဟုတ် ထောင်ဒဏ်နှင့် ကြိမ်ဒဏ်နှစ်ရပ်လုံးအပြင် ငွေဒဏ်ထိုက်သင့်စေရမည်" လို့ပြဋ္ဌာန်းထားပါတယ်။

အပကသုံးဆိုတာကတော့–

"၁၉၆၃–ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြဋ္ဌာန်းထားတဲ့ ပုဒ်မသုံးကိုခေါ်တာပါ၊ အဲဒီမှာပြဋ္ဌာန်းထားတာက –မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ခိုးမှု၊ အလွဲသုံးစားပြုမှု သို့မဟုတ် လိမ်လည်မှု ကျူးလွန်လျှင်၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အောက် မနည်းသည့်ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည့်အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်းခံရမည်ကို ပြဋ္ဌာန်းထားပါတယ်"

ဒီတော့ အပကပုဒ်မသုံးနဲ့ အရေးယူလို့ကတော့ အနည်းဆုံးထောင်ဒဏ်ဆယ်နှစ်ပဲ၊တရားရုံးကလျော့ချလို့လဲမရဘူး။ဒါကြိမ်းခင်းဈေးပဲ။

ဒီတော့ ကျွန်တော်မျက်လုံးပြူးရပြီပေါ့၊ ပျာယာခတ်ရပြီပေါ့။

အမှုကလည်း ခိုးထုတ်ခိုးထည်နဲ့ လက်ပူးလက်ကျမိထားတဲ့အမှုဆိုတော့၊ အမှုအခြေအနေက မကောင်းဘူး။

တစ်နေ့ တရားခံရဲ့ ဇနီးသည်ဖြစ်တဲ့ မထွေးတင်၊ ကလေးလေးချီပြီးရုံးကိုရောက်လာတယ်၊ မျက်ရည်နဲ့မျက်ခွက်။

"ဆရာရယ်ကျွန်မလည်းနေလို့မကောင်းဘူး၊ ကလေးကလည်းကျန်းမာရေးမကောင်းဘူး။ ကျွန်မအင်းစိန်ကိုအချုပ်တောင်မတွေ့နိုင်ဘူး။ သွားဖို့သောက်ဖို့လည်းမပိုနိုင်ဘူး။ အိမ်မှာကလေးသုံးယောက်နဲ့ထမင်းတောင်နပ်မမှန်ပါဘူး၊ဆရာရယ်၊ ကျွန်မလည်းမရှက်ပါဘူး။ ကိုသန့်အတော်ကိုဒုက္ခရောက်နေပါတယ်ဆရာရယ်. . . ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



ရှိက်သံလေးနဲ့ပြောလာတော့လည်း ကျွန်တော့်မှာအတော်စိတ်မကောင်းဖြစ်ရပါတယ်။

''အမှုအခြေအနေကရောဘယ်လိုနေလည်းဆရာရယ်''

အင်း. . . ကျွန်တော့်မှာဖြေရကြပ်လှပါတယ်။

''အမှုကသက်သေခံပစ္စည်းနဲ့တကွတွေ့တယ်၊ တရားလိုပြသက်သေတွေကလည်း တစ်မျိုးတည်းထွက်ကြတယ်လေ''

''ကျွန်မယောက်ျားဟာ တကယ်ရိုးပါတယ် ဆရာရယ်၊ ရေနံထဲမှာလုပ်တာကြာပါပြီ၊ ဒီလိုအမှုမျိုးတစ်ခါမှမဖြစ်ဖူးပါဘူး၊ ဘာပစ္စည်းမှလည်း အိမ်ကိုခိုးမလာပါဘူး၊ ဒါသက်သက်လုပ်ကြံခံရတာပါဆရာ''

''အင်း. . . ကျွန်တော်တို့လည်းကြိုးစားနေကြပါတယ်အမေကြီးရယ်''

''ကိုယ့်ကျန်းမာရေးနဲ့ကလေးတွေကိုသာ ဂရုစိုက်ပါ''

''ကျွန်မလည်း ဂရုစိုက်ပါတယ်ဆရာရယ်၊ မိန်းမသား တစ်ယောက်တည်းဆိုတော့စားရေးသောက်ရေးကမလွယ်ပါဘူး ဆရာရယ်''

''နောက်တစ်ပတ်လောက်ကို အမိန့်ချပါတော့မယ်၊ အစ်မကြီး ကျွန်တော်တို့စောင့်ကြည့်ရမှာပေါ့''

တခြားထွေရာလေးပါးစကားတွေပြောပြီး၊ ကလေးကလည်း မနေတာနဲ့၊ နှုတ်ဆက်ပြီးပြန်သွားပါတယ်။

◆ ◆ ◆

၀

နောက်တစ်ပါတ်ကျတော့အမိန့်ချပါတယ်။

ထုံးစံအတိုင်းထောင်ဒဏ်ဆယ့်နှစ်ပါပဲ၊ ဒါကြမ်းခင်းဈေးလေ။

ကျွန်တော့်မှာ စိတ်မသက်သာလှ၊ ကိုထွေးမောင်ဘယ်လို ခံစားရမလဲ၊ မထွေးတင်နဲ့ကလေးတွေဘယ်လိုနေကြမလဲ။

အော်. . . ကံဆိုးမသွားရာမိုးလိုက်လို့ရွာ၊ မြေနိမ့်ရာလှံစိုက်ဆိုတာဒါမျိုးထင်ပါရဲ့၊ အမှုကလည်းဘယ်လိုမှ ရုန်းထွက်လို့မရ။

ကျွန်တော်မှာ တစ်ယောက်တည်းအတွေးချာချာလည်ရပါတော့တယ်။

ဒီတော့မှ ဟိုချိန်ဘာဘာဝက ကျွန်တော့်ဆရာ. . . ဦးစိန်မော်ပြောခဲ့ဖူးတဲ့ စကားသွားသတိရမိတယ်။

''မှုတမှုနဲ့ဥပဒေဝိရောဓိဆိုတာလေ''

ခုမှတွေ့ရပလေကော ဆရာရယ်၊ သဗ္ဗေ သတ္တာကမ္မသကာပေါ့ ဆရာကောင်းရာမွန်ရာရောက်ပါစေလို့ ဦးခိုက်လိုက်ရပါတော့တယ်။

⌑ ဆိုမောဝ်စံထိန်း(ဗိုလ်ချုပ်ရွာ)

www.burmeseclassic.com

www.burmeseclassic.com




## တရားခံပြေး

"ရာဇဝတ်ဘေးပြေးမလွတ်" တဲ့၊ ရှေးလူကြီးသူမတွေ ပြောခဲ့တယ်။

ရှေးစကားတွေဟာ ခေတ်အဆက်ဆက်လောကအတွေ့အကြုံတွေအရ ပြောခဲ့ကြတာတွေပါ၊ ဘယ်တော့မှမမှားပါဘူး။

တချို့ကတော့ အဲဒီစကားကိုပြောင်းပြန်လှန်ပြီးပြောကြပါတယ်။ ရာဇဝတ်ဘေးပြေးရင်လွတ်တယ်ဆိုပြီး၊ လွတ်အောင်အမျိုးမျိုးကြိုးစားပြီး ထွက်ပေါက်လွတ်ပေါက်ရှာနေကြပါတယ်။

မရပါဘူး၊ ရာဇဝတ်ဘေးပြေးမလွတ်ပါဘူး၊ ဘာကြောင့်မလွတ်လဲကြည့်ကြရအောင်။

ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)နဲ့အမှုတစ်ခုလာအပ်တယ်၊ ထုံးစံအတိုင်း ရေနံခိုးမှုပေါ့၊ သန်လျင်ရေနံချက်စက်ရဲ့ထဲကရေနံခိုးတာ၊ တရားခံကလေးယောက်၊ သုံးယောက်ကာဖမ်းလို့မိတယ်၊ တစ်ယောက်ကထွက်ပြေးနေတယ်၊ သူ့အဖေက ဦးဘိုးအေး။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com



"ဆရာ. . . ဒီအမှုမှာ ကျွန်တော့်တူသုံးယောက်က ဖမ်းမိတယ် ဆရာ။ ကျွန်တော့်သားကတော့ဖမ်းစဉ်ကလွတ်လာတယ်၊ မမိဘူး ရဲစခန်းမှာ ကျန်တဲ့တရားခံတွေကဖော်ချက်နဲ့ကျွန်တော့်သားပါတရားခံ ဖြစ်နေတယ်"

"သူကဘယ်သွားနေလို့လည်း ဦးဘိုးအေးရဲ့"

ဦးဘိုးအေးက ဟိုကြည့် ဒီကြည့်လုပ်ပြီး တိုးတိုးလေးထပ်ပြီးတော့ပြောတယ်။

"ဆရာ့ကို ရိုးရိုးသားသားနဲ့ပွင့်ပွင့်လင်းလင်းပြောရရင်၊ ခဏရှောင်နေတာပေါ့ဆရာရယ်၊ သူ့မှာလည်းကလေးတွေနဲ့အိမ်က စီးပွားရေးကလည်းသူမရှိလို့မဖြစ်ဘူးဆရာရဲ့၊ အဲဒါကိုမေးချင်လို့အခုအခြေအနေကဘယ်လိုရှိလဲ၊ သူ့ရေရှည်ဒီလိုရှောင်နေလို့ကောဖြစ်ပါ့မလား"

ကျွန်တော့်ကိုအကျပ်ဆိုက်စေတဲ့ မေးခွန်းမေးလိုက်ပါတယ်။ အမှုတွေမှာ ဒီလိုပဲလေ၊ ဖြစ်မှုတစ်ခုကို ကျူးလွန်ပြီးရင် တရားဥပဒေနှင့်အညီရင်ဆိုင်မယ်လို့စိတ်မကူးကြဘူး လောလောဆယ်လွတ်မြောက်ဖို့ကိုသာကြည့်ပြီး၊ နည်းအမျိုးမျိုးနဲ့ထွက်ပြေးတိမ်းရှောင်တတ်ကြတယ်။

ဒါကို ဖအေလုပ်တဲ့သူအကျိုးအကြောင်းသိချင်လို့ပဲဖြစ်ဖြစ်၊ အမှုကပြီးသွားရင်လွတ်မလားလို့ မျှော်လင့်ချက်နဲ့ပဲဖြစ်ဖြစ်၊ ရှေ့နေကို မေးတတ်ကြပါတယ်။

"ဒါကတော့ ဦးဘိုးအေးရယ်၊ ကျွန်တော်ကဥပဒေသမား တစ်ယောက်အနေနဲ့ပြောရရင်၊ မှန်ကန်တဲ့ နည်းလမ်းမဟုတ်ဘူးလို့တော့ ပြောချင်ပါတယ်။ ဖြစ်မှုတစ်စုံတစ်ရာ ဖြစ်လာရင် တရားဥပဒေနဲ့အညီရင်ဆိုင် ဖြေရှင်းတာဟာ အကောင်းဆုံးပါပဲ၊ ပြေးနေလို့ရော နောက်ပိုင်းအကျိုးဆက်တွေကလိုက်လာမှာပဲ ဖြေရှင်းရမှာပဲ မဟုတ်လား"

ဦးဘိုးအေးနားလည်သဘောပေါက်သည့်ပုံမပေါက်သေး။

"ဘယ်လိုအကျိုးဆက်တွေဖြစ်လာနိုင်တာလဲ ဆရာရယ်"

ဒီလိုမေးလာပြန်တော့လည်း အကြောင်းအကျိုးကို ရှင်းပြဖို့





တာဝန်က ကျွန်တော့်ပခုံးပေါ်ရောက်လာပြန်တယ်၊ ရှေ့နေတစ်ယောက်အနေနဲ့အမှုသည်တစ်ယောက်ကို တရားဥပဒေအချက်နဲ့ပတ်သက်ပြီး သဘောပေါက်အောင်ရှင်းပြဖို့ကရှေ့နေတစ်ယောက်ရဲ့တာဝန်ပဲလေ။

"ဒီလိုရှိတယ် ဦးဘိုးအေးရဲ့၊ အခုရုံးမှာ စစ်နေတဲ့အမှုကိုပဲကြည့်၊ တရားခံ(၄)ယောက်ရှိတဲ့အနက်၊ တစ်ယောက်ကို ဖမ်းမမိတော့ရဲကတရားခံ(၃)ယောက်ပဲ တရားရုံးကို တရားစွဲတင်ပို့နိုင်ခဲ့တယ်၊ ကျန်တဲ့တရားခံတစ်ယောက်ကတော့ ဖမ်းမမိတဲ့တရားခံပြေးပေါ့၊ သူ့ကိုတရားခံပြေးအနေနဲ့ရုံးကိုတင်တယ်၊ ကဲအခုအမှုမှာပဲကြည့် တရားခံပြေးအမှုပါနေတော့ တရားခံပြေးအတွက်၊ ဒီတရားခံပြေးနေတဲ့အကြောင်း ဒီတရားခံကို ဖမ်းဆီးရမိခြင်းမရှိကြောင်း တရားစွဲတဲ့ရဲကသက်သေတင်ပြရတယ်။ အဲဒီသက်သေတွေကို တရားရုံးအခေါ်မင်နီသက်သေလို့ခေါ်တယ်"

"ဟုတ်ကဲ့"

ဦးဘိုးအေးကနားစွင့်ပြီးနားထောင်နေတယ်။

"အမှုမှာအဲဒီမင်နီသက်သေတွေကို အရင်စစ်ရတယ်၊ အဲဒီသက်သေစစ်ပြီးမှ အဲဒီတရားခံပြေးအဖြစ်ကြေငြာရတယ်၊ ကြေငြာတယ်ဆိုရင်သက်ဆိုင်ရာ ရဲစခန်းတွေကိုအကြောင်းကြားရတယ်၊ သဘောကတော့ တရားခံကိုတွေ့တဲ့နေရာမှာဖမ်းဆိုတဲ့သဘောပေါ့"

"ဒါဆိုတရားခံဟာ ထွက်ပြေးနေရုံနဲ့မပြီးဘူးပေါ့"

"ဘယ်ပြီးပါ့မလဲ ဦးဘိုးအေးရဲ့၊ နောက်ဆက်လုပ်ရမယ့်လုပ်ငန်းတွေက အများကြီးရှိသေးတယ်၊ လောလောဆယ်မှာကို အခု ခင်ဗျားတို့အမှု မင်နီသက်သေစစ်နေရတာနဲ့၊ အမှုကတခြားအဓိက သက်သေတွေကိုစစ်လို့မရပဲရပ်ထားရတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"အဲဒီတော့အဖမ်းခံပြီးဝင်ဖြေရှင်းနေရတဲ့တရားခံတွေလည်း မနစ်နာဘူးလား၊ အမှုကအဓိကသက်သေတွေကို စစ်ဆေးပြီး အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လို့ရရင်လည်း အာမခံထုတ်ပေါ့၊ အေး ဒါမှမဟုတ်ရင်လည်း တရားရုံးက ထိုက်သင့်တဲ့ပြစ်ဒဏ်စီရင်တာခံရရုံပေါ့''

''ဟုတ်ပါတယ် ဆရာ''

''ဒါဆိုအမှုကပြီးပြတ်မသွားဘူးလား''

''ဟုတ်တယ်ဆရာရေ အမှုကသက်သေတွေမစစ်နိုင်တာနဲ့ တရားခံပြေးအမှုစစ်နေတာနဲ့ကို အတော်ကြာနေပြီ၊ အမှုကအဓိက သက်သေတွေတစ်ယောက်မှမစစ်ရသေးဘူး၊ တရားလိုတောင်မစစ်ရသေးဘူး၊ အချုပ်ခံနေရတဲ့လူတွေကသေတော့မယ်''

''အေး အဲဒါပြောတာပေါ့ဗျ၊ ဥပဒေကို ဥပဒေအတိုင်းတရားနည်းလမ်းတစ်ကျဖြေရှင်းသွားရင်၊ ပြီးသင့်တဲ့ဟာလည်းပြီးပြတ်သွားတာပေါ့၊ အခု တရားခံကပြေးနေတော့အမှုကမကြန့်ကြာသင့်ပဲကြန့်ကြာနေရတာပေါ့''

''အင်း တရားခံပြေးပါနေတယ်ဆိုတော့အမှုက ရေရှည်တော့တာပေါ့ဆရာရယ်''

ဦးဘိုးအေးနည်းနည်းတော့ သဘောပေါက်လာပုံရတယ်။

အဲဒီအချိန်မှာပဲ ရုံးကအမှုစစ်ဘို့ခေါ်နေလို့၊ စကားစကို ခဏဖြတ်ပြီးအမှုသွားစစ်ရပါတယ်။

◆ ◆ ◆

၀

အမှုစစ်ပြီးပြန်လာတော့ လက်ဖက်ရည်သောက်ရင်း၊ ကျွန်တော့်ရုံးခန်းထဲမှာ တရားခံပြေးကိစ္စနဲ့ပတ်သက်ပြီး သူသိပ်သိချင်နေတဲ့အချက်တွေကို ထပ်မေးပါတယ်။

''ဆရာ ခုနတရားခံပြေးကိစ္စဆက်ပါအုံးဆရာရဲ့၊ စားတုန်းသောက်တုန်းဘဲမေးပါရစေအုံး''

သူတော်တော်သိချင်နေပုံပေါ်တယ်။

ဒါကလည်း ဗဟုသုတအနေနဲ့သိထားသင့်တဲ့အချက်ဘဲ မဟုတ်လား။

''ကဲ. . ခုဘဲ ဦးဘိုးအေးတွေ့ပြီ၊ အမှုက အဓိကသက်သေတွေမစစ်ရသေးဘူး၊ တရားခံပြေးနေတဲ့အကြောင်းသက်ဆိုင်ရာ (ရဲယက) သွားဖမ်းတဲ့ရဲသက်သေ တရားခံဒီမှာမရှိတဲ့အကြောင်း၊ ဘေးပတ်ဝန်းကျင်ကသက်သေတွေစစ်နေရတာ၊ တော်တော်နဲ့မပြီးဘူးမဟုတ်လား၊ အမှုမကြာသင့်ဘဲကြာနေတာပေါ့''

''ဟုတ်ကဲ့''

''အမှုကြာတော့ ဘယ်သူနစ်နာလဲ''

ဦးဘိုးအေးက စဉ်းစားပြီး ဖြည်းဖြည်းလေးပြန်ပြောတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တရားခံနဲ့ မိသားစုတွေ နစ်နာတာပေါ့ဆရာရယ်"

"အေးဒါမှန်တယ်၊ တရားခံတွေမိသားစုတွေဟာ ရုံးချိန်းတစ်ချိန်း တစ်ချိန်းလာရတာလွယ်တာမဟုတ်ဘူး"

"ဟုတ်ပါတယ်"

"တကယ်လို့အမှုအတောအတွင်းမှာဘဲဖြစ်ဖြစ်၊ အမှုပြီးသွားရင်ဘဲဖြစ်ဖြစ်ဒီတရားခံကို တစ်နေရာကဖမ်းမိရင်၊ ဒီအမှုကအဲဒီတရားခံအတွက်ပြန်ပေါ်လာမှာပါ အမှုကပြီးသွားမှာမဟုတ်ဘူး"

"အော်. . . ဒီလိုလားဆရာ"

"မိလာတဲ့နေ့မှာ၊ ဒီအမှုကို တရားခံကဆက်လက်စီရင်စစ်ဆေးခြင်းခံရမှာဘဲ"

"ဟုတ်ကဲ့"

"တစ်သက်လုံးကောမမိဘဲနေမလားဗျာ၊ ထွက်ပြေးနေတဲ့ရတရားခံတစ်ယောက်ကို ပြည်သူရဲကအမြဲတမ်းစောင့်ကြည့်ပြီး လိုက်လံဖမ်းဆီးနေမှာပါ၊ တစ်နေ့တော့မိမှာသေချာပါတယ်"

"တစ်သက်လုံးလည်းလွတ်အောင်ဘယ်ပြေးနေနိုင်ပါ့မလဲ ဆရာရယ်၊ တစ်နေ့တော့ တစ်ကွေ့ကွေ့မှာ မိမှာပေါ့"

"ဟုတ်ပါတယ်ဆရာ. . . ဒါနဲ့ခုနဆရာပြောတဲ့အထဲမှာ တရားခံပြေးရဲ့နောက်ဆက်တဲ့အကျိုးဆက်တွေကရော ဘာတွေလဲဆရာ"

"အော်. . . ဒါကတော့ တရားခံတစ်ယောက်ဟာ ပြေးနေရုံနဲ့ ဥပဒေကနောက်ကထိုင်နေမှာမဟုတ်ဘူးဗျ။ အဲဒီတရားခံကို ဖမ်းမမိရင် သူပိုင်ဆိုင်တဲ့ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေကို ဝရမ်းစွဲကပ်ပြီး၊ နိုင်ငံတော်ကသိမ်းယူနိုင်ပါတယ်"

"အော်. . . အော်. . . ဟိုတစ်ခါ ကျွန်တော်တို့ရွာက တရားခံပြေးအိမ်ကို ဝရမ်းကပ်ပြီး အစိုးရကရောင်းတယ်ဆိုတာ ဒါနဲ့ တူပါတယ်"

"ဟုတ်တာပေါ့ ဦးဘိုးအေးရဲ့၊ နိုင်ငံတော်ကနောက်ကနေပြီး သူလုပ်ထုံးလုပ်နည်းအတိုင်းလုပ်စရာရှိတာတွေလျှောက်ပြီးလုပ်လာမှာ ပေါ့"





"အင်း. . . ဒါဆိုပြေးရင်လွတ်ပြီဆိုပြီး အေးအေးဆေးဆေးနေလို့တော့မပြီးသေးဘူးနော်ဆရာ"

ဦးဘိုးအေးသဘောကောင်းကောင်းပေါက်သွားပုံရတယ်၊ အခုအမှုမှာ သူ့သားကိုယ်တိုင်ကတရားခံပြေးဖြစ်နေတယ်လေ၊ သူ့သားအတွက်လည်းရတက်မအေးပုံရပါတယ်"

"ကဲ. . . ဒါဆို ဆရာ့ပဲအပူကပ်ရအုံးမယ်ဆရာရယ်" ကျွန်တော့် သားကိစ္စဘယ်လိုလုပ်ရမလည်းအကြံပေးစမ်းပါအုံး ဆရာရယ်"

သူ့ကိစ္စကိုကျွန်တော့်ခေါင်းပေါ်ပုံချတဲ့သဘောမျိုးမေးတယ်၊ လူရင်းချင်းမို့အကြံကောင်းဉာဏ်ကောင်းတောင်းတာလဲ ဖြစ်နိုင်ပါတယ်လေ။

"ကျွန်တော့်ကတော့ဥပဒေသမားပီပီ၊ ဥပဒေအတိုင်းပဲ အကြံပေးချင်ပါတယ်၊ ဦးဘိုးအေးရဲ့ အခုအမှုလည်းစစ်နေပြီပဲ၊ ပြေးနေမယ့်အစားအဖမ်းခံပြီးတော့ ပြစ်မှုမှာ ဝင်ရှင်းလိုက်တာအကောင်းဆုံးပါပဲ"

"ဟုတ်ကဲ့"

"ဒါမှ အမှုစစ်ဆေးနေတုန်း အာမခံရဘို့အခွင့်အလမ်း ပေါ်လာရင်လည်း အာမခံနဲ့ပြန်ထွက်နေတာပေါ့၊ စစ်ဆေးကြည့်လို့အပြစ်မပံ့ပိုးပေါက်ရင်လည်းအမှုကအပြီးအပြတ်ပြီးသွားတာပေါ့၊ ပြစ်ဒဏ်စီရင်ခံရရင်လည်း နောက်ဆုံးထိုက်သင့်တဲ့ပြစ်ဒဏ်ရဲရဲဝံ့ဝံ့ခံရုံပဲရှိတော့တာပေါ့ ဦးဘိုးအေးရယ်"

ကျွန်တော်က ဥပဒေလမ်းကြောင်းအတိုင်းနားချရပါတယ်။

ခေါင်းတဆတ်ဆတ်နဲ့ ဦးဘိုးအေးနားထောင်နေပါတယ်၊ သူ့စိတ်ထဲမှာ ဆုံးဖြတ်ချက်တစ်ခုကိုချနေတဲ့ပုံလည်းပေါ်ပါတယ်။

"ဒါဆိုကျွန်တော့်သား အဖမ်းခံပြီး အမှုကိုဝင်ရှင်းလိုက်တာအကောင်းဆုံးပဲနော်ဆရာ"

"ဟာ ဒါကအမှန်ဆုံးပေါ့၊ ဦးဘိုးအေးရယ်၊ လာမဲ့ဘေးပြေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆိုတဲ့ဆိုစကားလည်းရှိတယ်မဟုတ်လား၊ ယောက်ျားပဲ ပြဿနာကိုရှောင်နေလို့ဖြစ်မလား ရဲရဲရင့်ရင့်ရင်ဆိုင်ဖြေရှင်းလိုက်တာ အကောင်းဆုံးပေါ့''

''ဟုတ်ကဲ့ဆရာ''

ဟုတ်ကဲ့ပါဟု ပြောပြီးဦးဘိုးအေးကျွန်တော်ကို နှုတ်ဆက်၍ပြန်သွားခဲ့ပါသည်။

တရားခံတစ်ယောက်အမြင့်မှန်ရလာတော့မှာပါလားဟု တွေးရင်း ကျွန်တော်ကျေနပ်နေမိပါတယ်။

◆ ◆ ◆

၀

နောက်တစ်ပတ် ရုံးချိန်ရက်ကြတော့ ဦးဘိုးအေးရဲ့သား ငွေမောင်း အဖမ်းခံပြီး တရားခံထဲပါလာပါတယ်။

ရုံးရောက်တော့ ဦးဘိုးအေးက ကျွန်တော့်ရုံးခန်းထဲဝင်တယ် ဆိုရင်ဘဲ. . .

''ဆရာရေ. . . ဆရာတပည့်တော့အဖမ်းခံလိုက်ပြီ၊ အချုပ်ထဲရောက်နေပြီ'' ဟု နှုတ်ဆက်လိုက်ပါတယ်။

ကျွန်တော် ခါတိုင်း ပြောနေကျစကားအတိုင်းဆိုရင် ''အော် ကောင်းပါတယ်'' လို့ ပြောမိမှာဖြစ်သော်လည်း၊ လူဂစ်ယောက် အဖမ်းခံရတာ ကောင်းပါတယ်လို့ ပြောလို့ မသင့်တဲ့အတွက်–

''အော် ဟုတ်ကဲ့ ဟုတ်ကဲ့'' လို့ဘဲပြောမိလိုက်ပါတယ်။

''အဲဒီကိစ္စ ဆရာပဲကြည့်ပြီး ဆောင်ရွက်ပေးပါတော့ ဆရာရယ်''

ဦးဘိုးအေးက နောက်တိုးလာတဲ့ သူ့သား ငွေမောင်းအမှုကိုပါ ဆောင်ရွက်ဘို့ အမှုအပ်ပါတယ်။

ဒါနဲ့ ကျွန်တော်လည်း တရားခံငွေမောင်းအတွက် ရှေ့နေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားလည်း ပါဝါတင်ပြီး အမှုမှာ တခြားတရားခံတွေနဲ့အတူ အမှုမှာ တရားခံများ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။

တရားခံ လေးယောက်လုံးကို ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး ပုဒ်မ ၆(၁) အရစွဲချက်တင်ပါတယ်။

စွဲချက်တင်ပြီးတော့ တရားခံများဖက်က ဖြေရှင်းရတဲ့ အလှည့် (တရားရုံးအခေါ်တော့ တရားခံစစ်ခေါ်တာပေါ့) မှာ၊ တရားခံ ငွေမောင်း အနေနဲ့ အပြစ်မရှိကြောင်း ခိုင်ခိုင်မာမာ ချေပနိုင်ခဲ့ပါတယ်။

ဒါဟာလည်း ကျွန်တော့်ရဲ့ကြိုးပမ်းမှု၊ ဦးဘိုးအေးရဲ့လုံးပမ်း ဆောင်ရွက်မှုနဲ့ သက်သေတွေက ဝိုင်းဝန်းကူညီမှုတွေကြောင့် ဖြစ်ပါတယ်။

တိုတိုနဲ့ရှင်းပြီးပြောရရင်၊ နောက်ဆုံးအမှုမှာ အမိန့်ချတော့ တရားခံနှစ်ယောက်ဟာ ပြစ်မှုထင်ရှားတဲ့အတွက်၊ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၁)နှစ်စီကျပါတယ်။

ဒီအမှုမှာ တရားခံနှစ်ယောက်ကတော့ တရားသေကွင်းလုံး ကျွတ်လွတ်ပါတယ်။

တရားသေလွတ်တဲ့အထဲမှာ ဘယ်သူပါလဲ စာဖတ်သူတို့ သိချင်ကြပါလိမ့်မယ်။

အမှုရင်ဆိုင်ရမှာကို ကြောက်လို့ ထွက်ပြေးနေတဲ့ ဦးဘိုးအေးရဲ့ သား တရားခံငွေမောင်းလည်း ပါပါတယ်။

ဦးဘိုးအေးကတော့ ပြုံးလို့ပေါ့၊ ခုတော့ပြုံးနိုင်ပြီပေါ့။

ဒီတော့ ဦးဘိုးအေးကဆိုတယ် . . .

''ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ဆရာကြိုးစားဆောင် ရွက်ပေးလို့ ဒီလိုဖြစ်ရတာ၊ ဟဲ့ကောင်ဆရာ့ကို ကန်တော့လိုက်''

ဘေးမှာ ရပ်နေတဲ့ သူ့သားငွေမောင်းကို ကျွန်တော့်ကို ကန်တော့ခိုင်းပါတယ်။

''ဆရာ့ကို ကျွန်တော် ကန်တော့ပါတယ် ဆရာ၊ ဆရာ့ ကျေးဇူးကိုလည်းတစ်သက်လုံး မမေ့တော့ပါဘူး''

စိတ်ကူးသစ်စာပေ



ငွေမောင်းက ကျွန်တော့ကို ရှိုရှိုသေသေ ထိုင်ကန်တော့ပါ တယ်။

''အေး . . . အေးလို့'' အစချီပြီး ကျွန်တော့်လည်းတတ် သလောက် မှတ်သလောက် ကျွန်းမာ– ချမ်းသာစေကြောင်း ဆုတွေပေး လိုက်ပါတယ်၊ နောက် ဦးဘိုးအေးဘက် လှည့်ပြီးတော့ ''ကဲ . . . ဦးဘိုးအေးလဲ ခုလောက်ဆို သဘောပေါက်ရောပေါ့''

''ဟုတ်ကဲ့ . . . တော်တော်ကို သဘောပေါက်ပါပြီ''

''ဟုတ်တယ် အမှုကိစ္စ ဖြစ်လာပြီဆိုရင် ဥပဒေနဲ့အညီ မှန်မှန် ကန်ကန် ဖြေရှင်းတာဟာ အကောင်းဆုံးပါပဲ''

''ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါအုံး''

''ကောင်းပါပြီးတဲ့ဗျာ''

အမှုကို ဥပဒေအတိုင်း မှန်မှန်ကန်ကန် ရင်ဆိုင် ဖြေရှင်းနိုင်ကြ ပါစေ . . . လို့ ဆန္ဒပြုလိုက်ရပါတယ် . . . ။

¤ ထိုက်ဇော်စံသိန်း(ပိုလ်ချုပ်ရွာ)

www.burmeseclassic.com

www.burmeseclassic.com




# လယ်ယာမြေ

''ဆရာ''

''ဗျား''

''ကိုယ့် ဆရာတပည့်ချင်းမို့ တိုးတိုးမေးပါရစေ''

ဦးတိုးကြည် ကျွန်တော့ရုံးခန်းကို ရောက်လာရင်း အမေး အမြန်းက ထူးစမြဲ။ အော် သူလည်းသိချင်လို့ ဗဟုသုတပေါ့။

''ဆိုစေဗျား''

''လယ်ယာမြေဆိုတာ ဘာကိုခေါ်တာလဲဆရာ''

''ဟား. . . ဟား. . . ဟား''

ကျွန်တော်က မပြုံးဘဲ ဝါးလုံးကွဲရယ်လိုက်တယ်။

ဟုတ်တယ်လေ. . . ကျေးရွာမှာနေ လယ်ကိုအနှစ်နှစ်ဆယ် ကျော်ကျော် လယ်ကိုပဲ လုပ်လာတဲ့သူက၊ လယ်ယာမြေဆိုတာ ဘာလဲ လို့မေးလာတော့၊ လူရွှင်တော်ကောင်းကောင်း တစ်ယောက်ရဲ့ ရယ်ဂရာ



www.burmeseclassic.com

www.burmeseclassic.com



ပြက်လုံး တစ်ခုထက်တောင် ရယ်စရာ ကောင်းမနေဘူးလား။

"ဘာရယ်တာလဲ ဆရာရဲ့၊ လယ်မြေဆို လယ်မြေပေါ့၊ ဆရာ ပြောပြောနေတာကစာသံပေသံပါပြီး လယ်ယာမြေဆိုတော့၊ ကျွန်တော်က မျက်စေ့လည်ပြီး ဘာများ ထူးခြားနေသလဲလို့ မေးကြည့်တာပါ ဆရာရဲ့၊ လူရယ်စရာကြီးတော့ဖြစ်နေမလားမသိဘူး"

သူလည်း သူဆင်ခြေနဲ့တော့ အမှန်သား။

"ဟုတ်တော့ ဟုတ်သားပဲ နော်ဘိုတိုး။ လယ်ယာမြေဆိုတော့ တာသံပေသံ ပါနေသလိုဘဲ၊ ကျွန်တော်ကလည်း ဥပဒေထဲကဖွင့်ဆိုထားတဲ့ အတိုင်း "လယ်ယာမြေ" ဆိုတဲ့စကားကို လယ်ယာမြေလို့ အလွယ်တကူ ပြောပြောမိနေတာကိုး"

"ဆရာ့ဥပဒေထဲက လယ်ယာမြေဆိုတဲ့ စကားကို ဘယ်လိုဖွင့်ဆိုထားလိုလဲ ဆရာရဲ့၊ အဲဒါကိုသိချင်လို့ မေးတာပါ"

"အော် ဒီလိုလား၊ ဒီတော့လည်း ကျွန်တော်သိသမျှ မျှဝေခံစား ရတာပေါ့"

ပြောပြောဆိုဆို ကျွန်တော်က ကျွန်တော့်ဘေးနားမှာ ထိုင်နေတဲ့ ကျွန်တော့်ကျူနီယာ ဒေါ်စိုးစိုးကြည်ဘက် လှည့်လိုက်ရပါတယ်။

"ကဲ ဒေါ်စိုးစိုးကြည်ရေ၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေစာအုပ်လေး ထုတ်ပါအုံးကွာ"

ဒေါ်စိုးစိုးကြည်က ဘီဒိုထဲက ကျွန်တော်ညွှန်းတဲ့ ဥပဒေစာအုပ်ကိုထုတ်ပါတယ်။

"ကဲ. . . အဲဒီဥပဒေထဲက ပုဒ်မ ၃ မှာ လယ်ယာမြေဆိုတာ ဘာကိုခေါ်တယ် ဆိုတာဖွင့်ဆိုထားတာရှိတယ်၊ အဲဒါလေး ဘိုတိုးကို ရှင်းပြပါအုံး"

"ဟုတ်ကဲ့ဆရာ အဲဒီမှာဖွင့်ဆိုထားတာက "လယ်ယာမြေ"ဆိုသည်မှာတဲ့၊ နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများနှင့်လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်





စိုက်ပျိုးမှု သို့မဟုတ် လယ်၊ ယာ၊ ကိုင်း၊ ကျွန်းဖြင့်အသက်မွေးမှုကိစ္စများအတွက်ဖြစ်စေ၊ လက်ရှိထားသည့် သို့မဟုတ် သာမန်လုပ်ကိုင်သည့် သို့မဟုတ် အငှားချထားပြီးဖြစ်သည့် မြေကိုဆိုလိုသည့် အပြင် ထိုစကားရပ်တွင် ထိုမြေပေါ်ရှိ လူနေအိမ်များနှင့် အခြားအဆောက်အအုံများတည်ရာမြေများလည်းပါဝင်သည် လို့ဆိုထားပါတယ် ဆရာ"

"ကဲရှင်းပလား ဘိုတိုး"

"ဥပဒေကတော့ တော်တော်ပြည့်ပြည့်စုံစုံကို ဖော်ပြထားတာဘဲနော်ဆရာ"

"ဟ. . . ဘိုတိုးရ ဥပဒေဆိုတာက ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရင်အဖက်ဖက်က ပြည့်ပြည့်စုံစုံ လေ့လာပြီတော့မှ ခိုင်မာတည့်တန့်အောင် ပညာရှင်တွေ ဝေဖန်သုံးသပ်ပြီးမှ ပြဋ္ဌာန်းကြတာမျိုးဗျ။ လယ်ယာမြေဆိုတာ အဲဒီမြေမျိုးတွေပါတယ်ပေါ့လို့ဆိုပြီး ပြဋ္ဌာန်းခဲ့တာ လွဲသေးလား"

"မလွဲတော့ပါဘူး ဆရာ"

"ကျန်ကောကျန်သေးလား"

"အတော်ပြည့်စုံပါတယ် ဆရာမကျန်လည်းမကျန်တော့ပါဘူး"

ဦးတိုးကြည် သဘောပေါက်သွားပုံရပါတယ်၊ ချိန်ဘာကလေးတွေလည်း မှတ်စုလိုက်ရေးနေကြပါတယ်။

တိတ်ဆိတ်နေတုန်း၊ ဘေးနားက ဒေါ်စိုးစိုးကြည် ဖောက်လာပြီး မေးလာပါတယ်။

"ဆရာ အခုခေတ်မှာ ၃(ခ)လျှောက်ထားမယ်ဆိုပြီး ရေပန်းစားနေပါတယ်၊ ရောင်းရင်ဝယ်ရင်လည်း ၃(ခ) ကျပြီးပြီလားနဲ့မေးကြမြန်းကြပါတယ်၊ အဲဒီအဓိပ္ပါယ်လေးပါ ပြည့်စုံသွားအောင် ပြောပါအုံးဆရာ"

"ဟုတ်တယ် ဒေါ်စိုးစိုးကြည့်ရဲ့၊ ဒါလည်းမင်းတို့ ဥပဒေသမားတွေ သိထားသင့်တဲ့ အချက်ပဲ၊ ခုနဘိုတိုးမေးတဲ့ လယ်ယာမြေဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းနဲ့ ဆက်စပ်ဖြေရရင် ပိုရှင်းသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရောက်တုန်း ဗဟုသုတအဖြစ် ပြောပါအုံး ဆရာ၊ ဒီတစ်ခါကျွန်တော် လက်ဘက်ရည်တိုက်ပါ့မယ်"

"လက်ဖက်ရည်သောက်နေ့တော့ ဘယ်ရမလဲဗျာ ဟဲ. . . ဟဲ"

"ဆရာ. . . ကြိုက်တာပြောပါဆရာ၊ ကျွန်တော်ကျွေးပါမယ်"

"အလကားပြောတာပါဗျာ၊ ကျွန်တော့်ခလေးတွေလည်း ပညာရအောင် အဲဒီ ၃(ခ)ဆိုတဲ့အကြောင်းကို ပြောပြပါ့မယ်"

"ဟုတ်ကဲ့ဆရာ"

ကျွန်တော့်ချိန်ဘာကလေးတွေကလည်း လိုက်မှတ်ဖို့ မှတ်စုစာအုပ်လေးတွေ အသင့်ပြင်ကြပါတယ်။

"စောစောက ကျွန်တော်ပြောပြခဲ့တဲ့ လယ်ယာမြေနဲ့ ပတ်သက်တဲ့ မြေတွေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တခြားနည်း လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်း မပြုရဘူးလို့ အဲဒီဥပဒေပုဒ်မ ၄ မှာ ပြဋ္ဌာန်းထားပါတယ်"

"အော်. . . အော်"

"ဒါကြောင့်မို့ လယ်ယာမြေကို လွှဲပြောင်းရောင်းချလို့ မရဘူး ဒေါ်စိုးစိုးကြည်ရဲ့ မင်းတို့ တရားဝင်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပြီး ရောင်းချလို့ မရဘူး၊ ဒါကြောင့်မို့ လွှဲပြောင်းရောင်းချတဲ့ မြေတစ်ခုဟာ လယ်ယာမြေထဲမှာ အကျုံးဝင်နေမယ်ဆိုရင်၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးက မှတ်ပုံတင် စာချုပ်ချုပ်ဆိုမပေးဘူး"

"ဟုတ်ကဲ့ဆရာ"

ဒါကြောင့် အရောင်းအဝယ်လုပ်တဲ့ မြေယာလယ်မြေဆိုတဲ့ အမျိုးအစားထဲမှာ မပါဝင်ပါဘူး၊ မြို့ ရွာအတွင်းတည်ရှိပြီး လူနေအိမ်ရာအဖြစ် လက်ခံအသုံးပြုထားသော မြေဖြစ်ပါတယ်ဆိုတဲ့ လက်မှတ်၊ လယ်ယာမြေ မဟုတ်ဘူးဆိုတဲ့ လက်မှတ်ရအောင်၊ သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှာ လျှောက်ထားရပါတယ်"

"အော် ဟုတ်ကဲ့ဆရာ"





ဒေါ်စိုးစိုးကြည်ရဲ့ ဖြေသံ. . .

"အေး အဲဒါက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃(ခ)မှာ အောက်ခြေနားမှာ ပြဋ္ဌာန်းထားတာပဲကွဲ၊ အဲဒီ အောက်ခြေကိုကြည့်လိုက်–

ဒေါ်စိုးစိုးကြည်က ဥပဒေစာအုပ်ကို ပြန်ကြည့်ပါတယ်။

"အော် ဟုတ်သားပဲ၊ ပုဒ်မ ၃(ခ)အောက်ခြေနားမှာ ဆိုထားတာက "မြို့ရွာအတွင်းတည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့် မြေမပါဝင်ချေ"လို့ ပြဋ္ဌာန်းထားပါတယ်ဆရာ"

"အေးလေ ဥပဒေကဆိုထားတာကရှင်းပါတယ်၊ မြို့တွေရွာတွေအတွင်းမှာ လူနေအိမ်ရာအဖြစ် အသုံးပြုထားတဲ့ လက်ရှိထားတဲ့မြေတွေ မပါဝင်ဘူးတဲ့၊ ဒါကြောင့်မို့ အဲဒီမြေတွေကို အလွှဲအပြောင်းအရောင်းအဝယ်လုပ်ချင်ရင်၊ လယ်မြေမဟုတ်ကြောင်း အသိအမှတ်ပြုပေးတဲ့ ၃(ခ) လက်မှတ်ရအောင် လျှောက်ထားရတာပေါ့"

"သဘောပေါက်ပါပြီဆရာ"

ဒေါ်စိုးစိုးကြည်ခုမှပဲ ၃(ခ)လက်မှတ်ဆိုတာဘာလဲဆိုတာ၊ သဘောပေါက်သွားပုံရပါတယ်။

"ကျွန်တော်လည်း သဘောပေါက်သွားပါပြီဆရာ"

ဦးတိုးကြည်ကပြောပါတယ်၊ နောက်သူကဆက်ပြီး –

"ကျွန်တော်လုပ်နေတဲ့ လယ်မြေတွေရော၊ ကျွန်တော့်တဲအောက်မှာ ရေကန်တူးပြီး စိုက်ထားတဲ့ဥယျာဉ်လေးရော၊ ကျွန်တော့်တဲကုန်းပါ လယ်ယာမြေထဲမှာပါတယ်ဆိုတာ ကောင်းကောင်း သဘောပေါက်သွားပါပြီဆရာ"

"အင်း ကောင်းတာပေါ့"

"လယ်ယာမြေနဲ့ ပတ်သက်တဲ့ ကိစ္စတွေက အတော်ကျယ်ပြန့်နက်နဲတာပဲနော် ဆရာ"

"ကျယ်ပြန့် နက်နဲသလို နူးလည်းနူးညံ့ သိမ်မွေ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘိုတိုး ရဲ့''

''ဟုတ်ပါတယ်ဆရာ၊ လယ်ယာမြေအကြောင်းကို လယ်ကိုယ်တိုင်လုပ်နေတဲ့ လယ်သမားတွေတောင် မသိဘူးဆိုတော့လည်း၊ စောစောကဆရာရယ်တာ အပြစ်မပြောတော့ပါဘူးဆရာ၊ သိဘို့ကလည်း တော်တော်လိုတာကိုး''

''ဒါပေါ့ ဘိုတိုးရယ်၊ တဖြည်းဖြည်းတော့ လေ့လာသွားရမှာပေါ့''

''ဟုတ်ကဲ့ဆရာ ခုလည်းတော်တော် ဗဟုသုတလေးရသင့်သလောက်ရပါတယ်၊ နောက်လည်းအချိန်ရရင် သိသင့်သိထိုက်တာလေးတွေ ပို့ချပါအုံးဆရာရယ်''

''အချိန်ရရင် ပြောကြတာပေါ့ ဘိုတိုးရယ်''

''ကိုယ်ဆရာ အချိန်လည်းအတော်နှောင်းနေပြီ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါအုံးဆရာ''


''ဟုတ်ကဲ့''

ဘိုတိုးက တစ်ရုံးလုံးကို နှုတ်ဆက်ပြီး ပြန်သွားပါတယ်။

လယ်ယာမြေနဲ့ ပတ်သက်ပြီး ဦးတိုးကြည်သာမက၊ ကျွန်တော်ရဲ့ ရုံးအဖွဲ့သားတွေကိုပါ ဖြန့်ဝေပြောကြားလိုက်ရတဲ့အတွက် ကျွန်တော်ပီတိဖြစ်မိပါတယ်။

ဒီလိုဘဲလေ ပညာဆိုတာ ဆရာအစဉ်အဆက်လက်ဆင့်ကမ်းသယ်ဆောင်ကြရတာဘဲမဟုတ်ပါလား. . .

¤ ကိုဇော်စံထိန်း(ဗိုလ်ချုပ်ရွာ)



www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသမီးများအားအကြမ်းဖက်မှု

ဆရာမလေး မထွေးထွေးမှု တောရွာမူလတန်းစာသင်ကျောင်းကလေးကနေ စာသင်ပြီး စက်ဘီးနဲ့ပြန်လာပါတယ်. . .

သူမစာသင်ရတဲ့ကျောင်းနဲ့ သူနေတဲ့မြို့က (၃) မိုင်လောက်ဝေးပါတယ်။

သူမအိမ်မှာက လူမမာ အဖေရယ်၊ အမေရယ်၊ မောင်လေးနှစ်ယောက်ရယ်ရှိပါတယ်၊ မောင်လေးတွေကလည်း ကျောင်းနေတုန်းဆိုတော့ အကြီးဆုံးဖြစ်တဲ့ မထွေးထွေးမှုအဝေးသင်နဲ့ဘွဲ့ရပြီး အလုပ်ထွက်လုပ်ရပါတယ်. . .

ပထမဆွဲခန့်မူလတန်းဆရာမလေးအဖြစ်အလုပ်ရပြီး၊ ဝေးလံတဲ့အရပ်မှာ နှစ်နှစ်အလုပ်တာဝန်သွားရောက်ထမ်းဆောင်ပြီးနောက်၊ သူနေတဲ့ မြို့ကလေးကို တာဝန်ပြန်ကျလာပါတယ်၊ ကျောင်းကတော့ တောရွာက ကျောင်းလေးမှာပေါ့. . .





မထွေးထွေးမှုဟာ ဆင်းရဲပေမဲ့၊ ရိုးသားတယ် သိက္ခာရှိတယ်၊ ဣန္ဒြေရှိတယ်၊ ဘဝအတွေ့အကြုံလေး ရလာတော့ ပိုပြီးတော့တောင် အေးငြိမ်းတည်ငြိမ်လာတယ်၊ အသက်ကငယ်ပေမဲ့ မိဘရဲ့တာဝန်ကို တဖက်တလမ်းက ရှန်းကန်ပြီး၊ ကျားကန်ထောက်ပံ့ ကူညီဖြေရှင်းနေတဲ့ ဘဝအသိရှိတယ်၊ ဒီတော့ရုပ်ရည်ကလည်း ပိုပြီးတင့်တယ်နေတယ်၊ ဆရာမဆိုတော့ ဘဝပေးတာဝန်အရလည်း ရိုးသားတည်ကြည်တယ်. . .

သူ့ခမျာကျောင်းနဲ့ အိမ်သုံးမိုင်ခရီးကျော်ကျော်ကို စက်ဘီးလေးနဲ့ အသွားအပြန် စားရိတ်ကုန်ကျနည်းစွာ ခြိုးခြံချွေတာပြီး၊ ဘဝကို ရှန်းကန် နေရှာသူလေး. . .

မထွေးထွေးမှုရဲ့ သိက္ခာရှိလာတဲ့အလှကို တဖက်သတ်သားရေကျနေသူက အဲ့ဒီရွာက တောသူဌေးသားခင်ငြိမ်း. . .

တစ်နေ့ထန်းရည်ဝိုင်းမှာ ခင်ငြိမ်းက သူ့အဖော်တင်ဖေ အောင်ဘုတို့နဲ့အတူ ကြိမ်းဝါးတယ်. . .

"ဟေ့ကောင်တွေ တစ်နေ့ကျရင် ဆရာမကို ငါပိုင်ရမယ်ကွာ၊ မင်းတို့ကြည့်ထား"

"ဟား. . . ဟား. . . ဟား"

အောင်ဘုတို့က ဝိုင်းရယ်တယ်။

"မင်းပဲ ခဏခဏ ဆရာမလေးကျောင်းက ပြန်ချိန်မှာ စကားလိုက်ပြောတာ ဘယ်နှစ်ခါရှိပြီးလဲ၊ ဟိုကသူ့အိမ်မှာ စီးပွားရေး အခြေအနေကြောင့် တတ်တဲ့ပညာနဲ့ လုပ်ကိုင်စားနေရပါတယ်တဲ့ ဒီကိစ္စတွေ မစဉ်းစားနိုင်သေးပါဘူးလို့ ပြောခဲ့တယ်ဆို"

တင်ဖေက လှောင်မေးမေးတယ်. . .

"အေးလေဟုတ်တယ်၊ သူကငါကိုမချစ်ဘူးလို့ ပြောတာမှ မဟုတ်ပဲ"

ခင်ငြိမ်းကပြန်ပြောတယ်၊ အာကတော့ လေးနေပြီ



www.burmeseclassic.com

www.burmeseclassic.com



"ဒါက မင်းကိုမဖြစ်နိုင်ဘူးလို့ ပြောတာပေါ့ကွ"

အောင်ဘုက ဝင်ထောက်တယ်. . .

"မဖြစ်တာကို ဖြစ်အောင်လုပ်ချင်တာက ငါ့ဝါသနာပဲ လေကွာ၊ ဒီရွာမှာ ငါဘာဖြစ်ချင်လည်း ဖြစ်အောင်လုပ်တတ်တယ်ဆိုတာ မင်းတို့တွေ အသိပဲမဟုတ်လား. . ."

ခင်ငြိမ်းက အာအတော်လေးနေပြီ။

"အေး. . ."

အေးလိုက်တဲ့ အောင်ဘုနဲ့ တင်ဖေအသံကလည်း လေးလေးတွဲတွဲ. . .

"အေး. . .ငါဒီလိုလုပ်မယ် မင်းတို့အဖော်လိုက်"

ခင်ငြိမ်းက စကားမပီတပီတိုးတိုးသူ့အကြံအစည်ကိုပြောပြတယ်၊ အောင်ဘုနဲ့တင်ဖေကလည်း နေ့တိုင်းထန်းရည်တိုက်တဲ့ ခင်ငြိမ်းရဲ့ ကျေးဇူးတွေကိုထောက်ထားပြီး၊ ခေါင်းတညိတ်ညိတ်နဲ့လိုက်နေတယ်. . .

"ဒါဆိုပိုင်ပြီပေါ့ကွ"

နောက်ဆုံးမှာ ခင်ငြိမ်းရဲ့ ကြေးကြော်သံက ထွက်လာတယ်။

◆ ◆ ◆

၁

တစ်နေ့ညနေ ဆရာမလေး မထွေးထွေးမူ ကျောင်းပြန်နောက်ကျနေခဲ့ရတယ်. . .

ကျောင်းမှာလည်း မိဘဆရာအသင်း အစည်းအဝေးရှိတော့ ကျောင်းပြန်ချိန် နောက်ကျရတယ်၊ အစည်းအဝေးကလည်း မပြီးနိုင်ဖူးလေ၊ သူတစ်ယောက်၊ ငါတစ်ပေါက်နဲ့ လေကြောကရှည်နေကြတာကိုး။





ကျောင်းက ထွက်လာတော့လဲ မှောင်စပျိုးနေပြီ။

ဆရာမလေး မထွေးထွေးမူကတော့ ပြန်နေကျလမ်းပဲလေ စက်ဘီးလေးကို သွက်သွက်လေးစီးပြီး ထွက်လာခဲ့တယ်. . .

လမ်းမှာ တောစပ်လေးနားရောက်တော့ ရှေ့က ဒယိမ်းဒယိုင်နဲ့ လူသုံးယောက် လမ်းကိုပိတ်ပြီး ရပ်ထားတယ်. . .

စက်ဘီးကိုရပ်ပေးလိုက်ရတယ်. . .

နှစ်ယောက်က စက်ဘီးကို ကိုင်ထားတယ်၊ တင်ဖေနဲ့ အောင်ဘု ခင်ငြိမ်းက ဆရာမထွေးထွေးမူ လက်ကိုဆွဲပြီး စက်ဘီးပေါ်က အတင်းဆွဲချတယ်. . .

"ခင်ငြိမ်း ဒါဘာလုပ်တာလဲ"

မထွေးထွေးမူက ခံပြင်းဒေါသစိတ်နဲ့ ပြောတယ်၊

"ဆရာမနဲ့ စကားနည်းနည်း ပြောချင်လို့ပါ"

"ပြောချင် ကျောင်းမှာလာပြော"

"လာပါ အေးအေးဆေးဆေး ပြောချင်လို့ပါ" ဆိုပြီး၊ တောတန်း ထဲကို အတင်းဆွဲခေါ်တယ်. . .

"နင်ခွေးကျင့်ခွေးကြံ"

မထွေးထွေးမူရဲ့ ပါးစပ်ကို လက်ကိုင်ပဝါတစ်ခုနဲ့ အုပ်လိုက်တယ်. . .

လမ်းမှာ လူကလည်းမရှိ၊ သူတို့ သုံးယောက်ပဲရှိတယ်. . .

ခင်ငြိမ်းဆွဲခေါ်ရာ တောစပ်အတွင်းကို တွန်းရင်း၊ ရုန်းရင်း ပါလာတယ်. . .

တအားကုန်ကြုံးပြီး အော်သော်လည်း မထွေးထွေးမူရဲ့ အသံထွက်မလာ၊ မျက်ရည်တွေက တဖြည်းဖြည်းများလာပြီး၊ မိုက်ခန်း ဖြစ်သွားတယ်. . .

လောကကြီးတစ်ခုလုံးကို မေ့သွားတယ်ခံစားလိုက်ရတယ်. . .

ကမ္ဘာကြီးပြိုပြီး သူကိုယ်တိုင်သိမ့်ခနဲ ဖောက်ထိုးကျသွားသလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရတယ်။

သတိမရတစ်ချက် ရတစ်ချက်မှာ သတိထားမိလိုက်တော့မှ သူကိုယ်တိုင် မြေကြီးပေါ်မှာ ပက်လက်ဖြစ်နေတယ်. . .

ရုတ်တရက်ထထိုင်ပြီး၊ ကိုယ်ပေါ်ကအဝတ်အစားတွေကို အရှက်ပြေအောင် ပြန်ဖုံးဖိလိုက်ရတယ်. . .

ဆံမြိတ်လည်းပြေ၊ ပန်းလည်းကြွေခဲ့ပြီပေါ့. . .

ဆရာမလေး မထွေးထွေးမူ တစ်ယောက်တည်း အားရအောင် ငိုချလိုက်မိတယ်. . .

ကံဆိုးမသွားရာ မိုးလိုက်ရွာသည့်နှယ်. . .

◆ ◆ ◆

၀

အဲဒီအမှုကို ညတွင်းချင်းပဲ၊ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းမှာ ဆရာမ မထွေးထွေးမူ အမှုဖွင့် တိုင်ကြားပါတယ်. . .

ချက်ချင်းပဲ၊ ရဲကတရားခံများကို ဖမ်းမိပါတယ်. . .

တရားခံတွေကတော့ ထုံးစံအတိုင်း ခင်ငြိမ်း၊ အောင်ဘုနဲ့၊ တင်ဖေပေါ့. . .

ဒီအမှုကို မြို့နယ် ရဲစခန်းက အမှုဖွင့်ပြီး လိုအပ်သည် များကို စုံစမ်းစစ်ဆေးတဲ့အခါမှာ တရားခံများရဲ့ ဖေါ်ထုတ်ချက်အရ မေ့ဆေးငွေ့ပုလင်း၊ မေ့ဆေးဆွတ်ထားပြီး ထွေးထွေးမူရဲ့ မျက်နှာကို အုပ်လိုက်တဲ့





လက်ကိုင်ပုဝါကိုပါ သိမ်းဆည်းရမိခဲ့ပါတယ်. . .

အဲဒီအမှုကို ရဲတပ်ဖွဲ့က တရားရုံးကို တရားစွဲ တင်ပို့ခဲ့ပါတယ်. . .

ငါလုပ်ချင်တာ ဖြစ်တယ်ဆိုတဲ့ တောသူဌေးသား ခင်ငြိမ်းနှင့် အပေါင်းပါတစ်သိုက် ဥပဒေရှေ့မှောက်ကို ရောက်လာခဲ့ရပါတော့တယ်. . .

◆ ◆ ◆

၀

ဒီအမှုမှာ တရားလိုရှေ့နေက သက်ဆိုင်ရာမြို့နယ် ဥပဒေအရာရှိရယ်၊ မြို့နယ်ဥပဒေအရာရှိနဲ့တွဲဖက်ပြီး ကျွန်တော်က လိုက်ပါဆောင်ရွက်ပါတယ်။

တရားရုံးမှာ အမှုစစ်တဲ့အခါကျတော့ အမှုကကွင်းဆက်မပြတ်တဲ့ သက်သေတွေရှိတယ်၊ ဖမ်းမိတဲ့သက်သေခံ ပစ္စည်းတွေကလည်း ခိုင်လုံတယ်၊ ဆေးစာကလည်း ထောက်ခံထွက်ဆိုလာတယ်၊ ဓါတုဗေဒ စစ်ဆေးတွေ့ရှိချက်မှာလည်း ပေါ်လွင်နေတယ်ဆိုတော့ တရားခံကို အပြစ်ပေးဖို့သာ ရှိပါတော့တယ်။

မြို့နယ်ကတရားရုံးက တရားခံခင်ငြိမ်းကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၃၆၆အရ ထောင်ဒဏ်(၂)နှစ်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–



www.burmeseclassic.com

www.burmeseclassic.com



၃၇၆အရ ထောင်ဒဏ်(၃)နှစ်၊ တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချပါတယ်။

တရားခံ အောင်ဘုနဲ့ တင်ဖေတို့ကို ပြစ်မှုဆိုင်ရာ၃၆၆/၁၁၄အရ ထောင်ဒဏ်(၁)နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပါတယ်။

မြို့နယ်တရားရုံးက ချတဲ့အမိန့်ကို မကျေနပ်လို့ မထွေးထွေးမူဘက်က တိုင်းတရားရုံးကို ပြင်ဆင်မှုတက်ခဲ့ပါတယ်။ တိုင်းတရားရုံးကလည်း မြို့နယ်တရားရုံးရဲ့ အမိန့်ကိုအတည်ပြုခဲ့ပါတယ်။

အမှုဆိုတာဒီလိုပါပဲ တရားလိုဘက်ကလည်းတရားခံ အပြစ်ရရာရကြောင်း ကြိုးစားကြသလို တရားခံဘက်ကလည်း လွတ်ရာလွတ်ကြောင်း၊ သက်သာရာရရာရကြောင်းကြိုးစားကြတာပေါ့။

ဒီနေရာမှာ မြို့နယ်တရားရုံးကချတဲ့ ဥပဒေပုဒ်မတွေရဲ့ သဘောကို အနည်းငယ် ရှင်းပြဖို့ လိုမယ်ထင်ပါတယ်။

တရားခံခင်ငြိမ်းကို အပြစ်ပေးတဲ့ ပြစ်မှု-၃၆၆၊ ဥပဒေမှာ ဆိုထားတာက. . .

မိန်းမကအလိုမတူဘဲ ထိုမိန်းမကို တရားခံတစ်ဦးတစ်ယောက်သောသူနှင့် ထိမ်းမြားပေးခြင်းငှာ အတင်းအဓမ္မအကြံနှင့်သော်၄င်း၊ ထိုသို့ အတင်းအဓမ္မပြုကျင့်ခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်၄င်း၊ အနိုင်အထက် ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ။ မတရားသဖြင့်ကာမစပ်ယှက်စေရန်သော်၄င်း၊ ထိုသို့ အနိုင်အထက်ပြုခြင်း သို့မဟုတ် ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်၄င်း၊ မည်သူမဆို မိန်းမတစ်ဦးတစ်ယောက်အားခိုးယူလျှင် သို့မဟုတ် သွေးဆောင်ဆွဲခေါ်လျှင် ထိုသူကိုဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်'' ဟု ပြဋ္ဌာန်းထားပါတယ်။

ဒီတော့ ခင်ငြိမ်းအပေါ် မြို့နယ်တရားရုံးက ပြစ်မှုပုဒ်မ-၃၆၆အရ ပေါ်ပေါက်ရဲ့သားနဲ့ ထောင်ဒဏ်(၂)နှစ်သာ ချထားတာဟာ





အလွန်နည်းနေတယ်လို့ ယူဆရပါတယ်။

တစ်ခါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၆အရ ထောင်ဒဏ်(၃)နှစ် တစ်ပေါင်းတည်းချထားပါတယ်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၆က ဖွင့်ဆိုထားတာက

"မုဒိမ်းမှု ကျူးလွန်သူကို၊ တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

ခင်ငြိမ်းကို ပြစ်မှုပုဒ်မ-၃၇၆အရ ထောင်ဒဏ်(၃)နှစ်သာ မြို့နယ်တရားရုံးက ချထားတယ်ဆိုတော့ ဆရာမလေး ထွေးထွေးမူဘက်က နစ်နာလှပါတယ်၊ ဘယ်ကျေနပ်နိုင်ပါ့မလဲ။

နောက်တစ်ခါ အမိန့်စာမှာ- တစ်ပေါင်းတည်းဆိုတဲ့ စကားလေးပါပါတယ်။

ဆိုလိုတာက ပြစ်မှုပုဒ်မ-၃၆၆အရ ထောင်ဒဏ်(၂)နှစ်ရယ်၊ ပုဒ်မ-၃၇၆အရ ထောင်ဒဏ်(၃)နှစ်ရယ် တစ်ပေါင်းတည်း ကျခံရမယ်ဆိုတော့၊ (၃)နှစ်ဘဲကျခံရမယ့်သဘောပါ။

သီးခြားစီကျခံရမယ် ဆိုရင်တော့ ပထမတစ်ခုက(၂)နှစ်၊ နောက်တစ်ခုက(၃)နှစ်ဆိုရင်၊(၅)နှစ် ပြစ်ဒဏ်ခံရမယ့် သဘောပေါ့။

ဒါလည်း မကျေနပ်စရာ။

ဒီလိုဘဲ တရားခံအောင်ဘုနှင့်တင်ဖေတို့လည်း ပြစ်မှုပုဒ်မ-၃၆၆/၁၁၄ အရ ပြစ်ဒဏ်ပေးထားပါတယ်။

ပြစ်မှုပုဒ်မ ၁၁၄ ဆိုတာက အားပေးကူညီမှုပါ၊ ဒီပုဒ်မက ဒီလိုပြဋ္ဌာန်းထားပါတယ်. . .

"သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ထိုက်သင့်သော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားပေးကူညီသော်လည်း၊ ထိုပြစ်မှုကို ကျူးလွန်ခြင်းမရှိ၊ ထိုအားပေးကူညီမှုအတွက်လည်း၊ ဤရာဇသတ်ကြီးအရပြစ်ဒဏ် အတိအလင်း ပြဋ္ဌာန်းထားခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိလျှင်ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။

ဒီတော့အောင်ဘုနဲ့တင်ဖေကို ထောင်ဒဏ်(၁)နှစ်သာအပြစ်ပေးထားတယ်ဆိုတော့ မထွေးထွေးမှုအတွက်မခံနိုင်စရာ ဖြစ်မနေဘူးလား။

တိုင်းတရားရုံးကိုပြင်ဆင်မှုတက်ပြန်တော့လည်း တိုင်းတရားရုံးက မြို့နယ်တရားရုံးရဲ့အမိန့်ကိုပဲ အတည်ပြုခဲ့တော့အားမလို အားမရဖြစ်စရာ အမှုကကြည့်လို့မကောင်းဖြစ်နေပါတယ်။

ထို့အတွက်နိုင်ငံတော်ကိုယ်စားရှေ့နေချုပ်ရုံးကပြစ်ဒဏ် တိုးမြှင့်ပေးရန်အတွက် နိုင်ငံတော်တရားရုံးချုပ်ကို ပြစ်မှုပြင်ဆင်မှုတင်သွင်းခဲ့ပါတယ်။

တရားရုံးချုပ်က အမှုကို နှစ်ဘက်ပြည့်စုံစွာကြားနာပြီး မူလမြို့နယ်တရားရုံးနဲ့ တိုင်းတရားရုံးရဲ့အမိန့်ကိုအောက်ပါအတိုင်း ပြင်ဆင်ချမှတ်ခဲ့ပါတယ်။

တရားခံခင်ငြိမ်းကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆ အရ အလုပ်နှင့်ထောင်ဒဏ်(၂)နှစ်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ အလုပ်နှင့်ထောင်ဒဏ်(၅)နှစ်ကျခံစေရန်နဲ့ တရားခံအောင်ဘုနဲ့တင်ဖေတို့ကိုပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ်(၂) နှစ်စီကျခံစေရန် တိုးမြှင့်အမိန့်ချမှတ်ခဲ့ပါသည်။

တရားခံ ခင်ငြိမ်းအနေနဲ့ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ပါတယ်။

တရားလို မထွေးထွေးမှုအနေနဲ့လည်း တရားရုံးချုပ်က ချမှတ်တဲ့ပြစ်ဒဏ်ကိုကျေနပ်စွာလက်ခံခဲ့ပါတယ်။

အဲဒီအမှုမှာ တရားရုံးချုပ်က အစီရင်သုံးသပ်ချမှတ်ခဲ့တာလေးဟာအတော်ကျေနပ်နှစ်သိမ့်စရာကောင်းပါတယ်။

တရားရုံးချုပ်က ဒီလို စီရင်သုံးသပ်ခဲ့ပါတယ်။

စိတ်ကူးသစ်စာပေ



"တရားခံတို့၏အပြုအမူသည် အမျိုးသမီးများကို အကြမ်းဖက်မှုဖြစ်ကြောင်း ထင်ရှားပေါ်လွင်သည်။ အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို အကာအကွယ်ပေးနိုင်ရန်အတွက် တရားရုံးများကလည်းဆောင်ရွက်ပေးရမည်။ မိမိဘဝစားဝတ်နေရေးအတွက် တစ်မြို့တစ်ရွာ မှလာရောက်အလုပ်လုပ်ကိုင်သူအမျိုးသမီးတစ်ဦးအား ကူညီရမည့်အစား တရားခံတို့က အဓမ္မအနိုင်ကျင့်ပြီး၊ ကာမစပ်ယှက်ခဲ့သည့်အတွက် တရားခံတို့အပေါ် ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်ရန်လိုသည်"

ဟု သုံးသပ်ပြီးအပြစ်ပေးခဲ့ခြင်းဖြစ်ပါသည်။

တောသူဌေးသားလည်း ဥပဒေရဲ့ရှေ့မှောက်မှာ ထိုက်သင့်တဲ့ပြစ်ဒဏ်ခံစားသွားရပါတယ်။

ဒါကြောင့်အများပြည်သူသိအောင်ပြောချင်တာက အမျိုးသမီးများရဲ့ဘဝလုံခြုံရေးအတွက် အကြမ်းဖက်မှုများကို တရားရုံးက ကာကွယ်ပေးနေပါတယ်လို့. . .

⌑ ကိုယောင်းထိန်း(ဗိုလ်ချုပ်ရွာ)

BURMESE CLASSIC .com

www.burmeseclassic.com